မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၄၃)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မကြာမီကာလအတွင်း ဩစတြေးလျှနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျှနိုင်ငံဝန်ကြီးချုပ် မစ္စတာ တိုနီအဘော့၏ ဖိတ်ကြားချက်အရ ဩစတြေးလျှနိုင်ငံ ကွင်းစလန်ပြည်နယ် ဘရစ္စဘိန်းမြို့၌ကျင်းပမည့် G-20 ထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဥက္ကဋ္ဌအဖြစ်တက်ရောက်ရန် မကြာမီကာလအတွင်း ဩစတြေးလျှနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနရန်ဒရာမိုဒီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦး၊ ဦးရဲထွဋ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်အတူ အိန္ဒိယသံအမတ်ကြီး မစ္စတာ ရှရီဂေါ်တမ်မွတ်ခိုပတ်ဒရားနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်နှင့်သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နေရောင်ခြည်စွမ်းအင်ဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိသည့် ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် တစ်ခုတည်းသော မိတ္ထီလာလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၌ လေဆိပ်စီမံခန့်ခွဲရေး ဘွဲ့လွန်ဒီပလိုမာသင်တန်းအသစ် ဖွင့်လှစ်သင်ကြားပြီ

သတင်း-တင်လှိုင်(မိတ္ထီလာ)

မြန်မာနိုင်ငံအစိုးရက လေကြောင်း ပို့ဆောင်ရေးတွင် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် လေကြောင်းလိုင်းသစ်များ တိုးချဲ့ပျံသန်းပြေးဆွဲလာသည့်နည်းတူ ပြည်တွင်းလေဆိပ်အချို့ကို ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်နေသည်။ ဤကဲ့သို့ လေဆိပ်များဖွံ့ဖြိုးတိုးတက်ရေး စီစဉ်ဆောင်ရွက်နေသည့်အချိန်တွင် ခေတ်စနစ်နှင့်အညီ မိတ္ထီလာမြို့ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၌ လေဆိပ်စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းကိုလည်း စတင်သင်ကြားပေးနေသည်။

လေဆိပ်လုပ်ငန်းဆောင်ရွက်မှု အပိုင်း၊ AIRPOST OPERATION အတွက် အပြည်ပြည်ဆိုင်ရာ မြို့ပြ လေကြောင်းအဖွဲ့ချုပ်၏ သတ်မှတ်ချက်များနှင့်အညီ လိုအပ်သည့် သင်တန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိသည့် မိတ္ထီလာမြို့ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၌ စတင်သင်တန်း ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။ လေဆိပ်တစ်ခု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် PROCEDURE ကို နားလည်ကျွမ်းကျင်ရန်နှင့်စီမံခန့်ခွဲမှုဆိုင်ရာ CONCEPTUAL THINKING ကိုပါ တတ်ကျွမ်းနားလည်လျှင် ပိုကောင်းမည်ဖြစ်သည်။ လေဆိပ်တစ်ခု၏ တိုးတက်မှုသည် တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းအားကြီးမားသော အကျိုးသက်ရောက်မှု

စာမျက်နှာ ၁၁ ကော်လံ ၄ ●

ယနေ့ ⟷ မာတိကာ

အမေရိကန်သမ္မတဟောင်း ဗီနီယာဘုရှ် ဘာလင်တံတိုင်းပြိုချခြင်းဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်လက်ခံရရှိ

စာမျက်နှာ - ၄

မဟာပုဒ္ဓဝင်လေးတော်တင်ခန်း ဇာတ်တော်ကြီးနှင့် ပဒေသာကပွဲ တင်ဆက်ကပြမည်

စာမျက်နှာ - ၁၁

အာဆီယံအထူးအချုပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် အာဆီယံအထူး အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့"

- အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခဲမိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀)၊ တက္ကသိုလ်လိုင်းသာလမ်းသစ်၊ ကုတ္တိုန်း၊ မီးပွိုင့်အနီး၊ ဟေန်ရီမြန်းယမ်း Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - သမ္ဘာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်၊ Ph: 09-254346475, 01-8500492
Show Room(3) - အမှတ်(၂၂၆၊ ၁၆)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ဘာတာမှတ်တိုင်နှင့်ဈေးကျော်မှတ်တိုင်ကြား)၊ Ph: 09-254342979
Mandalay - အမှတ်(၄၁၃)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မန္တလေးမြို့ Ph: 09-795594006, 09-795594008

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပူးပေါင်းဆောင်ရွက်မှုနှင့် ရလဒ်ကောင်းများ

ယနေ့ကမ္ဘာကြီးသည် အာရှ၊ အာဖရိက၊ ဥရောပနှင့် အမေရိကစသည်ဖြင့် ကမ္ဘာတိုက်ကြီးများအလိုက် သမဂ္ဂများ ထူထောင်လျက် ဒေသအရေး၊ ကမ္ဘာ့အရေးဆောင်ရွက်နေသကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများ ထူထောင်ချိတ်ဆက်မှုများနှင့်အတူ ဒေသတွင်းစီးပွားရေး၊ လုံခြုံရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး အစရှိသဖြင့် လွှမ်းခြုံဆောင်ရွက်နေချိန်ဖြစ်ပါသည်။ မျက်မှောက်ခေတ်သည် တစ်နိုင်ငံတည်း ရပ်တည်ဆောင်ရွက်သည့်ခေတ်မဟုတ်တော့ဘဲ နိုင်ငံများစုပေါင်းကြိုးပမ်းမှုများဖြင့်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နေသည့် ခေတ်ကာလပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ အာဆီယံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါတိုးတက်နိုင်ရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည်။ အာဆီယံသည် ၂၀၁၅ ခုနှစ် အကုန်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကိုထူထောင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်ခုတည်းသောဈေးကွက်နှင့် တစ်ခုတည်းသော ကုန်ထုတ်လုပ်မှုအခြေခံထူထောင်ရန် ချမှတ်ထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လုပ်မှုရေးကော်မရှင်နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဤကော်မရှင်က ဒေသတွင်းဆက်နွယ်ဆောင်ရွက်မှုအတွက် မဏ္ဍိုင်ဖြစ်သော အဓိကဒေသကွန်ရက်လေးခုကို သတ်မှတ်ထားပါသည်။ ယင်းတို့သည်ကား ကုန်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ စွမ်းအင်အခြေခံအဆောက်အအုံနှင့် ပြည်သူအချင်းချင်းဆက်သွယ်ဆက်ဆံခြင်းကွန်ရက်များ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဤသို့ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုကြောင့် ရလဒ်ကောင်းများစွာဖြင့် တိုးတက်လျက်ရှိပါသည်။ ဒေသတွင်းအဆင့်တွင် မြန်မာနိုင်ငံသည် အာရှအဝေးပြေးလမ်းနှင့် အာရှဖြတ်ရထားလမ်းကွန်ရက်နှစ်ခုလုံး၏ အဓိကအစိတ်အပိုင်းဖြစ်လာမည်ဖြစ်ပါသည်။ ဒေသခွဲအဆင့်တွင်လည်း မြန်မာနိုင်ငံသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းနှင့် အာဆီယံမဲခေါင်မြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာဖိုရမ်၊ မဲခေါင်-ဂင်္ဂါပူးပေါင်းဆောင်ရွက်မှုနှင့် မဟာမဲခေါင်ဒေသခွဲအုပ်စုများ၏ သယ်ယူပို့ဆောင်ရေးဆက်သွယ်မှုအစီအစဉ်များကဲ့သို့သော ဒေသခွဲအတွင်းကွန်ရက်များ၏ အစိတ်အပိုင်းလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် တောင်နှင့်အရှေ့တောင်အာရှဒေသနှစ်ခုစလုံးအတွက် ကြီးမားသည့်အကျိုးရလဒ်များကိုရရှိစေမည့် ထိရောက်သော ပေါင်းကူးတံတားအဖြစ်လည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

ဤသို့ဒေသတွင်းနှင့် ဒေသခွဲအတွင်းပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ဆက်သွယ်ရေးနည်းပညာ၊ လမ်းပန်းဆက်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးအစရှိသဖြင့် ရလဒ်ကောင်းများစွာ ပေါ်ထွန်းလာမှုနှင့်အတူ ဘက်ပေါင်းစုံမှ တိုးတက်လာတော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးစစ်ဆေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံတွင် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပစဉ်ကာလအတွင်း လုံခြုံရေးအပြည့်အဝရရှိစေရန် အဖျက်အမှောင့်သမားများက နှောင့်ယှက်ဖျက်ဆီးမှုများမပြုလုပ်နိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း အထူးယာဉ်စစ်/ပိတ်ဆို့မှုများပြုလုပ်ကာ လုံခြုံရေးစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

စစ်ဆေးဆောင်ရွက်

ထိုသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း အထူးယာဉ်စစ်ပိတ်ဆို့မှုများပြုလုပ်ကာ လုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ချက်များအရ နိုဝင်ဘာ ၈ ရက် ည ၁၀ နာရီမှ နိုဝင်ဘာ ၉ရက် နံနက် ၁ နာရီခွဲထိ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ဖူဆန်ဘုံကျောင်းရှေ့တွင် လည်းကောင်း၊ စမ်းချောင်းမြို့နယ် ဗားကရာလမ်း မီးသတ်စခန်းရှေ့တွင် လည်းကောင်း၊ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် သထုံလမ်းဆုံတွင် လည်းကောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများကဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင်များ၊ ရဝ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့တို့မှ အထူးယာဉ်စစ်/ပိတ်ဆို့မှုများပြုလုပ်ကာ လုံခြုံရေးစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

တင်လှမောင်

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဘင်မင်းအား ယနေ့ ၇ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဟိုတယ်မက်စ်၌ လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လယ်ဝေးမြို့နယ် အထက(၂)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

လယ်ဝေး နိုဝင်ဘာ ၁၁

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးဆက်နှင့်ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများနေ့ချင်းပြီး One Stop Service စနစ်ဖြင့် နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီနယ်မြေ ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်လွင်၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးကံညွှန့်၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်လွင်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက် ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အရေးကြီးပုံ၊ မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားကဲ့ပြားပုံ များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူတစ်ဦးချင်းလက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ကွတ်ခိုင်၌ နိုင်ငံသားကတ်ပြားလုပ်

ကွတ်ခိုင် နိုဝင်ဘာ ၁၁

တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်လုပ်ပေးရေး လုပ်ငန်းစီမံချက် မိုးပွင့်အဆင့်(၇) အဖြစ် ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဇော်(ဦးစီးအရာရှိ)နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၀ ရက်က ဖတ်ယိုင်းပြိန်းဟွယ်ကျေးရွာအုပ်စုသို့ ကွင်းဆင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အများဆုံး ဖြစ်နေသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းအဖြစ် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ လိုအပ်ချက်နှင့် ကိုက်ညီသော အင်ဂျင်နီယာပညာနှင့် နည်းပညာသင်တန်းများဖွင့်လှစ်ပြီး ကျွမ်းကျင်၍ အရည်အချင်းပြည့်ဝသော အင်ဂျင်နီယာများနှင့်ကျွမ်းကျင်ပညာရှင်များမွေးထုတ်ရန် အဓိကအရေးကြီးသကဲ့သို့ အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများနှင့် နည်းပညာရှင်များ ပေါ်ထွက်လာရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လည်း အထူးပင် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့်အတွက် နိုင်ငံ့ပတ်ဝန်းကျင်တွင်ကြီးမားသည့် စီးပွားရေးစျေးကွက်များစွာရှိနေပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများထဲ၌ သဘာဝအရင်းအမြစ်များကြွယ်ဝပြီး လုပ်သားအင်အားအပြည့်အဝရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နည်းပညာ၊ အရင်းအနှီးနှင့်လူသားစွမ်းရည် အရင်းအမြစ်များ အဓိကလိုအပ်လျက်ရှိပါကြောင်း။

အရင်းအနှီးနှင့် နည်းပညာများ ရရှိအောင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ပါကြောင်း၊ လူသားစွမ်းရည် အရင်းအမြစ်များ ရရှိရန်အတွက် လေ့ကျင့်ပျိုးထောင်ရာတွင် ပညာရေးသည်အဓိကကျသဖြင့် အခြေခံပညာမှစ၍ အဆင့်မြင့်ပညာများကို မြှင့်တင်ရန် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်နေသည့်အတွက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏နည်းပညာအတွေ့အကြုံများကိုလည်း မျှဝေဝေလိုပါကြောင်း။

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်အနေဖြင့် အာဆီယံအင်ဂျင်နီယာအသင်းဝင်နိုင်ငံများမှ အင်ဂျင်နီယာများနှင့် ဆက်သွယ်၍ နည်းပညာဖလှယ်ခြင်း၊ အာဆီယံနိုင်ငံများ၏ သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ နည်းပညာများဖြင့် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးနေခြင်းများကို တွေ့မြင်ရသည့်အတွက် မျှားစွာ ဝမ်းမြောက်မိပါကြောင်း။

ယနေ့ချီးမြှင့်သည့် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ အမြင့်ဆုံးဖြစ်သော ဂုဏ်ထူးဆောင်နာယကဘွဲ့တံဆိပ်ကို မိမိအနေဖြင့် တန်ဖိုးထား ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော် တည်ဆောက်ရေးတွင် အထောက်အကူဖြစ်စေမည့် ခွန်အားတစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပြီး အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နေ့လယ်စာဖြင့် တည်ခင်းကျွေးခဲ့သည်။

(သတင်းစဉ်)

ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံဆက်ဆံရေးအခြေအနေဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၁

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာဗီဗျေနမ်ဘီးယားအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညီခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာဗီဗျေနမ်ဘီးယားနှင့် အတူ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံဆက်ဆံရေးအခြေအနေနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာဗီဗျေနမ်ဘီးယားတို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆုအရည်အချင်းစစ်စာမေးပွဲဖြေဆိုမည့်သူများနှင့်ပတ်သက်၍ ဝက်ဘ်ဆိုက်များတွင်လှှင့်တင်ထား

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲဖြေဆိုမည့်သူများ၏ ခုံအမှတ်၊ စာစစ်ဌာန၊ ဖြေဆိုရမည့်ရက်စွဲနှင့် အချိန်စာရင်းတို့ကို ပညာရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက် (www.myanmar-education-edu.mm) နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက် (www.moi.gov.mm)တို့တွင်ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက ပညာရေးဝန်ကြီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၉-၈၆၁၈၇၉၇၊ ၀၉-၃၃၂၁၈၀၈၅၊ ၀၉-၃၃၂၁၈၀၈၇၊ ၀၉-၃၃၄၁၈၀၉၅၊ ၀၇၁-၂၃၆၂၈၊ ၀၉-၂၅၀၇၈၇၄၀၅ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

စာစစ်ဌာနပြောင်းလဲလျှောက်ထားလိုသူများအနေဖြင့် ၂၁-၁၁-၂၀၁၄ ရက်နေ့ ညနေ ၃ နာရီနောက်ဆုံးထားပြီး (၁) ဖြေဆိုသူအမည်၊ (၂) ခုံအမှတ်၊ (၃) နိုင်ငံသားမှတ်ပုံတင်အမှတ်၊ (၄) မွေးသက္ကရာဇ်၊ (၅) မူလစာစစ်ဌာန၊ (၆) ပြောင်းလဲဖြေဆိုလိုသည့်ဌာန စသည့်အချက်အလက်များကို eiei.mon@mm.britishcouncil.org သို့ပေးပို့ရပါမည်။

စုံစမ်းမေးမြန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ဖုန်း-၀၁-၂၉၁၅၆၆၊ ၀၉-၅၁၁၅၅၃၃၄၊ ၀၉-၈၆၁၈၇၉၇၊ ၀၉-၃၃၂၁၈၀၈၅၊ ၀၉-၆၅၀၂၂၁၅၊ ၀၉-၂၅၉၀၁၉၈၁၇၊ ၀၉-၅၅ ၂ ၁ ၈ ၃ ၅ ၊ ၀ ၉ - ၃ ၃ ၄ ၁ ၈ ၀ ၉ ၅ ၊ ၀ ၇ ၁ - ၂ ၃ ၆ ၂ ၈ ၊ ၀ ၉ - ၂ ၅ ၀ ၇ ၈ ၇ ၄ ၀ ၅ တို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အေပက်နိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ထိပ်သီးအစည်းအဝေး၌ တရုတ်သမ္မတတိုက်တွန်း

ပေကျင်း နိုဝင်ဘာ ၁၁

ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို နှိုးဆွပေးရေးအတွက် အာရှ-ပစိဖိတ်နိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်သွားရန် တရုတ်ခေါင်းဆောင် ရှီကျင့်ဖျင်က တိုက်တွန်းလိုက်သည်။

အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) ထိပ်သီးအစည်းအဝေး ဒုတိယနေ့တွင် ၂၁ နိုင်ငံမှ ခေါင်းဆောင်များအား တရုတ်သမ္မတက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ ယင်းတို့သည် ကုန်သွယ်ရေးနှင့်ဒေသဆိုင်ရာ အကျင့်ပျက်ခြစားမှုများ တိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး အဓိကထားဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ရသည်။

တနလင်္ဂနေ့က ဂျပန်နှင့်တရုတ်ခေါင်းဆောင်များသည် အဆိုပါထိပ်သီးအစည်းအဝေးပြင်ပ၌ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အာရှအင်အားကြီးနှစ်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်အတွင်း ကျွန်းပိုင်နက်အငြင်းပွားမှုကြောင့် တင်းမာမှုများဖြစ်ပွားခဲ့ရသည်။

အဆိုပါတွေ့ဆုံမှုအပေါ် အမေရိကန်က ကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံအကြား အငြင်းပွားမှုများလျော့ကျသွားနိုင်သည့် အခွင့်အလမ်းဖြစ်ပါကြောင်း အမေရိကန်ဒုတိယအမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ဘင်ဟိုဒက်ကပြောသည်။

မစ္စတာရှီက အင်္ဂါနေ့တွင် အာရှ-ပစိဖိတ်ဒေသလွတ်လပ်သောကုန်သွယ်ရေးဒေသ (FTAAP)ဟု ခေါ်ဆိုသော လွတ်လပ်သောကုန်သွယ်ရေးမူဘောင်တစ်ရပ်ချမှတ်သွားရန် တိုက်တွန်းလိုက်သည်။ လက်ရှိအခြေအနေတွင် ကမ္ဘာ့စီးပွားရေးသည် ပြန်လည်ကောင်းမွန်လာသော်လည်း မသေချာမရေရာမှုများရှိနေဆဲဖြစ်ကြောင်း တရုတ်ခေါင်းဆောင်က ပြောသည်။

(ဘီဘီစီ)

ပျောက်ဆုံးအလောင်းများကိုရှာဖွေရေးပြုလုပ်နေသည့်လုပ်ငန်းများ ရပ်ဆိုင်းမည်ဟု တောင်ကိုရီးယားအာဏာပိုင်များကကြေညာ

ဆိုးလ် နိုဝင်ဘာ ၁၁

ပြီးခဲ့သည့် ခုနစ်လက ကူးတို့ယာဉ်နစ်မြုပ်မှု၌ ပျောက်ဆုံးနေသော အလောင်းများကို ရှာဖွေရေးပြုလုပ်နေသည့် လုပ်ငန်းများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယား အာဏာပိုင်များက ဆိုသည်။

အဆိုပါရှာဖွေရေးလုပ်ငန်းများကို ရပ်ဆိုင်းရန်ဆုံးဖြတ်ချက်ကို ပျောက်ဆုံးရာတွင် ကျန်ရှိနေသော ခရီးသည်ကိုးဦး၏ မိသားစုဝင်များက သဘောတူခဲ့ကြောင်း၊ ကျန်ရှိနေသော ခရီးသည်များ၏ ရုပ်အလောင်းများကို ရေငုပ်သမားများက ရှာဖွေခြင်း မပြုနိုင်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်း ရေကြောင်းသွားလာမှုဆိုင်ရာဝန်ကြီးလီက ပြောခဲ့သည်။

တောင်ကိုရီးယား အစိုးရသည် နည်းလမ်းမျိုးစုံအသုံးပြု၍ ပျောက်ဆုံးနေသူများကိုရှာဖွေပြီး ၎င်းတို့၏ မိသားစုဝင်များထံ ပြန်ပေးရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ဘဲ အခက်အခဲများစွာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါ ရှာဖွေရေးပြုလုပ်နေသောနေရာသည် ပြင်းထန်သော ရေစီးကြောင်းများရှိသည့် ဧရိယာအတွင်းတည်ရှိနေရာ ဆောင်းရာသီ ဝင်ရောက်လာပြီး ရှာဖွေရေးပြုလုပ်နေသည့် ရေငုပ်သမားများအတွက် အန္တရာယ်များလွန်းလှသည်ဟု ဆိုသည်။

အဆိုပါ ကြေညာချက်ကို သင်္ဘောဝန်ထမ်းများ၏ ပေါ့ဆမှုနှင့် ဘေးအန္တရာယ်ကြိုရချိန်တွင် ခရီးသည်များကိုစွန့်ပစ်ခဲ့မှုအတွက် ၎င်းတို့ကို တရားစွဲဆိုထားမှုအပေါ် Gwangju မြို့ တရားရုံးက အဆုံးအဖြတ်ချမှတ်ခြင်းမပြုမီ နာရီပိုင်းအတွင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သင်္ဘောကပ္ပတိန်ကို သေဒဏ်ပေးရန်နှင့် အခြားသင်္ဘောသားသုံးဦးကို ထောင်ဒဏ်များချမှတ်ရန် ရှေ့နေများက တောင်းဆိုခဲ့သည်။

ခရီးသည် ၄၇၆ ဦးပါ အဆိုပါကူးတို့ယာဉ်သည် တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ကမ်းလွန်ပင်လယ်ပြင်၌ ဧပြီ ၁၆ ရက်က နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းခရီးသည်များအနက် ၃၂၅ ဦးမှာ အထက်တန်းကျောင်းသားများဖြစ်ကြသည်။ ယင်းနစ်မြုပ်မှု၌ ၁၇၂ ဦးကိုသာ ကယ်တင်နိုင်ခဲ့သည်။

(ပရက်စ်တီဗီ)

အမေရိကန်သမ္မတဟောင်းစီနီယာဘုရှ် ဘာလင်တံတိုင်းဖြိုချခြင်းဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်လက်ခံရရှိ

ဘော်စတွန် နိုဝင်ဘာ ၁၁

အမေရိကန် သမ္မတဟောင်း ဂျော့ခ်ျအိတ်ချ် ဒဗလျူဘုရှ်သည် ဘာလင်တံတိုင်းဖြိုချခြင်း (၂၅)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် တနလင်္ဂနေ့က တက္ကဆက်ပြည်နယ်၌ပြုလုပ်သည့် အခမ်းအနားတွင် ဥရောပပါလီမန်ထံမှ ဂုဏ်ပြုဆုတံဆိပ်လက်ခံရရှိသည်ဟု သတင်းများတွင် ဖော်ပြသည်။

စီနီယာဘုရှ်သည် တက္ကဆက် A&M တက္ကသိုလ်၌ ကျင်းပသည့် ဘာလင်တံတိုင်းဖြိုချခြင်း နှစ်ပတ်လည်အခမ်းအနားတွင် ရောဘတ်စချူး မင်းဆုတံဆိပ်ချီးမြှင့်ခြင်းခံရရာ ယင်းဆုတံဆိပ်ကို လက်ခံရရှိသည့် ပထမဆုံး အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်လာသည်ဟု သိရသည်။

ပြင်သစ်နန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်သူ ရောဘတ်စချူးမင်း၏နာမည်ဖြင့် မှည့်ခေါ်သော အဆိုပါဂုဏ်ပြုတံဆိပ်ကို ဗြိတိန်ချမ်းရေးနှင့်လူ့အခွင့်အရေး မြှင့်တင်ပေးသည့် ကမ္ဘာ့ခေါင်းဆောင်များအား အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၈၆ ခုနှစ်တွင် စတင်ချီးမြှင့်ခြင်းဖြစ်သည်။

၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ သက်တမ်းတစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သည့် ၄၁ ဦးမြောက် အမေရိကန်သမ္မတစီနီယာဘုရှ်သည် ၁၉၈၉ ခုနှစ်က ဘာလင်တံတိုင်းဖြိုချချိန်တွင် သမ္မတတာဝန်ထမ်းဆောင်နေခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

ပါကစ္စတန်စစ်သွေးကြွများ ISIL အုပ်စုနှင့် ဆက်သွယ်မှုပြုလုပ်နေ

ကရာချီ နိုဝင်ဘာ ၁၁

ပါကစ္စတန်အနောက်ပိုင်း မျိုးနွယ်စုဒေသများရှိ စစ်သွေးကြွများသည် ISILတက်ဖီရိအုပ်စုနှင့် ဆက်သွယ်မှုများရှိနေကြောင်း ပရက်စ်တီဗီသတင်းတွင် ဖော်ပြခဲ့သည်။ ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့်ဇွန်လက မြောက်ဝါဇီရစ္စတန်မျိုးနွယ်စုဒေသရှိ စစ်သွေးကြွများကို ရှင်းလင်းရန် စစ်ဆင်ရေးများပြုလုပ်ခဲ့သည်။

ပါကစ္စတန် တာလီဘန်အုပ်စု၏ မျှားစွာသောတပ်မှူးများသည် ISILတို့နှင့် ဆက်သွယ်နေကြောင်း၊ ထို့အပြင် ISILတို့သည် ပက်ရှ်ဝါ၊ လာဟိုးနှင့်အိန္ဒိယထိန်းချုပ်ခံ ကက်ရှ်မီးယားဒေသတို့၌ လက်ကမ်းစာစောင်များ ဝေဌနေကြောင်း အစ္စလမ္မာဘတ်မြို့ရှိ တက္ကသိုလ်တစ်ခု၏ ပါမောက္ခတစ်ဦးက ပရက်စ်တီဗီသို့ ပြောခဲ့သည်။

ISILတို့သည် ပါကစ္စတန်အစိုးရတပ်ဖွဲ့ကို ဆန့်ကျင်မှုပြုလုပ်မည့် မဟာဗျူဟာအစီအစဉ်ကို လုပ်ဆောင်ရန် လူ ၁၀ ဦးပါအဖွဲ့ကို ဖွဲ့စည်းထားသည်ဆိုသော ထိပ်တန်းလျှို့ဝှက်သတင်းကို အာဖဂန်နယ်စပ်အနီး ဘာလူချီစတန်ပြည်နယ်အစိုးရက ပေးပို့ခဲ့သည်။

(ပရက်စ်တီဗီ)

အိန္ဒိယ၌ အမျိုးသမီးရှစ်ဦး သားကြောဖြတ်ခွဲစိတ်အပြီးသေဆုံး ခြောက်နာရီအတွင်း အမျိုးသမီး ၈၃ ဦးအား ခွဲစိတ်ခဲ့ဟုဆို

နယူးဒေလီ နိုဝင်ဘာ ၁၁

အိန္ဒိယနိုင်ငံ ချာဟက်တစ်ဂါးပြည်နယ်အလယ်ပိုင်း အစိုးရကဖွဲ့စည်းပေးထားသော ကျန်းမာရေးစခန်းတစ်ခု၌ အမျိုးသမီးရှစ်ဦး သားကြောဖြတ်ခွဲစိတ်မှုပြုလုပ်ပြီးနောက် သေဆုံးသွားခဲ့သည်။

အခြားအမျိုးသမီး ၃၀ ကို ဆေးရုံတင်ပို့ထားရပြီး အချို့မှာစိုးရိမ်ရသော အနေအထားဖြစ်ကြောင်း ဆရာဝန်များက ပြောသည်။ အဆိုပါခွဲစိတ်ကုသမှုကို စနေနေ့က အမျိုးသမီး ၈၃ ဦးအား ဘီလာစပါးခရိုင် ရင်ဒါရီကျေးရွာ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တာဝန်ရှိသူများက ခွဲစိတ်မှုများအပေါ် ပေါ့ဆခဲ့ခြင်းကို ငြင်းဆိုထားသည်။ သို့သော်လည်း ရွာခံများက ခွဲစိတ်ကုသမှုများသည် ပြီးစလွယ်ပြုလုပ်ခဲ့သည်ဟု စွပ်စွဲထားသည်။

အဆိုပါအမျိုးသမီး ၈၃ ဦးကို ခွဲစိတ်ဆရာဝန်တစ်ဦးတည်းက ၄၄း၏ လက်ထောက်နှင့်အတူ ခြောက်နာရီ အချိန်မျှဖြင့် ခွဲစိတ်ခဲ့သည်ဟု ကျေးရွာသားများက ဆိုထားသည်။

ပြည်နယ်အစိုးရက အဆိုပါဖြစ်စဉ်ဖြစ်ရပ်နှင့်ပတ်သက်၍ အဖြစ်မှန်ပေါ်ပေါက်ရေး အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပေးရန် အမိန့်ထုတ်ပြန်လိုက်သည်။ "ကျွန်တော်တို့အနေနဲ့ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး အမြန်ဆုံးစစ်ဆေးအရေးယူသွားမှာ ဖြစ်ပါတယ်"ဟု ပြည်နယ်ကျန်းမာရေးဝန်ကြီး အမာအက်ဂရာဝေါက ပြောသည်။

အိန္ဒိယနိုင်ငံတွင် ယင်းကဲ့သို့ဖြစ်စဉ်မှာ ပထမဆုံးအကြိမ် မဟုတ်ဘဲ ၂၀၁၂ ခုနှစ် ဇန်နဝါရီလကလည်း အမျိုးသမီး ၅၃ ဦးကို နှစ်နာရီဖြင့် ခွဲစိတ်ခဲ့သည့်အတွက် ဘီဟာပြည်နယ်၌ အမျိုးသားသုံးဦးအား ဖမ်းဆီးလိုက်ပြီး အဆိုပါအမျိုးသားများသည် မေ့ဆေး၊ ထုံဆေးမသုံးဘဲ ခွဲစိတ်ခဲ့သည်ဟု ဆိုသည်။

(ဘီဘီစီ)

ခေါင်းချင်းဆိုင်ယာဉ်တိုက်မှု အနည်းဆုံး လူ ၅၀ သေဆုံး

ကရာချီ နိုဝင်ဘာ ၁၁

ပါကစ္စတန်တောင်ပိုင်း ဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီးတို့အပါအဝင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၅၀ သေဆုံးသွားခဲ့သည်။

အဆိုပါ ဘတ်စ်ကားနှင့်ထရပ်ကားတို့သည် ဆင်းပြည်နယ် ခိုင်ပါမြို့အနီး၌ ခေါင်းချင်းဆိုင်တိုက်မိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ ယင်းဘတ်စ်ကားသည် ကရာချီဆိပ်ကမ်းမြို့ အနောက်မြောက်ဘက်ရှိ ဆွပ်မြို့မှ ထွက်ခွာလာခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံတွင် မော်တော်ယာဉ်များကို ဂရုတစိုက်မောင်းနှင်မှုမရှိခြင်း၊ မော်တော်ယာဉ်များကြီ့ခိုင်မှုမရှိခြင်းတို့ကြောင့် သေပျောက်မှုများသော ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ အဆိုပါယာဉ်တိုက်မှုသည် နံနက်စောစော မြူနှင်းများဖုံးလွှမ်းနေစဉ် ခေါင်းချင်းဆိုင်တိုက်မိခြင်းဖြစ်သည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

သတင်းရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများနှင့် ခဏတာ

တွေ့ဆုံမေးမြန်း
မိုးသူဇာစိုး၊ ဟန်နိုဝင်း
စာတ်ပုံ – ကျော်ဇေယျ

နေပြည်တော် နိုဝင်ဘာ ၁၁

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ သတင်းရယူရန်လာရောက်ကြသည့် ပြည်တွင်း ပြည်ပ မီဒီယာများက မီဒီယာစင်တာများတွင် သတင်းရယူခြင်းဆိုင်ရာ ကိစ္စရပ်များ ကြိုတင်ဆောင်ရွက်ပြင်ဆင်နေကြပြီး မီဒီယာဆိုင်ရာ ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများအပေါ် ၄င်းတို့၏သဘောထားများကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

ကိုသူရိန်လှထွေး
Chief Correspondent
Nikkei INC

ကိုသူရိန်လှထွေး
Chief Correspondent
Nikkei INC

အခုဆိုရင် အာဆီယံထိပ်သီးရဲ့ Joint Statement ထွက်ရမယ်။ EAS ရဲ့ Joint Statement ထွက်ရမယ်။ ၁၃ ရက်နေ့ဆို ၁၃ ရက်နေ့ထွက်လာပြီး ညမှ Late Edition ကျွန်တော်တို့က ရေးရမှာ။ နစ်ကေးရှင်ဘွန်းက တစ်နေ့ကို စောင်ရေ ၃၀၀ ထွက်တယ်။ နောက်ဆုံး Edition ကို မီအောင် ရေးရမှာ။ ဒါမှ နောက်နေ့မနက်မှာ အိုဘားမားရန်ကုန်ဆင်းမယ့် ခရီးစဉ်ကို လိုက်ရေးလို့ရမှာ။ ပြီးခဲ့တဲ့ ပွဲတုန်းကတော့ မီဒီယာစင်တာမှာ သတင်းထုတ်ပြန်ချက်တွေ ပေးတဲ့နေရာမှာ အစည်းအဝေးပြီးသွားပေမယ့် ချက်ချင်း မရဘဲ နှောင့်နှေးတာတွေ ရှိခဲ့ပါတယ်။ ဒီသတင်းထုတ်ပြန်ချက်တွေအပေါ်မှာ စောင့်နေရတဲ့အချိန်တွေ ကုန်ခဲ့တာမို့ သတင်းပြန်ရေးရတာလည်း နောက်ကျပါတယ်။ Final Statement တွေ ကိုထုတ်ပေးတာ နောက်ကျတယ်။ ပြီးခဲ့တဲ့ ပွဲတုန်းကဆိုရင် ညအိပ်ပြီး စောင့်ရတဲ့အထိပဲ။ နောက်သုံးရက်လောက်နေမှ ဝက်ဘ်ဆိုက်တင်လိုက်တယ်။

Facility က ဒီအနေအထားနဲ့တော့ အဆင်ပြေပါတယ်။ ဝိုင်ဖိုင်ကလောလောဆယ် မစမ်းရသေးဘူး။ တခြားနိုင်ငံတွေမှာတော့ ဝိုင်ဖိုင်ကတော်တော်ကောင်းပါတယ်။ အများကြီး ဝိုင်းသုံးကြရင်တော့ ဘယ်လိုဖြစ်မလဲ၊ ဒါကိုတော့ စောင့်ကြည့်ရဦးမယ်။ Upload လုပ်တဲ့အချိန်မှာ လိုင်းကောင်း၊ မကောင်းတော့ မသိသေးဘူး။ နောက်တစ်ခုက Access ကို ဘယ်လောက်အထိ ပေးဝင်မလဲ။

ဦးဟန်ထွေးအောင်
တီဗွီအဆာဟိရန်ကုန်သတင်းဌာန

အခြားနိုင်ငံတွေမှာ Door Stop Meeting ဆိုပြီး ပေးဝင်တာ ရှိပါတယ်။ ကျွန်တော်တို့က အဲ့ဒီ Door Stop Meeting ကိုပဲ အခြေခံရတာ။ ဒီကထုတ်ပေးလိုက်တဲ့ Statement အားလုံးကို တစ်ဦးတည်းရတာ မဟုတ်ဘူး။ အားလုံးရတာ။ Door Stop ကျတော့ ကိုယ်တစ်ဦးတည်းရတာ။ သီးသန့်ပေါ့။ ဆင်းလာတဲ့ဟာ ကိုမေးရတာ။ ပြီးခဲ့တဲ့ပွဲတုန်းက လေ့ကားက ခေါင်းဆောင်တွေ ဆင်းလာတဲ့အခါ လိုက်မေးကြတယ်။ သူတို့ကလည်း အလွန်ဖြေချင်ကြတယ်။ သက်ဆိုင်ရာဝန်ကြီးတွေက အလွန်ပြောချင်ကြတယ်။ သူတို့အတွက်လည်း ဒါကြော်ငြာလေ။ သူတို့နိုင်ငံရဲ့ဖြစ်စဉ်ကို သတင်းစာသမားတွေကိုပြောပြတာဟာ သူတို့အနေနဲ့ Free ကြော်ငြာရတာ။ ဒါကြောင့် သူတို့က အလွန်ဖြေချင်တယ်။ ဒီက လုံခြုံရေးတပ်ဖွဲ့ဝင်တချို့က International မှာ ဒီလိုမလုပ်ဘူးဆိုပြီး ပြောကြတယ်။ International မှာ ဒီလိုပဲလုပ်ပါတယ်လို့ ရှင်းပြတယ်။ Door Stop မှသာ ကျွန်တော်တို့အတွက် သီးသန့် သတင်းဦးရတာ။ တစ်ပိုဒ်စာပဲဖြစ်ဖြစ် ဒီအချက်တွေနဲ့ သတင်းကိုရေးရမှာ။ Common Statement အရတော့ လူတိုင်း ရေးမှာပဲ။

သတင်းသမားမှန်ရင် လူတကာရတဲ့ဟာကို ရေးနေမှတော့ ဘာမှမထူးဘူးလေ။ တစ်ပိုဒ်တစ်ခုကတော့ ထည့်လို့ရအောင် အင်တာဗျူးပေးလုပ်ရမှာပါ။ ဒီတစ်ခေါက်တော့ ခွင့်ပြု၊

မစ္စတာ ခိုနို
တီဗွီအဆာဟိဗန်ကောက်ဗျူရို

မပြုမသိသေးဘူး။ တခြားနိုင်ငံတွေမှာတော့ Hi Minister ဆိုရင် တန်းပြီးမေးလိုက်တာနဲ့ ဖြေကြတာပဲ။ ကန့်သတ်ထားတာလည်း မရှိပါဘူး။ ဒီမှာတော့ လွန်ခဲ့တဲ့အခေါက်တွေ တုန်းက ကန့်သတ်ထားတာရှိတယ်။

ဦးဟန်ထွေးအောင်
တီဗွီအဆာဟိရန်ကုန်သတင်းဌာန

မီဒီယာအခန်းထဲကို လာတာသုံးကြိမ်လောက်ရှိပြီပေါ့နော်၊ တစ်ကြိမ်နဲ့ တစ်ကြိမ်တော့ ပိုပိုပြီး ပြည့်စုံလာပါတယ်။ ဒီတစ်ခါမှာတော့ Booth ဌားတဲ့သူတွေက အထဲမှာ၊ မဌားတဲ့သူတွေက အပြင်မှာဆိုပြီး မီဒီယာကို နှစ်ကန့်ခွဲထားတယ်လို့ သိရပါတယ်။ အပြင်မှာရှိနေတဲ့ မီဒီယာစင်တာလည်းအဆင်ပြေတယ်လို့ ပြောကြပါတယ်။

မီဒီယာကတ်တွေ လုပ်ရတာလည်း အဆင်ပြေပါတယ်။ ကျွန်တော်တို့က ဗန်ကောက်ကနေ အွန်လိုင်း registration လုပ်တာပါ။ Visa recommendation လည်း အချိန်မီရတဲ့အတွက် အားလုံးအဆင်ပြေပါတယ်။ မီဒီယာကတ်ပြားလေးတွေလည်း သေသေသပ်သပ်နဲ့ အဆင်ပြေပါတယ်။

သတင်းယူတဲ့ နေရာမှာတော့ ဝင်ခွင့်ရကတ်ပြားက နည်းနည်းနည်းနေပါတယ်။ အခုလည်း ၃၅ ကတ်ရမယ်ပြောပါတယ်။ အဆင်ပြေအောင်တော့ အချိုးကျသုံးစွဲရမှာပေါ့။

ဒီမှာသတင်းတစ်ဆင့် ဝင်ယူရတဲ့ ခွဲတမ်းရတဲ့ကတ်ပြားကလာတဲ့ မီဒီယာအရေအတွက်နဲ့စာရင်းနည်းနည်း နည်းနေပါတယ်။ ဒါလည်း ကျွန်တော်တို့ဘက်က အခက်အခဲရှိသလို၊ အစိုးရဘက်ကလည်း အခက်အခဲရှိမယ်လို့ထင်ပါတယ်။ ညှိညှိနှိုင်းနှိုင်းနဲ့ အဆင်ပြေအောင်လုပ်ပေးရင်တော့ ပိုကောင်းပါတယ်။

မစ္စတာ ခိုနို
တီဗွီအဆာဟိဗန်ကောက်ဗျူရို

ဒီမှာ အင်တာနက်လိုင်းတွေ အလွန်ကောင်းပါတယ်။ ကျွန်တော်တို့အတွက်က အင်တာနက်လိုင်းက

Ms.FAITA BOMBASE
PHILLIPPINES (RTUM)

အလွန်ကိုအရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ကရရှိလာတဲ့ တီဗွီရုပ်သံပုံကို ချောချောမွေ့မွေ့ ပို့နိုင်ဖို့ အင်တာနက်လိုင်းက ကောင်းမှဖြစ်မှာပါ။ ပြီးတော့ အဆင်ပြေတာ တစ်ခုက ကန်တင်းက Booth နဲ့ နီးနီးလေးမှာရှိတဲ့အတွက် အစားအသောက်အတွက်လည်း ပူစရာမလိုဘဲ အဆင်ပြေတယ်။ ဝန်ဆောင်မှုတွေပေးထားတာ ကောင်းပါတယ်။ အခုလိုအဆင်ပြေအောင် စီစဉ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

လုံခြုံရေး အခြေအနေတွေကလည်း အရင်တစ်ခေါက်ကထက်ပိုပြီး ချထားတာတွေ့ရတယ်။ ကျွန်တော်တို့ အဖွဲ့မှာ ကား Pass က တစ်ခုတည်းရှိတော့ လာရင်လည်း တစ်ဝက်စီ လာရတယ်။ ပြန်ရင်လည်း တစ်ဝက်စီ ခွဲခွဲပြီး ပြန်ရတယ်။

Ms.FAITA BOMBASE
PHILLIPPINES (RTUM)

မီဒီယာသမားတွေအတွက် တခြားဟာတွေ အဆင်ပြေပါတယ်။ ဒါပေမယ့် မီဒီယာအခန်းထဲမှာ ကွန်ပျူတာနဲ့ချိတ်ဆက်သုံးဖို့တော့ adapter လိုအပ်နေပါတယ်။ ဒါကို ယူခဲ့ဖို့ လိုတယ်လို့ Media Handbook ထဲမှာရေးထားတယ်လို့ ပြောပါတယ်။ ဒါပေမယ့်မတွေ့ပါဘူး။ အခုဝက်ဘ်ဆိုက်တွေကိုကြည့်ချင်တာ အဆင်မပြေဘူးဖြစ်နေတယ်။ ဒါပေမယ့် ဒီမှာအင်တာနက်သုံးရတာ အလွန်အဆင်ပြေပါတယ်။ လာတဲ့လမ်းမှာ လုံခြုံရေးတွေ အများကြီးတွေ့ရတယ်။ အပေါ်ထပ်မှာ အဆင့်မြင့်အရာရှိကြီး အစည်းအဝေးတွေရှိတယ်လို့ သိရပြီး အဲဒီသတင်းတွေ တက်ရိုက်ချင်ပေမယ့် လုံခြုံရေးအရ သွားခွင့်မရှိဘူးလို့ သိရပါတယ်။ မီဒီယာစင်တာထဲအထိပဲ Pass ရတယ်လို့ သိရတယ်။ MICC အနီးအနားကိုတော့ လျှောက်သွားကြည့်ချင်တယ်။

ကျန်းရှင်းဖေ
ဗျူရိုချီဖ်
ဆင်ဟွာသတင်းဌာန

ကျန်းရှင်းဖေ
ဗျူရိုချီဖ်
ဆင်ဟွာသတင်းဌာန

ယခင်က ကျင်းပပြီးစီးခဲ့တဲ့ပွဲတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ပိုပြီးတော့အဆင်ပြေတယ်။ စနစ်လည်း ပိုကောင်းတယ်။ သတင်းထောက်တွေလည်း ထောင်ချီလာကြတယ်။ ခါတိုင်းထက် လုံခြုံရေးတင်းကျပ်ပေမယ့် စောစောဝင်လို့ရတဲ့အတွက် အဆင်ပြေပါတယ်။ ကျွေးမွေးတာလည်း အခြားအာဆီယံနိုင်ငံတွေထက် ပိုကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ အဆင်မပြေတာကတော့ Sky Palace Hotel မှာ အင်တာနက်လိုင်းမကောင်းတဲ့အတွက် အလုပ်လုပ်ရတာ နည်းနည်းအခက်အခဲဖြစ်တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အတွေ့အကြုံများစွာရှိတဲ့ နိုင်ငံတွေ လုပ်တဲ့ပွဲတွေလောက် အဆင့်မီပါတယ်။ အချို့နေရာတွေမှာ အင်တာနက်လိုင်းမကောင်းပေမယ့် နိုင်ငံခြားကုမ္ပဏီတွေဝင်လာတဲ့အတွက် ဒီထက်ကောင်းဖို့ပဲရှိတော့တယ်။ အဆင်ပြေပါတယ်။ ကျွန်တော်တို့က ကားပါလာတယ်ဆိုတော့ ကားဝင်ခွင့် လျှောက်ထားပါတယ်။ ကားဝင်ခွင့်ရရင်တော့ အားလုံးသွားလာဝင်ထွက်ရတာ အဆင်ပြေမှာပါ။ Shuttle Bus လည်း စီစဉ်ထားတယ်ဆိုတော့ ပိုပြီးတော့ အဆင်ပြေတာပေါ့။



ပ္ပန်နာဗီလာဗီရေး၊ ဂျီယိုလဝန်
Journalist
ဖိလစ်ပိုင်နိုင်ငံ

ပ္ပန်နာဗီလာဗီရေး၊ ဂျီယိုလဝန်
Journalist
ဖိလစ်ပိုင်နိုင်ငံ

ယခင်ကထက်စာရင် လုံခြုံရေးအလွန်တင်းကျပ်ပြီး ဝင်ရထွက်ရခက်ခဲတဲ့အတွက် သတင်းရေးသားရာမှာ အခက်အခဲတွေနဲ့ ကြုံရတယ်။ သတင်းသမားဆိုတာ Media Access ကျယ်ကျယ်ပြန့်ပြန့် ရနိုင်ပါမှ အဆင်ပြေတဲ့အတွက် လုံခြုံရေးကို ဒီလောက်အထိ မတင်းကျပ်ရင် ကောင်းမယ်လို့ အကြံပေးချင်ပါတယ်။ မီဒီယာအဆောက်အအုံတွေ ကောင်းတယ်။ ဆိတ်ငြိမ်တယ်။ ကွန်ပျူတာတွေ အလုံအလောက် တပ်ဆင်ထားပေးတာ တွေ့ရတယ်။ မီဒီယာအတွက် အစားအသောက် ကောင်းတယ်။ ပေါပေါများများ စီစဉ်ထားတယ်။ အချို့အစီအစဉ်တွေ အလွန်နောက်ကျပြီးမှ ပြီးတဲ့အတွက် မီဒီယာတွေအတွက် အစားအသောက်မှာ အခက်အခဲနဲ့ကြုံရတယ်။ ဒါကြောင့် ညစာကျွေးနိုင်ရင် ပိုကောင်းတယ်။ အချို့နိုင်ငံက ပွဲတွေမှာ ညစာကျွေးလေ့ရှိတယ်။ ဒီမှာလည်း ညစာကျွေးရင်တော့ ပိုအဆင်ပြေတာပေါ့။ လုံခြုံရေးတင်းကျပ်ပေမယ့် လုံခြုံရေးတာဝန်ရှိသူတွေရဲ့ ပြောဆိုဆက်ဆံမှုတွေ ယဉ်ကျေးသိမ်မွေ့တဲ့အတွက် အဲဒီအပေါ် လေးစားမိပါတယ်။

ပြည်တွင်းသတင်း

အာဆီယံစီးပွားရေးအသိုက်အဝန်း၏သော့ချက်ဖြစ်သည့် လူမှုစီးပွားနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မှုကြောင့် အာဆီယံအထင်ကရ ဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၁၁

အာဆီယံဒေသတွင်းနိုင်ငံများမှ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများနှင့် အထောက်အကူပြုလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သော နိုင်ငံ့ခေါင်းဆောင်များအား အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်မှ အထင်ကရဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ကို ရွေးချယ်ချီးမြှင့်လေ့ရှိရာ ယခုနှစ်အတွက် အဆိုပါဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ကို နိုဝင်ဘာ ၁၁ ရက်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ခြင်း၊ လူထုအခြေပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးတက်ရရှိစေမှုနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန် တက်ကြွစွာ လမ်းညွှန်ဆောင်ရွက်နိုင်ခြင်း၊ နာဂစ်မုန်တိုင်းဒဏ်ခံဒေသများတွင် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ပီပြင်စွာ ဆောင်ရွက်နိုင်ခြင်း၊ ရွေးကောက်ပွဲအပြီး နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်သည့်ကာလတွင် အင်ဂျင်နီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ရယူအပြီး တွေ့ရစဉ်။

နိုင်ခြင်းနှင့် မြန်မာအင်ဂျင်နီယာများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသော မြန်မာအင်ဂျင်နီယာကောင်စီဥပဒေကို ၂၀၁၃ ခုနှစ်အတွင်း အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် နိုင်ငံတော်သမ္မတသည် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်နိုင်ခြင်း၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အင်ဂျင်နီယာများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်မည့် ၂၀၁၅ အလွန် အာဆီယံပေါင်းစည်းရေးကို ဦးတည်ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ သော့ချက်ဖြစ်လာမည့် အာဆီယံဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရန်နှင့် စက်မှုလုပ်ငန်းများတိုးတက်ဖြစ်ထွန်းရန် မြှင့်တင်ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံဒေသတွင်း သန်း ၆၀၀ ကျော်ရှိသော လူမှုဘဝများကို အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်းနှင့် အာဆီယံ ပြည်သူများအကြား ချမ်းသာကြွယ်ဝမှုကို မျှဝေခံစားနိုင်ရန် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာကောင်းများ မြှင့်တင်နိုင်ခြင်းတို့ကြောင့် အဆိုပါ ဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းခိုင်၏ပြောကြားချက်အရ သိရသည်။

မိုးသူဇာစိုး

✺ *ကျောဖုံးမှ*

ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ရိုးရာလှေ၊ ပိုက်ကျော် ခြင်း၊ ရေကူး၊ ရိုးရာလက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ပန်ကြပ်ဆီလတ်၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူးနှင့် Trithlon (သုံးမျိုး) တို့ဖြစ်ကြသည်။ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်၊ ပိတ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအပြီးတွင် မသန်စွမ်းအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁၉၊ ၂၀ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည့်အတွက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်းခုနစ်မျိုးသာ ပါဝင်မည်ဖြစ်ပြီး ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ စစ်တုရင်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘောနှင့်အလေးမ တို့ဖြစ်ကြသည်။

တစ်နိုင်ငံလုံးမှ အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အမျိုးသား အားကစားပွဲတော်ကဲ့သို့ ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးနိုင်လျှင် မြန်မာ့အားကစားလောက တိုးတက်ရေးကို အထောက်အကူပြုနိုင်ပေမည်။

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/၈လ)

Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၆၉/၂၀၁၄
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

Open Government Partnership (OGP)အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်စေရေး ဦးတည်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏ လိုလားချက်များအပေါ် ပွင့်လင်းမြင်သာစွာ တာဝန်ယူမှုအပြည့်ဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် နည်းပညာတီထွင်ကြံဆမှုတို့တွင် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်စေရန် ပွင့်လင်းမိတ်ဖက်နိုင်ငံများအဖွဲ့ Open Government Partnership (OGP) တွင် အဖွဲ့ဝင်ဖြစ်ရေး ဆောင်ရွက်နိုင်ရန်အတွက် **" Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က) **Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီ**

(၁)	ဦးစိုးသိန်း ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန(၃)	ဥက္ကဋ္ဌ
(၂)	ဦးတင်နိုင်သိန်း ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန(၅)	ဒုတိယဥက္ကဋ္ဌ
(၃)	ဦးရဲထွန်း ပြည်ထောင်စုဝန်ကြီး မြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၄)	ဦးဝင်းရှိန် ပြည်ထောင်စုဝန်ကြီး ဘဏ္ဍာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၅)	ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၆)	ဦးသောင်းတင် ဒုတိယဝန်ကြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန	အဖွဲ့ဝင်
(၇)	ဒေါက်တာကံဇော် ပြည်ထောင်စုဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	အတွင်းရေးမှူး

(ခ) **Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး လုပ်ငန်းကော်မတီ**

(၁)	ဒေါက်တာမောင်မောင်သိမ်း ဒုတိယဝန်ကြီး ဘဏ္ဍာရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(၂)	ဒေါက်တာစန်းလွင် ဒုတိယဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(၃)	ညွှန်ကြားရေးမှူးချုပ် ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၄)	ညွှန်ကြားရေးမှူးချုပ် မြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၅)	ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန	အဖွဲ့ဝင်
(၆)	ညွှန်ကြားရေးမှူးချုပ် ဘဏ္ဍာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၇)	ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
(၈)	ညွှန်ကြားရေးမှူးချုပ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	အတွင်းရေးမှူး

၂။ Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှု(Fiscal Transparency) ရှိရေး ဆောင်ရွက်ရန်။

(ခ) ပြည်သူလူထု၏ သတင်းအချက်အလက်များ ရယူနိုင်ခွင့်ကို အာမခံမည့် သတင်းအချက်အလက်များ ရယူနိုင်ရေးဆောင်ရွက်ရန်။

(ဂ) အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးနှင့် ပွင့်လင်းတာဝန်ခံမှုရှိသော အစိုးရဖြစ်ပေါ်ရေးဆောင်ရွက်ရန်။

(ဃ) မူဝါဒချမှတ်ရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများတွင်လည်းကောင်း၊ နိုင်ငံသူနိုင်ငံသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုမြှင့်တင်ရန်။

၃။ ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သောဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇေယျာသီရိမြို့နယ် အဆင့်မြင့် စက်ချုပ်သင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်က ကြီးမှူး၍ ဇေယျာသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၅ ရက်နံနက် ၉ နာရီက ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် စီးပွားရေးအဖွဲ့ခေါင်းဆောင် ဒေါ်အမာက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသူများအား စီးပွားရေးအဖွဲ့ခေါင်းဆောင် ဒေါ်အမာနှင့် ဒေါ်ချိုချိုဝင်း၊ ဒေါက်တာမေစိုးဦး၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ဥတ္တရခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးဥက္ကဋ္ဌနှင့် ဇေယျာသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က ဆုချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့သည်။

(၁၈၅)

ရွှေပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

ရွှေပါတော်ရေးရာကိုယ်တော်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပြန်လည်ပေးပို့လာသော **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍** ဥပဒေကြမ်း ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဥာဏ်စိုးက ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းသည်။

အစီရင်ခံစာ၌ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် အုပ်ချုပ်ရေးကဏ္ဍမှ ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ပါအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဃ)တွင် "ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်" ဟု လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဍ) တွင် "မိမိ၏ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း"ဟု လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ် ၅ တွင် မူလဥပဒေပုဒ်မ ၁၀ ကို အစားထိုးရာ၌ "ပြည်ထောင်စု စာရင်းစစ်ချုပ်သည် ပြည်ထောင်စု လွှတ်တော်နာယကက အကြောင်းကြားပါက ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရမည်" ဟုလည်းကောင်း ဖော်ပြထားသည်။

ထို့အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နိုင်ငံတော်၏ အရေအသုံးစာရင်းများကို စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးခြင်းခံရသူဖြစ်သည့်အပြင် ပုဒ်မခွဲ(ဃ)အရ နိုင်ငံတော်သမ္မတအား တာဝန်ခံရသူဖြစ်ခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကိုစစ်ဆေးပြီး ပြည်ထောင်စု လွှတ်တော်နာယကထံ တင်ပြရန်

တာဝန်ရှိကြောင်း သဘောထား မှတ်ချက်ပြုထားသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီက နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့် ညီညွတ်မှုရှိစေရန် ဤဥပဒေကြမ်း၏ အပိုဒ် ၅ ပါ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကိုစစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာ ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံ တင်ပြရမည်" ဟုလည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် "ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်"ဟူသည့် ပြင်ဆင်ချက်ကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးစတီဖန်က ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းသည်။

ယင်းအစီရင်ခံစာ၌ ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်တွင် "နိုင်ငံတော်က ဖွင့်လှစ်သော" ဆိုသောစကားရပ်ကို မလိုအပ်၍ ပယ်ဖျက်ပြီး "ဆေးရုံ သို့မဟုတ် ဆေးခန်းဆိုသည်မှာ အစိုးရဆေးရုံ သို့မဟုတ် ဆေးခန်းကိုလည်းကောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီဖွင့်လှစ်သော ပုဂ္ဂလိက ဆေးရုံ သို့မဟုတ် ဆေးခန်းကိုလည်းကောင်းဆိုသည်"ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း။

ဥပဒေကြမ်း၏ အပိုဒ် ၁၀ တွင် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်း သို့ အချိန်မီ သယ်ယူပို့ဆောင်နိုင်ရေးသည် ဥပဒေကြမ်း၏ ရည်ရွယ်ချက်ဖြစ်သဖြင့် အဓိကကျသော လူနာကို လည်းကောင်း၊ အဆိုပါလူနာကို သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းစဉ်ကိုလည်းကောင်း နှောင့်နှေးကြန့်ကြာမှုမရှိစေရန် "မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အချိန်မီ သယ်ယူပို့ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေရန် တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဟု ပြဋ္ဌာန်းသင့်ကြောင်းဖြင့် ပါရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

လက်ရှိ ရှိပြီးနယ်စပ်ဂိတ်များတွင် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးမှုဆောင်ရွက်ပြီးမှ နှစ်နိုင်ငံနယ်စပ်ဂိတ်တိုးချဲ့ဖွင့်လှစ်ရန်လိုအပ်မည်

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နိုနိုင်က **တရုတ်-မြန်မာနယ်စပ် တိန်ရန်တုကူးတို့ဆိပ်နေရာတွင် စစ်ဆေးရေးစခန်း ဖွင့်လှစ်နိုင်ရန်နှင့် သံလွင်မြစ်ကူးတံတားတည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က မြန်မာ-တရုတ်နယ်နိမိတ်မှတ်တိုင် ၁၂၅ အနီး ရန်လုံကျိုင်းတွင် နယ်စပ်ဝင်ထွက်ဂိတ်တစ်ခု ဖွင့်ရန်၊ မော်ထိုက်မြို့နယ်ခွဲ တိန်ရန်တုတွင် နှစ်နိုင်ငံမြစ်ကူးတံတား ဆောက်လုပ်ရန်နှင့် စစ်ဆေးရေးဂိတ်ဖွင့်လှစ်ရန်ကိစ္စမှာ ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကို အထောက်အကူပြုသည့် လုပ်ငန်းဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဖြေကြားစဉ်။

အဆိုပါ ကိစ္စရပ်များသည် ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပြင် နယ်စပ်ဒေသလုံခြုံရေးကိစ္စရပ်များ ပါဝင်နေသောကြောင့် တိုင်းရင်းသားရေးရာနှင့် ပြည်သူ့ရေးရာ ကော်မတီအစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအပါအဝင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆွေးနွေးခဲ့ကြပါကြောင်း။

သက်ဆိုင်ရာ နယ်မြေအတွင်း ရန်လုံကျိုင်းဒေသတွင် နယ်စပ်ဝင်ထွက်ဂိတ်ရှိနေပြီး လက်ရှိနယ်မြေ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှု အခြေအနေများကြောင့် ကုန်းကြမ်းမြို့နယ် မော်ထိုက်မြို့နယ်ခွဲ တိန်ရန်တုတွင် သံလွင်မြစ်ကျော်တံတားတစ်စင်းတည်ဆောက်ရန်နှင့် နှစ်ဖက်စစ်ဆေးဂိတ်များ ဆောင်ရွက်ရန်ကိစ္စကို နိုင်ငံတော်၏ရေရှည်အကျိုးစီးပွားအတွက် လက်ရှိအခြေအနေတွင် ဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လောက်ကိုင်မြို့နယ်ခွဲနှင့် တရုတ်နိုင်ငံ လုံလင်ခရိုင်တို့အကြား တံတားတည်ဆောက်ရန် တရုတ်ဘက်က အဆိုပြုထားပြီး တံတားတည်ဆောက်ပြီးပါက နှစ်ဖက်ဝင်ထွက်နိုင်ရန် စစ်ဆေးရေးဂိတ်ဖွင့်လှစ်ရန်ရှိသည်ဟု သိရပါကြောင်း။

လက်ရှိ ရှိပြီးနယ်စပ်ဂိတ်များတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုများကို ဦးစွာနိုင်နင်းစွာဆောင်ရွက်ပြီးမှသာ နှစ်နိုင်ငံနယ်စပ် ဝင်၊ ထွက်ဂိတ်များ တိုးချဲ့ဖွင့်လှစ်သွားရန်နှင့်

လောက်ကိုင် မဲဆန္ဒနယ်မှ ဦးကျော်နိုနိုင် မေးမြန်းစဉ်။

တံတားတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၏ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် အစိုးရဌာနဆိုင်ရာတို့၏ အမှန်တကယ်သုံးစွဲကုန်ကျမှုမှာ ချထားပေးသည့် ခေါင်းစဉ်များဖြင့် လွဲချော်နေသဖြင့် လိမ်လည်၍ စာရင်းတင်ပြနေခြင်းကို ရှောင်ရှားရန်အတွက် ဒေသဆိုင်ရာအလိုက် အောက်ခြေနှင့် တိုင်ပင်ပြီး စည်းကမ်းသတ်မှတ်ချက်များကို ပြန်လည်ရေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ငွေစာရင်းခေါင်းစဉ်အလိုက် ကျခံရမည့် အသုံးစရိတ်နှင့် အမျိုးအစားကို ခေတ်ကာလနှင့် လျော်ညီမှုရှိစေရေးအတွက် ထပ်မံဖြည့်စွက်ရန် လိုအပ်သဖြင့် စိစစ်သုံးသပ်မှုများပြုလုပ်ရန် ပြည်ထောင်စုဝန်ကြီးဌာနများသို့ တောင်းခံပြီး စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့်လည်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ္ဍာရေးစာရင်းစစ်ခြင်းတို့ကို ခြောက်လတစ်ကြိမ် စစ်ဆေး အစီရင်ခံလျက်ရှိပါကြောင်း၊ ထို့အပြင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ငွေစာရင်းခေါင်းစဉ်အလိုက် ခွင့်ပြုသုံးစွဲငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့် အညီ ထိထိရောက်ရောက် အလေအလွင့် ရှိ၊ မရှိနှင့် ခွင့်ပြုသုံးစွဲငွေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းစီမံကိန်းများသည်လည်း ရည်မှန်းချက်အတိုင်း အောင်မြင်ပြီးမြောက်ခြင်း ရှိ၊ မရှိ စာရင်းစစ်များက စစ်ဆေးကြပါကြောင်း။

ယင်းသို့စစ်ဆေးသည့်အခါ သတ်မှတ်ပြဋ္ဌာန်းသည့် ငွေစာရင်းခေါင်းစဉ်အလိုက် ကျခံရမည့် အသုံးစရိတ်အမျိုးအစားများမှာ ခေတ်ကာလနှင့် လျော်ညီမှုမရှိတော့သဖြင့် ခေတ်ကာလနှင့် လျော်ညီစေမှုရှိစေရေးအတွက် လိုအပ်ခြင်းများကို စစ်ဆေးဖော်ထုတ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အစီရင်ခံစာတင်ပြခဲ့ကြပါကြောင်း။

သို့ဖြစ်၍ ငွေစာရင်းခေါင်းစဉ်အလိုက် ကျခံရမည့် အသုံးစရိတ်များနှင့် အခြားဝန်ထမ်းအသုံးစရိတ်များကို ခေတ်ကာလနှင့် လျော်ညီစေရန် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ရပ်တည်ကာ နစ်နာမှုမရှိစေရန် ကူညီဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးနု၏ **"အိမ်ရာမြေကွက်ဖော်ထုတ်ရေးစီမံချက် အောင်မြင်ပြီးမြောက်ရေး ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ တိုးချဲ့ရပ်ကွက်တွင် မြို့ကွက်သစ်ဖော်ထုတ်စဉ်က ဆက်လက် အကောင်အထည်ဖော်ရန် ကျန်နေသည့် ပလပ်မြေကွက်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင် မရှိပါကြောင်း။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲသည့်အဆိုပါမြေလွတ်မြေလပ်များတွင် တန်ဖိုးနည်း အထပ်မြင့်အိမ်ရာများ ဆောက်လုပ်၍ အမှန်တကယ် နေရေးအခက်အခဲကြုံနေကြသော ဒေသခံများအား ပြန်လည်နေရာချထားပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရက လမ်းညွှန်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်လတ်၏ မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့လုပ်ဆောင်နေသည်ကိုသိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါ်နန်းနီနီအေးနှင့် ကော်မတီဝင် ဗိုလ်မှူးချုပ် သက်ထွန်းအောင်တို့က ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ယင်းအစီရင်ခံစာ၏ လေ့လာတွေ့ရှိချက်၌ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့၏ အခြေခံဥပဒေအရ နိုင်ငံရေး၊ စစ်ရေး၊ လူမျိုးရေး၊ ဘာသာရေးနှင့်ဆက်နွယ်သည့် ကိစ္စရပ်များကို အကူအညီတောင်းခံခြင်း မပြုနိုင်ဘဲ ပြစ်မှုကျူးလွန်သူများကိုသာ အပြန်အလှန် တောင်းဆိုခွင့်၊ အကူအညီပေးခွင့်ရှိပါကြောင်း။

စာမျက်နှာ ၁၂ သို့

ပြည်တွင်းသတင်း

အာဆီယံနိုင်ငံများအကြား ပေါင်းစည်းရေးသည်အရေးပါပြီး စည်းလုံးခြင်းဖြင့်သာ အခက်အခဲများကိုကျော်လွှားနိုင်မည်ဖြစ်

(၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး ၂၀၁၄ ဖွင့်ပွဲအခမ်းအနားနှင့် (၈)ကြိမ်မြောက် အာဆီယံဒေသတွင်း ထူးချွန်စီးပွားရေးလုပ်ငန်းဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။



အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရာတွင် အပြည့်အဝ အထောက်အကူပြုစေမည့် "အားလုံးပါဝင်သည့် ဆက်သွယ်ပေါင်းစပ်ရေးပုံစံသစ်" ကို ယခုအာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတွင် အဓိကထားဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

ယနေ့အချိန် ကာလသည် အာဆီယံပေါင်းစည်းရေးအတွက် မိမိတို့၏ ကြိုးစားအားထုတ်မှုများ၊ ကတိကဝတ်များနှင့်အတူ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် အဓိကကျသည့်အချိန်ကို ရောက်ရှိနေပါကြောင်း၊ အာဆီယံ၏ စည်းလုံးမှု၊ ကွဲပြားခြားနားမှုများသည် စီးပွားရေးအရ အရှိန်အဟုန်မြင့်မားပြီး ပြိုင်ဆိုင်နိုင်စွမ်းအားရှိသော မျှတသည့် အသိုက်အဝန်းတစ်ရပ်အဖြစ် အာဆီယံ၏ စုစည်းအင်အားကို ပြသခဲ့ကြပြီးဖြစ်သကဲ့သို့ မိမိတို့ဒေသအတွင်း ပြည်သူများ၏ လူမှုစီးပွားမြင့်တင်နိုင်ရန်အတွက် မိမိတို့အားလုံး သန္ဓိဋ္ဌာန် ချမှတ်ခဲ့ကြပြီးဖြစ်ပါကြောင်း။

အလုံးစုံ ဆက်သွယ်ပေါင်းစပ်ရေးသည် ဒေသတွင်း ပြည်သူများ၏ ကူးလူးဆက်ဆံရေးသာမက ကမ္ဘာလုံး ဆက်သွယ်ပေါင်းစည်းမှုနှင့်အတူ အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို များစွာအထောက်အကူပြုစေမည်ဖြစ်ပြီး ဒေသတွင်း စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေမည်ဖြစ်ပါကြောင်း။

မိမိတို့၏ အာဆီယံအဖွဲ့ကြီးသည် လွန်ခဲ့သည့် ၄၇ နှစ် စတင်တည်ထောင်စဉ်ကတည်းက စီးပွားရေးဂယက်များ၊ သဘာဝဘေးအန္တရာယ်များ၊ ကူးစက်ရောဂါများကဲ့သို့ အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်ခဲ့သည့် အတွေ့အကြုံများရှိခဲ့ပြီးဖြစ်သကဲ့သို့ အောင်မြင်မှုအခွင့်အလမ်းများကိုလည်း ပေါင်းစည်းညီညွတ်သည့်အားနှင့် ရလဒ်ကောင်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့် အတွေ့အကြုံများရှိခဲ့ကြပြီးဖြစ်ပါကြောင်း။ ယင်း အတွေ့အကြုံများပေါ် အခြေခံပြီး လက်ရှိအာဆီယံအသိုက်အဝန်းထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် လက်ရှိဆွေးနွေးညှိနှိုင်းနေသည့် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးမိတ်ဖက်ပြုမှုသည်လည်း ဒေသကိုကျော်လွန်ပြီး ပိုမိုပေါင်းစည်းမှု ဦးတည်ဆောင်ရွက်သွားခြင်းဖြင့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ ပိုမို ဖွံ့ဖြိုးတိုးတက်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး ၂၀၁၄ ဖွင့်ပွဲနှင့် (၈)ကြိမ်မြောက် အာဆီယံဒေသတွင်း ထူးချွန်စီးပွားရေးလုပ်ငန်းဆုချီးမြှင့်ပွဲသို့ တက်ရောက်ရာ ကြိုဆိုကြသူများ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။(သတင်းစဉ်)

အာဆီယံ၏ စုစုပေါင်း ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိပြီး ကမ္ဘာ၏ သတ္တမမြောက် အကြီးဆုံးသော စီးပွားရေးအသိုက်အဝန်းအဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ အာဆီယံဒေသတွင်း ကုန်သွယ်မှုသည် ၂၀၁၃ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၆၀၂ ဘီလီယံသို့ တိုးတက်လာခဲ့သည့်အတွက် လက်ရှိအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြင့်တင်သွားနိုင်မည်ဆိုလျှင် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ စတုတ္ထမြောက် အကြီးဆုံး စီးပွားရေးအသိုက်အဝန်းဖြစ်လာမည်ဖြစ်ပါကြောင်း။

ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးမိတ်ဖက်ပြုမှုဖြစ်စဉ်တွင် အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံကို ဆက်သွယ်ပေးမည်ဖြစ်သကဲ့သို့ အရှေ့ဘက်မှ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံ၊ တောင်ဘက်မှ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ကို အာဆီယံအနေဖြင့် ဆက်သွယ်ပေါင်းစည်းပြီး လွတ်လပ်သည့် ကုန်သွယ်မှုမိတ်ဖက်အဖြစ် ပါဝင်လာမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်နေသည့် လွတ်လပ်သည့်ကုန်သွယ်မှု နယ်မြေသည် ၁၆ နိုင်ငံမှ ပြည်သူသန်း ၃၀၀၀ ပါဝင်ပြီး ဂျီဒီပီအားဖြင့် ၁၇ ထရီလီယံရှိသည့်အတွက် ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းရှိပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများနှင့် ဒေသတွင်း ပြည်သူများ၏ စုပေါင်းစွမ်းဆောင်နိုင်မှုဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ကောင်းများ ရရှိအောင် အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် စိန်ခေါ်မှုမျိုးစုံရှိသည့်အနက် စီးပွားရေးကဏ္ဍတွင် အလေးထားဖြေရှင်းဆောင်ရွက်ကြရမည့် စိန်ခေါ်မှုနှစ်ရပ်ဖြစ်သည့်ဒေသတွင်း ပြည်သူများ၏ဆင်းရဲနွမ်းပါးမှုနှင့် အာဆီယံ
အကြား
ကွဲပြားခြားနား
အတွက် ဒေသ
အလတ်စား
များ ဖွံ့ဖြိုး
အာရုံစိုက်အ
တင်ပေးကြရမ
အာဆီယံ
ကောင်စီကလ
အတွက် ဦ
ချမှတ်ရာတွင်
စားနှင့် အ
လုပ်ငန်းများ၏
နိုင်စွမ်းမြှင့်တင်
ထည့်သွင်း
ခြင်းဖြစ်ပါကြော
အာဆီယံ
ဖွံ့ဖြိုးတိုးတက်
မှု လျှော
မြန်မာနိုင်ငံအ
ယား၊ လာအို၊
၏ ပြည်တွင်

အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများတက်ရန် နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်၌ နိုဝင်ဘာ ၁၂ ရက်တွင် စတင်ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် ယနေ့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဦးသန်းဌေး၊ ဦးမောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယနေ့ရောက်ရှိသော အာဆီယံနိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများမှာ ဘရူနိုင်း ဒါရုဿလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီဟာဆန်နယ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒေါင်လာ၊ ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဒေါက်တာဂျိုကိုဝီဒိုဒို၊ လာအိုဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် သောင်ဆင်းသမ်မာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီဟာဂျီမိုဟာမက်နာဂျစ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ ဘီနစ်ဂ်နို အကီနို၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ငုယင်တန်ဇွန်းတို့ ဖြစ်ကြသည်။

ထို့အပြင်(၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတက်ရောက်မည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းလည်း နေပြည်တော်သို့ ယနေ့ ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ကြမည့် ဩစတြေးလျနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် နိုဝင်ဘာ ၁၂ ရက်တွင် နေပြည်တော်သို့ရောက်ရှိကြမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထော
အိန္ဒိယနိုင်ငံ
ဆက်စဉ်။

ပြည်တွင်းသတင်း

ကိုကျော်လွှားနိုင်မည်ဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး ၂၀၁၄ ဖွင့်ပွဲနှင့် (၈)ကြိမ်မြောက် အာဆီယံဒေသတွင်း ထူးချွန်စီးပွားရေးလုပ်ငန်းဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၈)ကြိမ် မြောက် အာဆီယံ ဒေသတွင်း ထူးချွန်စီးပွားရေး လုပ်ငန်း ဆုချီးမြှင့်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပေါင်း ဂျီဒီပီ
ာ်လာ ၂ ဒသမ
ဟာ၏ သတ္တမ
ယား စီးပွားရေး
ရပ်တည်
အာဆီယံဒေသ
သည် ၂၀၁၃
ဒေါ်လာ ၆၀၂
ကျော်လာခဲ့သည်
ရှိန်အဟုန်ကို
မြှင့်တင်သွား
၅၀ ပြည့်နှစ်
တုတ္ထမြောက်
ားရေးအသိုက်
ပ်ပါကြောင်း။
ကျော်စုံစီးပွားရေး
တွင် အိန္ဒိယ
ကို ဆက်သွယ်
အရှေ့ဘက်မှ
ကိုရီးယားနိုင်ငံ၊
တြေးလျနိုင်ငံ
ကို အာဆီယံ
ပေါင်းစည်းပြီး

လွတ်လပ်သည့် ကုန်သွယ်မှုမိတ်ဖက်အဖြစ် ပါဝင်လာမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်နေသည့် လွတ်လပ်သည့်ကုန်သွယ်မှု နယ်မြေသည် ၁၆ နိုင်ငံမှ ပြည်သူသန်း ၃၀၀၀ ပါဝင်ပြီး ဂျီဒီပီအားဖြင့် ၁၇ ထရီလီယံရှိသည့်အတွက် ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းရှိပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများနှင့် ဒေသတွင်း ပြည်သူများ၏ စုပေါင်းစွမ်းဆောင်နိုင်မှုဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ကောင်းများ ရရှိအောင် အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့အာဆီယံစီးပွားရေး အသိုက်အဝန်းအတွက် စိန်ခေါ်မှု မျိုးစုံရှိသည့်အနက် စီးပွားရေး ကဏ္ဍတွင် အလေးထားဖြေရှင်းဆောင်ရွက်ကြရမည့် စိန်ခေါ်မှု နှစ်ရပ်ဖြစ်သည့်ဒေသတွင်း ပြည်သူ့ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ကြိုးပမ်းခဲ့ခြင်းကြောင့် အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဝမ်းမြောက်စွာ တွေ့ရှိရပါကြောင်း၊ CLMV လေးနိုင်ငံ၏ စုစုပေါင်း ပြည်ပကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၃၁၂ ဒသမ ၄ ဘီလီယံ ရှိပြီး ၂၀၁၂ ခုနှစ်ကထက် ၁၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာကာ ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂ ဘီလီယံ ရှိပြီး ဆောက်လုပ်ရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ထိုနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်အတွက် အာဆီယံပေါင်းစည်းဆက်သွယ်မှု စီမံကိန်းတွင် အဓိကကျသည့် စီးပွားစကြီ်လမ်းများကို အမှီပြုထူထောင်ထားသည့် စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များကို ဒေသတွင်းနှင့် ဒေသပြင်ပ စီးပွားရေးဈေးကွက်များနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်စွမ်းရှိအောင် ထပ်လောင်းအားပေးမြှင့်တင် ဆောင်ရွက်ခြင်းဖြင့် အားလုံးပါဝင်သည့် ဆက်သွယ်ပေါင်းစည်းရေး ဖွံ့ဖြိုးမှုပုံစံသစ်ကို အကောင်အထည် ဖော်ရာတွင် အထောက်အကူပြုမည် ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများ အကြားပေါင်းစည်းရေးသည် ယခုအခါတွင် မိမိတို့အတွက် အရေးပါသည့် အချိန်ဖြစ်သည်ကို မိမိအနေဖြင့် အသိပေးလိုပါကြောင်း၊ စည်းလုံးခြင်းဖြင့်သာ အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူ့ဗဟိုပြုသည့် စီးပွားရေးနယ်ပယ်ဝန်းကျင်၏ ကျင့်ဝတ်သိက္ခာနှင့် ယှဉ်ပြိုင်နိုင်စွမ်းများ မြှင့်တင်ခြင်းသည် ပြည်သူတို့၏ လူမှုစီးပွား၊ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံဒေသတွင်း စီးပွားဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်နိုင်ရေးအတွက် စွမ်းအားများ စုစည်းရယူခြင်းပင်ဖြစ်ပါကြောင်း၊ စီးပွားရေးစွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်စွမ်းအားများ ဆက်သွယ် ပေါင်းစည်းနိုင်ရေးအတွက် အာဆီယံစီးပွားရေးထူးချွန်ဆုပေးပွဲ ကျင်းပပေးခြင်းသည် ဖွံ့ဖြိုးမှုပုံစံသစ်အတွက် ဂုဏ်သိက္ခာစံနှုန်း မြှင့်တင်ပေးခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုညီလာခံနှင့် အာဆီယံစီးပွားရေး ထူးချွန်ဆုပေးပွဲ အခမ်းအနားကို ရတနာရွှေမောင်း သုံးချက်တီး၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

(၈)ကြိမ်မြောက် အာဆီယံဒေသတွင်း ထူးချွန်စီးပွားရေးလုပ်ငန်းဆု ပေးအပ်ရခြင်းနှင့်ပတ်သက်၍ အာဆီယံစီးပွားရေးလုပ်ငန်းဆု ၂၀၁၄ ဆုချီးမြှင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးကရှင်းလင်းပြောကြားသည်။

ထို့နောက် National Winners ဆုရရှိသူများ၊ Asean Runner-Up Winners ဆုရရှိကြသူများအား ဦးဝေဖြိုး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်နှင့် ဦးတင်နိုင်သိန်းတို့က ဆုများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍နိုင်ငံတော်သမ္မတက အာဆီယံစီးပွားရေး လုပ်ငန်းဆုများအနက်မှ အကြီးစား စီးပွားရေးလုပ်ငန်းကဏ္ဍများဖြစ်သည့် အာဆီယံဒေသတစ်ခုလုံး ပျံ့နှံ့စွာ လုပ်ကိုင်နိုင်ခြင်းဆု၊ လုပ်ငန်းစီမံအုပ်ချုပ်မှု ကောင်းမွန်ခြင်းဆုနှင့် ဆန်းသစ်တီထွင်ခြင်းဆု စသည့်ကဏ္ဍများမှ ပထမဆုရရှိသော ကုမ္ဗဏီများအားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု၊ အမျိုးသမီးစီးပွားရေး ခေါင်းဆောင်ဆုနှင့် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံ့အကြီးအကဲ၊ အစိုးရ အဖွဲ့အကြီးအကဲများ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် စီးပွားရေး လုပ်ငန်းရှင်ဆုရရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၁၁)ကြိမ်မြောက် အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး ၂၀၁၄ နှင့် (၈) ကြိမ်မြောက် အာဆီယံဒေသတွင်း ထူးချွန်စီးပွားရေးလုပ်ငန်း ဆုပေးပွဲအခမ်းအနားဖြစ်မြောက်ရေးအတွက် အဓိကပံ့ပိုးပေးခဲ့ကြသည့် စီးပွားရေးလုပ်ငန်းရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ အာဆီယံ စီးပွားရေးအကြံပေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အာဆီယံအဖွဲ့ကြီးတွင် စီးပွားရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အာဆီယံစီးပွားရေး အကြံပေးကောင်စီ (ASEAN - BAC) ကို ၂၀၀၁ခုနှစ် နိုဝင်ဘာလတွင် ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သော (၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဗြိုလ်မှစတင်ကာ အသက်ဝင်လှုပ်ရှားခဲ့သည်။ အဓိကရည်မှန်းချက်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်းဖန်တီးဖော်ဆောင်နိုင်ရန် စီးပွားရေးပေါင်းစည်းမှုကို ရှေးရှုရယူနိုင်ရေးအတွက် (Public- Private Sector Partnership) ကို အားပေးမြှင့်တင်ရန်ဖြစ်သည်။ အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ တုံ့ပြန်တင်ပြချက်များအား စုစည်းတင်ပြပေးရန် ရည်ရွယ်ပြီး အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို နှစ်ပတ်လည်အာဆီယံထိပ်သီး အစည်းအဝေးနှင့်အတူ ကျင်းပပေးလျက်ရှိသည်။ ၄င်းအစည်းအဝေးနှင့်အတူ အာဆီယံဒေသတွင်းရှိ ထူးချွန်စီးပွားရေး လုပ်ငန်းရှင်အား ဆုချီးမြှင့်ပွဲ အခမ်းအနားကိုလည်း ပူးပေါင်း ကျင်းပပေးလျက်ရှိသည်။

(သတင်းစဉ်)

အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်၌ ကျင်းပမည့် (၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်မည့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နရန်ဒရာမိုဒီ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီမိနစ် ၅၀ တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားမောင်မယ်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နရန်ဒရာမိုဒီအား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ချန်ကျုံးကျေးရွာ ချင်းရိုးရာဓလေ့ စုပေါင်းယဉ်ကျေးမှုပွဲကျင်းပ

ဟားခါး နိုဝင်ဘာ ၁၁

တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် စုပေါင်းမှီတင်းနေထိုင်သည့် မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို နေရာဒေသ အလိုက် သူ့ရာသီနှင့်သူ ဆင်ယင်ကျင်းပလျက် ရှိကြသည်နှင့်အညီ ဟားခါးမြို့နယ် ချန်ကျုံးကျေးရွာတွင် ချင်းရိုးရာဓလေ့စုပေါင်းယဉ်ကျေးမှုပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာရှိ ရွာလယ်ကွင်း၌ ကျင်းပသည်။

အဆိုပါ ချင်းရိုးရာဓလေ့စုပေါင်းယဉ်ကျေးမှုပွဲသို့ ချင်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးရမ်မန်း တက်ရောက်အားပေးပြီး ယဉ်ကျေးမှုအဖွဲ့ဝင်များက အဖွဲ့နှစ်ဖွဲ့ခွဲ၍ ရွာလယ် ကွင်းပြင်သတ်မှတ်နေရာသို့ သေနတ်ပစ်ဖောက်ချီတက်ကပြခြင်း၊ အစုအဖွဲ့ အလိုက် ကပြခြင်း၊ တစ်ဦးချင်းက ကပြခြင်း၊ ကွယ်လွန်သူမိဘများနှင့် အဘိုးအဘွားများကို ရည်စူးပူဇော်ပသခြင်းနှင့် စုပေါင်းဝတ်ပြုသီချင်းသီဆိုဆုတောင်းမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ပြည်နယ် မြန်/ ဆက်)

ပြည်တွင်းသတင်းနှင့်ကြေငြာ

အစိုးရအဖွဲ့သစ်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

ယမန်နေ့မှအဆက်

၅။	(D-Form) ဖျက်သိမ်းမှု ဆောင်ရွက်ပေးခြင်းလုပ်ငန်း	❖ နိုင်ငံတော်၏ ပြည်ဝင်စနစ်များအား လွယ်ကူချောမွေ့စေရေး စီမံဆောင်ရွက်ခြင်းနှင့်အတူ ပြည်ထွက်စနစ်များတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိသော ထွက်ခွာပုံစံ (D-Form) အား အစဉ်အဆက် အသုံးပြုသည့်စနစ်မှ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ (၁၅-၃-၂၀၁၃) နေ့မှစ၍ တရားဝင် ဖျက်သိမ်း၍ ဝင်/ထွက်မှုစနစ်လွယ်ကူစေရန် ဆောင်ရွက်ပေးခဲ့ပါသည်။
၆။	မြန်မာနိုင်ငံသားဟောင်းများ အား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရေး လုပ်ငန်းစဉ် ဆောင်ရွက်ခြင်း	❖ နိုင်ငံတော်၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အကျိုးငှာ အားလုံးပူးပေါင်းဆောင်ရွက်ခွင့်ရရှိစေရန်အတွက် ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများမှ ၄င်းတို့၏ ဆန္ဒနှင့်အညီ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူလျှောက်ထားလိုသူများအတွက် လက်ခံရေးစနစ်သစ် တစ်ရပ်အား ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ဖြင့် ပါ ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားအဖြစ် ပြန်လည်ခံယူရန်လျှောက်ထားသူ ၁၆၄ ဦးရှိသည့်အနက် ၁၂၁ ဦးအား ခွင့်ပြုပြီးဖြစ်ပါသည်။ ကျန်ရှိသူများအား လိုအပ်ချက်အတိုင်း ဆက်လက်စိစစ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။
၇။	မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence-PR) လုပ်ငန်းစဉ် ဆောင်ရွက်ခြင်း	❖ နိုင်ငံတော်၏ ပွင့်လင်းလာသော အခြေအနေအရ လူမှု-စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန်အတွက် လည်းကောင်း၊ နှစ်နိုင်ငံသားအဖြစ် ခံယူခွင့်မရှိသော နိုင်ငံ၏ တည်ဆဲဥပဒေအရ လက်ရှိနိုင်ငံသားအဖြစ်အား စွန့်လွှတ်ရန်မလိုဘဲ နိုင်ငံတွင်း ကာလအတိုင်းအတာတစ်ခု လာရောက်နေထိုင်၍ အထောက်အကူပြုနိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်၍ PR စနစ်အား အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။ ❖ နိုင်ငံအတွက် လိုအပ်သော ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံ စီးပွားလုပ်ကိုင်နိုင်မည့်သူများ နိုင်ငံတော်အား အထောက်အကူပြုနိုင်သော မြန်မာနိုင်ငံသားဟောင်းများနှင့် နိုင်ငံသားနှင့် သွေးစပ်သော နိုင်ငံခြားသားများ စသည့် အမျိုးအစား (၄)မျိုးအား သတ်မှတ်ပြဋ္ဌာန်းချက်များ
		နှင့်အညီ PR စနစ်ဖြင့် ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နည်းဥပဒေ ပြုစုခြင်း အပါအဝင် လိုအပ်ချက်အဝဝအား အပြီးသတ်ဆောင်ရွက်ပြီးဖြစ်၍ ၂၀၁၄ ဒီဇင်ဘာလ ပထမပတ်နောက်ဆုံးထား၍ တရားဝင်ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။
၈။	မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း	❖ ၂၀၁၄ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းလုပ်ငန်းစဉ် ရလဒ်များပေါ်မူတည်၍ မှန်ကန်သောလူဦးရေစာရင်းများ စဉ်ဆက်မပြတ်ရရှိစေရန် နိုင်ငံတစ်ဝန်း မွေးဖွားမှုနှင့် သေဆုံးမှုများ မှတ်ပုံတင်နိုင်ရေးအတွက် (၁၄-၁-၂၀၁၄) နေ့မှစ၍ ဤဝန်ကြီးဌာနမှ ဦးဆောင်၍ ဆက်စပ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ❖ ဗဟို/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကျေးအဆင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်ပါသည်။ စမ်းသပ်နယ်မြေအဖြစ် ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် UNICEF ဖြင့် ပူးပေါင်း၍ (၂၀-၁၀-၂၀၁၄)နေ့မှစ၍ ရက်သတ္တပတ် လုပ်ရှားမှုများ အဖြစ် (၅)နှစ်အောက် ကလေးစုစုပေါင်း ၁၂၃၆၃၆ ဦးကို မွေးဖွားမှုမှတ်ပုံတင်၍ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနမှ မွေးစာရင်းလက်မှတ် Birth Certificate များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျန်ဒေသများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။
၉။	မြန်မာနိုင်ငံသား ဟုတ်/မဟုတ် စိစစ်ခြင်းလုပ်ငန်း	❖ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများသို့ အခြေအနေအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများ၊ ရေမျှောငါးဖမ်းလုပ်သားများ၊ တရားမဝင် အလုပ်သမားများအား တရားဝင်ဖြစ်စေရန်နှင့် အလုပ်လုပ်ကိုင်ခွင့်ရရှိနိုင်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများဖြင့် ပေါင်းစပ်၍နိုင်ငံသားစိစစ်ခြင်းနှင့် တရားဝင်ဖြစ်စေရန် ဆောင်ရွက်ခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။
၁၀။	၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း	❖ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကြာကောက်ယူခြင်းမပြုနိုင်ခဲ့သော ပြည်လုံးကျွတ်အဆင့်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းပြုစုခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းဟူသော လုပ်ငန်းစဉ်လေးရပ်ခွဲခြား၍ (၂-၅-၂၀၁၁) နေ့မှစ၍ စတင်ဆောင်ရွက်ခဲ့ပါသည်။ ❖ ယခုအခါ အဆင့်နှစ်ဆင့် ပြီးဆုံးပြီးဖြစ်ပြီး ကျန်အဆင့်များအား ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါသည်။ (၃၀-၈-၂၀၁၄)နေ့တွင် ရွှေပြေးလူဦးရေစာရင်းထုတ်ပြန်ခဲ့ပြီး ပင်မစာရင်းအား ၂၀၁၅ ခုနှစ် မေလအတွင်း ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မှတ်ချက်။ အထက်ဖော်ပြပါ လုပ်ငန်းစဉ်များ၏ နောက်ဆက်တွဲလုပ်ငန်းများဖြစ်သော နည်းပညာအဆင့်မြှင့်တင်ရေးနှင့် လူဦးရေမူဝါဒ (Population Policy) လုပ်ငန်းစဉ်များအား နိုင်ငံတော်နှင့်ပြည်သူများအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဝေဖန်အကြံပြုချက်များနှင့် ကျေနပ်မှုမရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ၀၆၇-၄၃၁၀၁၆၊ ၀၆၇-၄၃၁၀၄၄၊ ၀၆၇-၄၃၁၀၂၀ နှင့် www.mip.gov.mm သို့ ပေးပို့တိုင်ကြားနိုင်ပါကြောင်း မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး

တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစား စပါးကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါနေရာများ၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ စတင်ဝယ်ယူပါမည်-

(က) **ကချင်ပြည်နယ်**
(၁) မြစ်ကြီးနား (၂) ခရမ်း (၇) ရေဦး
(၂) ဝိုင်းမော် (၃) သုံးခွ (၈) ခင်ဦး
(၃) မိုးညှင်း (၄) လှည်းကူး (၉) ဒီပဲယင်း
(၄) မိုးကောင်း (၅) တိုက်ကြီး (ဆ) **မကွေးတိုင်းဒေသကြီး**
(၅) ဗန်းမော် (၆) ထန်းတပင် (၁) ဂန့်ဂေါ
(၆) ရွှေကူ (င) **ရခိုင်ပြည်နယ်** (ဇ) **ပဲခူးတိုင်းဒေသကြီး(အရှေ့)**
(ခ) **ရှမ်းပြည်နယ် (မြောက်ပိုင်း)** (၁) စစ်တွေ (၁) အုတ်တွင်း
(၁) မိုးမိတ် (၂) ကျောက်တော် (၂) ဖြူး
(၂) မြောက်ဦး (၃) ကျောက်တံခါး
(ဂ) **မွန်ပြည်နယ်** (၄) မင်းပြား (၄) ညောင်လေးပင်
(၁) မော်လမြိုင် (၅) ရသေ့တောင် (၅) ဒိုက်ဦး
(၂) သထုံ (၆) ကျောက်ဖြူ (၆) သနပ်ပင်
(၃) ပေါင် (၇) တောင်ကုတ် (၇) ရေတာရှည်
(၄) မုဒုံ (၈) ဘူးသီးတောင် (၈) တောင်ငူ
(၅) သံဖြူဧရပ် (၉)အမ်း (စ) **ပဲခူးတိုင်းဒေသကြီး(အနောက်)**
(၆) ချောင်းဆုံ (စ) **စစ်ကိုင်းတိုင်းဒေသကြီး** (၁) နတ်တလင်း
(၇) ကျိုက်မရော (၁) ကန့်ဘလူ (၂) ပေါင်းတည်
(၈) ရေး (၂) ဝန်းသို (၃) ကြို့ပင်ကောက်
(၉) ဘီးလင်း (၃) ကသာ (၄) သဲကုန်း
(၁၀) ကျိုက်ထို (၄) တန့်ဆည် (၅) ရွှေတောင်
(ဃ) **ရန်ကုန်တိုင်းဒေသကြီး** (၅) ကလေး (၆) သာယာဝတီ
(၁) သန်လျင် (၆) ရွှောဘို (၇) ပြည်

၂။ ပေးသွင်းရမည့် စပါးအရေအတွက်၊ စပါးအရည်အသွေးသတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလစသည့်အသေးစိတ် အချက်အလက်များနှင့်တင်ဒါပုံစံတို့အား အထက်ပါနေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းများနှင့်တပ်ရင်း၊ တပ်ဖွဲ့များတွင် စုံစမ်းနိုင်ပါသည်။

၃။ ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း စပါးတင်း(၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့်တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစား စပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

စတုတ္ထတန်းနှင့် အဌမတန်း စာမေးပွဲစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၁

တတ်မြောက်အောင်သင် အောင်မြင်အောင်စစ် ဆိုသည့်အတိုင်း တတ်မြောက်အောင် သင်ကြားခြင်းသည် အဓိကဖြစ်ပြီး စစ်ဆေးခြင်းသည် သာမည်ဖြစ်ကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ပညာရေးလုပ်ငန်းဆောင်ရွက်ရာ၌ တတ်မြောက်အောင် သင်ကြားပေးရန် လိုအပ်ကြောင်း၊ စာမေးပွဲသည်ပညာရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပညာရေးကို တွန်းပို့ရမှာမဟုတ်ကြောင်း၊ တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်းဖြင့် နိုဝင်ဘာ ၁၀ ရက်နံနက် ၉ နာရီက ရန်ကုန်မြို့အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အခြေခံစတုတ္ထတန်းနှင့် အဌမတန်း စာမေးပွဲစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီနာယကဆရာကြီး ဦးသန်းဦးက ပြောကြားသည်။

ဆက်လက်၍အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဦးခင်မောင်မြင့်က အခြေခံပညာစတုတ္ထတန်းနှင့် အဌမတန်း စာမေးပွဲများအတွက် မေးခွန်းလွှာပြုစုခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ကော်မတီနာယက ဆရာကြီး ဦးသန်းဦး၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး လုပ်ငန်းနိုင်ငံတကာ ကျွမ်းကျင်ပညာရှင် ဒေါက်တာမြင့်သိန်းနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်တို့က စတုတ္ထတန်းနှင့် အဌမတန်း စာမေးပွဲစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးများ၊ ခရိုင်ပညာရေးမှူးများနှင့် ဘာသာရပ်ကျွမ်းကျင်သူများတက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် စတုတ္ထတန်းကို ခရိုင်အဆင့် စာမေးပွဲဖြင့်လည်းကောင်း၊ အဌမတန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စာမေးပွဲဖြင့်လည်းကောင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့၌ လက်ဆေးပွဲတော်ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး လက်ဆေးပွဲတော်အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာဒေါနမ်၌ ကျင်းပသည်။

အစီအစဉ်အရ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာပေါ်မှာ နှစ်စဉ် ငါးနှစ်အောက် ကလေးငယ် ၆ ဒသမ ၉ သန်းဟာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် နမိုးနီးယားလို့ခေါ်တဲ့ အဆုတ်ရောင်ရောဂါကြောင့် သေဆုံးလျက်ရှိပါကြောင်း၊ စက္တင်ဘာ ၃၀ တိုင်းမှာ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် ကလေးငယ်တစ်ဦးသေဆုံးလျက်ရှိပြီး ဝမ်းပျက်ဝမ်းလျှော ဖြစ်ရခြင်းမှာ အစာမသန့်ခြင်း၊ ရေမသန့်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးဂရုမပြုမိခြင်းနဲ့ အထူးသဖြင့် လက်မသန့်ရှင်းခြင်းကြောင့် ဖြစ်ရကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ UNICEF မန္တလေးရုံးတာဝန်ခံ ဒေါ်ခိုင်ခိုင်ရွှေက ကမ္ဘာ့လက်ဆေးပွဲတော်ဖြစ်ပေါ်လာပုံကိုရှင်းလင်းတင်ပြပြီး အဆိုတော် ဒေါက်တာနီနီခင်ဇော်က လက်ဆေးခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ UNICEFမှ Wash Specialist က သန့်ရှင်းလက်ဆေးခြင်းကနဦး လုပ်ဆောင်မှုများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

ထို့နောက်အဆိုတော် မှူးရတနာက လက်ဆေးချန်ပီယံကို ရွေးချယ်ပေးပြီး လက်ဆေးချန်ပီယံဆုရရှိသော အထက (၁၆)မှ မနန္ဒာကျော်ကို တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုစုလွယ်နှင့် ဂုဏ်ပြုလက်မှတ်ခီးမြှင့်ကာ လက်ဆေးသရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ်ရှိ မြို့သူကြီးကျေးရွာ၌ ကလေးငယ်များ အေးချမ်းပျော်ရွှင်စွာ ဆော့ကစားနေကြစဉ်။ ဓာတ်ပုံ-ဧယျာ(မိုင်ရာ)

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ၌ လက်ရှိစာသင်ကျောင်း(အောက်ပုံ) အား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းဆောင်သစ်အဖြစ် အဆင့်တိုးမြှင့် ဆောက်လုပ်ပေးနေမှုကို တွေ့ရစဉ်။ (အပေါ်ပုံ) ဓာတ်ပုံ-ဧယျာ(မိုင်ရာ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာမှုပညာရှင်ကြီးများအတွက် ဂါရဝဒါနပြုရန်ပုံငွေ အနုပညာဦးစီးဌာနဝန်ထမ်းများက မဟာဗုဒ္ဓဝင်လေးတော်တင်ခန်း ဇာတ်တော်ကြီးနှင့် ပဒေသာကပွဲတင်ဆက်ကပြမည်

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာသမိုင်းပညာရှင်ကြီးများ၊ မြန်မာစာဌေပဒေသာပင်၊ ရှေးဟောင်းသုတေသန အငြိမ်းစားပညာရှင်များ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီပန်းပုပညာရှင်များအစည်းအရုံးတို့မှ အသက် (၇၀)နှစ်နှင့်အထက် ပညာရှင်ကြီးများကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများက ဂါရဝဒါနပြုရန်ပုံငွေအတွက် မဟာဗုဒ္ဓဝင်လေးတော်တင်ခန်း၊ ဇာတ်တော်ကြီးနှင့် ပဒေသာကပွဲတို့ကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်နေ့တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ညစဉ် ၇ နာရီတွင် ဖျော်ဖြေတင်ဆက်ကပြသွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်အတွက်မြန်မာမှုသဘင်ကို မြတ်နိုးတန်ဖိုးထားတတ်ကြသော ဂါရဝဒါနပြုလိုသူများက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံနှင့်အမျိုးသားပြတိုက်တို့၌ ရုံဝင်ခ လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀၊ ၇၀၀၀၊၅၀၀ နှုန်းတို့ဖြင့် ဝယ်ယူကြည့်ရှုဂါရဝဒါနပြုနိုင်ပါကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

● ရှေ့ဖုံးမှ

ဖြစ်စေသည်။ လေကြောင်းပို့ဆောင်ရေးနှင့် လေဆိပ်ဖွံ့ဖြိုးမှုသည်ဆက်စပ်နေသည့်အတွက် လေကြောင်းပိုင်းများ တိုးချဲ့လာသည့်နည်းတူ လေဆိပ်များကိုလည်း သတ်မှတ်ချက်နှင့်အညီ နိုင်ငံတကာစံနှုန်းအတိုင်း အဆင့်မြှင့်တင်သွားရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၌ လေဆိပ်စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ သင်တန်းကို လေဆိပ်၏ ဖွဲ့စည်းပုံစနစ်၊ လေဆိပ်စီမံခန့်ခွဲမှု အခြေခံသဘောတရား၊ လေဆိပ်စီမံကိန်းချမှတ်ဆောင်ရွက်မှု၊ လေဆိပ်စီးပွားရေး၊ လေဆိပ်ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ လေဆိပ်လုပ်ငန်း လည်ပတ်ဆောင်ရွက်မှု၊ လေဆိပ်အန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံမှု၊ လေဆိပ်မတော်တဆမှုများ စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် လေဆိပ်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ပြည်သူ့ရေးရာ မူဝါဒပါဝင်သည့် လေကြောင်းလိုင်း ထိန်းသိမ်းမှုဆိုင်ရာ စီမံခန့်ခွဲမှု၊ လေကြောင်းလိုင်း လည်ပတ်ဆောင်ရွက်မှုနှင့် နောက်ကျမှု စီမံခန့်ခွဲမှု၊ လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု စသည့်ဘာသာရပ်များ သင်ကြားပေးသွားမည် ဖြစ်သည်။ စာမေးပွဲအပါအဝင် သင်ကြားရေးကာလ လေးလခွဲရှိသည့် SEMESTER နှစ်ခုပါရှိမည်ဖြစ်သည်။ ထို့နောက် သုံးလ PILOT PROJECT ပြုလုပ်ပြီး စာတမ်းတင်ရမည်ဖြစ်သည်။ စာတမ်းခုခံမှုပြုလုပ်ပြီး အောင်မြင်မှသာ သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံမှသာ ဘွဲ့လွန်ဒီပလိုမာ အပ်နှင်းမည်ဖြစ်ကြောင်း သိရသည်။

လေဆိပ်စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်ရန်အတွက် အချိန်များစွာ ယူခဲ့ရသည်။ နိုင်ငံတကာသင်ရိုးညွှန်းတမ်းများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းသိပ္ပံတွင်ဖွင့်လှစ်နေသည့် သင်တန်းများကို လေ့လာရခြင်း၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းများကို မိမိတို့နိုင်ငံ၏ လိုအပ်ချက်များနှင့် ကိုက်ညီရန်နှင့် အချို့နိုင်ငံများတွင် လေဆိပ်စီမံခန့်ခွဲမှုနှင့် လေကြောင်းလိုင်းစီမံခန့်ခွဲမှုကို သီးသန့်ဖွင့်လှစ်နေကြပြီး ဘွဲ့လွန်ဒီပလိုမာမှ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့သင်တန်းအထိဖွင့်လှစ်ကြောင်း၊ နိုင်ငံ၏ လိုအပ်ချက်နှင့်လည်း ကိုက်ညီ၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် လည်းကိုက်ညီမည့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲပြီး လိုအပ်သည်များကို အချိန်ယူစုစည်းပြီး ကြိုတင်ပြင်ဆင်ခဲ့ရကြောင်း သိရသည်။

လေကြောင်း ပို့ဆောင်ရေးနှင့် ပတ်သက်ပြီး လေကြောင်းလုပ်ငန်းတွင် လေကြောင်းလိုင်း၊ လေဆိပ်၊ ပြုပြင်ထိန်းသိမ်းရေးဌာနနှင့် ထုတ်လုပ်ခြင်းအပိုင်းများပါသည်။ ထိုလုပ်ငန်းကြီးငါးခုမှာ ဟန်ချက်ညီညီ တိုးတက်ရန် ဆောင်ရွက်ဖို့လိုသည်။ လေကြောင်းပို့ဆောင်ရေးတွင် OPEN SKY ပေါ်လစီပေါ်ပေါက်နေချိန်တွင် ပထဝီအနေအထားအရလည်း အားသာချက်ရှိနေသည့်အချိန်၌ မြန်မာနိုင်ငံအပေါ် စိတ်ဝင်တစားရှိနေစဉ် လေကြောင်းပို့ဆောင်ရေးကို စီမံခန့်ခွဲမှု ကောင်းကောင်းဖြင့်တိုးတက်ရန် သေချာစွာ စီမံဆောင်ရွက်သွားမည်ဆိုပါက စီးပွားရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် နောက်ဆုံး ဟံသာဝတီလေဆိပ်များသာ ရှိသေးသည်။ မန္တလေးလေဆိပ်မှာ အရှေ့အာရှ အရှေ့တောင်အာရှနှင့် ဥရောပ အရှေ့ အလယ်ပိုင်းဒေသများကို သွားသည့် လမ်းကြောင်းပေါ်တွင် ရှိနေသည့် လေဆိပ်ဖြစ်သည်။ TOURISM အတွက်နှင့် စီးပွားရေးလုပ်ငန်းပါပတ်ဝန်းကျင်နောက်ခံရှိသည့်အတွက် CARGO လေဆိပ်ထက် ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ လမ်းဆုံလေဆိပ်အဖြစ် အဆင့်အတန်းမြင့်မြင့် တည်ဆောက်နိုင်လျှင် ပထဝီအနေအထားအရ ထိုင်းနှင့် စင်ကာပူကို ကျော်လွှားနိုင်သည့်အခွင့်အလမ်းများရှိသည်။

သုတေသန ပြုချက်များအရ လေကြောင်းလိုင်းကွန်ရက် (AIR LINE NETWORK မှာ HUB, & SPOKE က POINT TO POINT ထက် OPERATING COST များလျှော့ချနိုင်၍ အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်သည်။ ထို့ကြောင့် မန္တလေးလေဆိပ်မှနေပြီး HUB. & SPOKE ကွန်ရက်ဖြင့် ခရီးစဉ်များဆွဲလျှင် များစွာ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

ရန်ကုန်ကူးမှ ပတ်ဝန်းကျင်တွင် ဂရုပြု

ရယ်တီအာဘီမွှာနှင့် မဂ်လသုတ် အနှစ်ချုပ်မွှစာပေသင်တန်း

နေ့ရက် - ၁၅-၁၁-၂၀၁၄ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေ
အချိန် - နံနက် ၈ နာရီမှ ၁၁ နာရီအထိ
နေရာ - ပစ်တိုင်းထောင်မွှာရုံ(ပေါက်တောဝမီးပွိုင့်အနီး၊ ဘုရင့်နောင်လမ်း၊ အင်းစိန်မြို့နယ်)
ဆရာ - ဆရာကြီး ဦးချမ်းသာ(ထားဝယ်)
(အာဘိဝံသ၊ သီရိပဝရ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူပဋ္ဌကတ်တစ်ပုံဆောင်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
သာကေတမြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၆

ဒေါ်ခန့်ခန့်ချော **နှင့်** ၁။ ဒေါ်မြတ်မြတ်နွယ်
၂။ ဦးချစ်ကိုကို

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ ဒေါ်မြတ်မြတ်နွယ်၊ ဦးချစ်ကိုကို(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခန့်ခန့်ချောက ကတိပဋ္ဌာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ၊သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၇ ရက် (၁၃ဂ၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ယုယုဆွေ)**

တွဲဖက်မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ဒွေရတုမဂ်လာ ဂုဏ်ပြုဆုမွန်တောင်းလွှာ

ဦးနိုးနိုး + ဒေါ်မိုးမိုးဦး

(မိုးမိုးမမ္ဘယာမဂ်လာခန်းဝင်ပစ္စည်းဆိုင် - မော်လမြိုင်မြို့)တို့၏

၁၂-၁၁-၂၀၁၄ နေ့ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ဒွေရတုမဂ်လာရက်မြတ်မှသည် ရတုများစွာတိုင်အောင် ချစ်သား၊ ချစ်သမီး၊ ချစ်ပြေးများနှင့်အတူ ပျော်ရွှင်သာယာချမ်းမြေ့သည့်မိသားစုဘဝအား အတူထာဝရလျှောက်လှမ်းနိုင်ကြပါစေရန်နှင့် စီးပွားလာဘ်လာဘများ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

SWEETY HOME
မီသားစု

စာအုပ်စာပေ လူ့မိတ်ဆွေ

အမည်ပြောင်း ILBC စိန်ဂေဟာ (ပါရမီ)Pre-2 တွင်ပညာသင်ကြားနေသော စိုင်းစစ်ဝီရမင်းသန့်အား စိုင်းစစ်ဝီရဟု ပြောင်းလဲခေါ်ပါရန်။ **စိုင်းစစ်ဝီရ**

ရှေ့ပေါ်ရောရာကျော်

အမျိုးသားလွတ်တော်မှ

နိုင်ငံရပ်ခြားတွင် မှုခင်းဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများကို မိမိနိုင်ငံအတွင်း ကူညီစုံစမ်းပေးခြင်း၊ ရှာဖွေဖမ်းဆီးပြီး ပြန်လည်လွှဲပြောင်းပေးခြင်း၊ မိမိနိုင်ငံတွင် မှုခင်းဖြစ်ပွားပြီး ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေသည့် ပြစ်မှုကျူးလွန်သူ မြန်မာနိုင်ငံသားများကို ဖမ်းဆီးရမိရေးအတွက် အဖွဲ့ဝင်နိုင်ငံများထံ ဆက်သွယ်အကူအညီတောင်းခံခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရပ်ခြားတွင် ဖြစ်ပွားသော ပြစ်မှုများကို ထိုနိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့်သာ အရေးယူဆောင်ရွက်ခြင်းဖြစ်ရာ ထိုနိုင်ငံ၏ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးဆောင်ရွက်မှု၊ တရားစီရင်ပိုင်ခွင့် (Jurisdiction) တို့ကို မိမိတို့နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပါကြောင်း။

မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ အကြမ်းဖက်ခံရမှုနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွှန့်၊ စစ်သံမျှူး ဗိုလ်ချုပ်ဝင်းမောင်နှင့် ဒုတိယအတွင်းဝန် ဦးတင်အောင်ဝင်းတို့ အဖွဲ့သည် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန ဒုတိယအကြီးအကဲနှင့်အဖွဲ့ကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် သွားရောက်တွေ့ဆုံခဲ့ပါကြောင်း၊ တွေ့ဆုံရာတွင် မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများအား ထပ်မံအကြမ်းဖက်တိုက်ခိုက်မှုမရှိစေရန်အတွက် ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များ အပေါ် ကျူးလွန်သည့်တရားခံများကို အမြန်ဆုံးဖော်ထုတ်အရေးယူပေးနိုင်ရန် တောင်းဆိုခဲ့ပါကြောင်း၊ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန ဒုတိယအကြီးအကဲကလည်း ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုခင်းဖြစ်စဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံး အကြောင်းကြားပေးခဲ့ပါကြောင်း၊ မြန်မာသံရုံး၊ စစ်သံရုံးနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံသားများ၏ လုံခြုံရေးနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ပေးရန် မလေးရှားရဲတပ်ဖွဲ့ဌာနအသီးသီးသို့ ဆက်သွယ်ညွှန်ကြားဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသားများ၏ လုံခြုံရေးကိစ္စအား အလေးအနက်ထား ဆောင်ရွက်ပေးသွားမည်ဟု ပြန်လည်ပြောကြားခဲ့ပါကြောင်း။

နိုင်ငံတော်အနေဖြင့် မလေးရှားနိုင်ငံသို့ရောက်ရှိနေသော တရားမဝင်အထောက်အထားမဲ့ အလုပ်သမားများအား တရားဝင်ဖြစ်စေရေးအတွက် ငွေကြေးအကုန်အကျခံကာ ဝန်ကြီးဌာနသုံးခုမှ ဝန်ထမ်းများဖြင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးတွင်

ဒေါ်နန်းနီနီအေး (လွတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး) အစီရင်ခံစာဖတ်ကြားစဉ်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှစ၍ လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသော်လည်း မျှော်မှန်းထားသလောက် အလုပ်သမားများက လာရောက်ဆက်သွယ်လုပ်ကိုင်ခြင်းမရှိပါကြောင်း။

မလေးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်သတ်ဖြတ်မှုဖြစ်စဉ်များမှ တရားမဝင်လာရောက်နေထိုင်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားများအကြား အလုပ်အကိုင်လုခြင်း၊ ငွေရေးကြေးရေးပြဿနာများဖြစ်ပွားခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါးရောင်း ဝယ်သုံးစွဲခြင်းနှင့် အခြားပုဂ္ဂိုလ်ရေး ပဋိပက္ခများကိုအခြေခံ၍ ဖြစ်ပွားလျက်ရှိသည်ဟု မလေးရှားအာဏာပိုင်များက ထုတ်ဖော်ပြောကြားပါကြောင်း၊ မလေးရှားရောက် မြန်မာနိုင်ငံသား အချို့အပေါ် အကြမ်းဖက် သတ်ဖြတ်ခံရသည့် ကိစ္စနှင့်ပတ်သက်၍ မလေးရှားရဲဌာနများ၏ အမှုစုံစမ်းစစ်ဆေးရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအား မြန်မာသံရုံးသို့ရှင်းပြရာတွင် ပြစ်မှုကျူးလွန်ကြောင်း သံသယရှိသူများအား ဖမ်းဆီးစစ်ဆေးအရေးယူလျက်ရှိကြောင်း၊ အချို့ဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်ခြင်းကြောင့် သံသယရှိသူများအား စွဲချက်တင်နိုင်ရန် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံတွေ့ရှိရခြင်းမရှိသဖြင့် တရားရုံးသို့ စွဲချက်တင်နိုင်ရန် နှောင့်နှေးမှုများ ကြုံတွေ့ရပါကြောင်း၊ အချို့ဖြစ်စဉ်များတွင် တရားရုံးသို့စွဲချက်တင်ပို့နိုင်သော်လည်း၊ မျက်မြင်သက်သေအဖြစ် တင်ပြထားသူများက သက်သေထွက်ဆိုရန် ဝန်လေးကြခြင်း၊ မလေးရှားနိုင်ငံတွင် ဆက်လက်နေထိုင်ခြင်းမရှိတော့ဘဲ၊ အခြားနိုင်ငံများသို့ ပြန်သွားကြခြင်းကြောင့် အမှုပိတ်သိမ်းလိုက်ရသည်များလည်းရှိကြောင်း၊ ရဲဌာနများအနေဖြင့် တိုင်ကြားလာသောဖြစ်စဉ်များအပေါ် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ အကြမ်းဖက် တိုက်ခိုက်မှုများမှာ မလေးရှားနိုင်ငံ၌ လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများ အကြား၌သာမက မလေးရှားနိုင်ငံသားများ၌လည်း ဖြစ်ပွားတတ်သည်ကို တွေ့ရပါကြောင်း။

မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံသို့ တရားဝင်ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၏ ကောင်စစ်ကိစ္စရပ်များအပြင်၊ မလေးရှားနိုင်ငံတွင် တရားမဝင်ရောက်ရှိနေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများ၏ အရေးကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိရာ အချို့ကိစ္စရပ်များတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်သော်လည်း အချို့ကိစ္စရပ်များတွင် မိမိတို့မြန်မာနိုင်ငံသားများဘက်မှ အထောက်အထားမရှိဘဲ မလေးရှားနိုင်ငံတွင် တရားမဝင် နေထိုင်လျက်ရှိခြင်း၊ မလေးရှားနိုင်ငံ၏ တည်ဆဲဥပဒေနှင့် မကိုက်ညီခြင်းတို့ကြောင့် မြန်မာသံရုံးအနေဖြင့် မလေးရှားအာဏာပိုင်များနှင့် ညှိနှိုင်းပြောဆိုရာတွင် အကန့်အသတ်များ ကြုံတွေ့ရလျက်ရှိပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံသားများ အကြမ်းဖက်ခံရမှုများမှ လွတ်မြောက်လျှောပါးနိုင်ရေးအတွက် ပြည်ပသို့ မထွက်ခွာမီကပင် ပြည်သူလူထုများအကြား ဗဟုသုတ ရရှိနိုင်ရေးအတွက် ပညာပေးရေးလုပ်ငန်းများကို ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ပါက အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

ထို့ပြင် အစီရင်ခံစာ၏ သုံးသပ်တင်ပြချက်၌ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ၁၉၅၈ ခုနှစ်ကတည်းက ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန်ကူးသန်းသွားလာမှုများ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံကို အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်ရေး၊ ဒီမိုကရေစီ အစိုးရစနစ် ပြောင်းလဲမှုများနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်

ဗိုလ်မှူးချုပ် သက်ထွန်းအောင် (လွတ်တော်အခွင့်အရေးကော်မတီ ဝင်)အစီရင်ခံစာဖတ်ကြားစဉ်။

ထမ်းဆောင်မှုများတွင် မလေးရှားနိုင်ငံသည် မျှားစွာထောက်ခံကူညီမှုများပေးခဲ့သည့် မိတ်ဆွေရင်းချာနိုင်ငံဖြစ်ကြောင်း ထိုသို့ဖြစ်ပေါ်နေသော ချစ်ကြည်ရင်းနှီးမှုအကြောင်း တရားများကြောင့် မြန်မာနိုင်ငံသားများသည် မလေးရှားနိုင်ငံတွင် ပညာတော်သင်ယူမှုများ၊ အပြန်အလှန်ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးအရ၊ ဆက်သွယ်ဆက်ဆံမှုများ၊ မလေးရှားနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများတွင် မြန်မာနိုင်ငံသားများ ဝင်ရောက် အလုပ်လုပ်ကိုင်မှုများရှိနေကြောင်း။

၂၀၁၂-၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်အထိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ မလေးရှားနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်ကူညီတောင်းခံသည့် အမှု ၁၁ မှု၊ မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်အကူအညီတောင်းခံသည့်အမှု ၁၀ မှု စုစုပေါင်း ၂၁ မှုကို အပြန်အလှန် ဆက်သွယ်အကူအညီ တောင်းခံ ဆောင်ရွက်ခဲ့ကြောင်း။

မလေးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံသားများ အကြမ်းဖက်အသတ်ခံရမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန်လမ်းကြောင်းမှ လည်းကောင်း ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး မေးမြန်းရာ ၎င်းတို့၏ စိစစ်တွေ့ရှိချက်များအရ မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်နေခြင်းမဟုတ်ကြောင်း၊ မလေးရှားနိုင်ငံတွင် အလားတူ မှုခင်းများ အခါအားလျော်စွာ ဖြစ်ပွားလျက်ရှိရာ အထူးသဖြင့် တရားမဝင်လာရောက်နေထိုင်လုပ်ကိုင်နေသည့် နိုင်ငံခြားသားများအကြား အလုပ်လုလုပ်ခြင်း၊ ငွေကြေးပြဿနာဖြစ်ခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲခြင်းနှင့် အခြားပုဂ္ဂိုလ်ရေးပဋိပက္ခများကြောင့် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ မလေးရှားနိုင်ငံတွင် နိုင်ငံခြားသား အများစုမှာ တရုတ်၊ အင်ဒိုနီးရှား၊ ဘင်္ဂလီ၊ မြန်မာနှင့် နီပေါလူမျိုးများ ဖြစ်ပြီး တရုတ်လူမျိုးနှင့် ပြဿနာဖြစ်ပွားမှုနည်းပါးပြီး ကျန်လူမျိုးများနှင့် မှုခင်းဖြစ်ပွားမှုများပြားကြောင်း၊ အခြားနိုင်ငံခြားသားများ၏ အကြမ်းဖက်သတ်ဖြတ်ခံရသည့် ဖြစ်စဉ်များလည်း ပေါ်ပေါက်လျက်ရှိနေသောကြောင့် မြန်မာနိုင်ငံသားများကိုမှ ရွေးချယ်ပြီး သတ်ဖြတ်သည်ဟု ယူဆ၍ မရနိုင်ကြောင်း။

မြန်မာနိုင်ငံသားများ အကြမ်းဖက်သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွှန့်သည် မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန အကြီးအကဲအား သွားရောက်တွေ့ဆုံခဲ့ပြီး မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများအား ထပ်မံအကြမ်းဖက်တိုက်ခိုက်မှုမရှိစေရေးအတွက် မလေးရှား ပြည်ထဲရေးဝန်ကြီးဌာန ရဲချုပ်ရုံးသို့ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တစ်ခုခြင်းအလိုက် စကားပြောကြေးနန်းဖြင့် ဆက်သွယ်၍လည်းကောင်း၊ တရားဝင်စာဖြင့် ပေးပို့၍လည်းကောင်း ဖြစ်စဉ်များအပေါ် အမြန်ဆုံး စုံစမ်းစစ်ဆေးဖော်ထုတ်ပေးရန်၊ ပြစ်မှုကျူးလွန်သူများအား အရေးယူပေးပါရန်နှင့် မြန်မာနိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ပေးပါရန် စဉ်ဆက်မပြတ် ညှိနှိုင်းမေတ္တာရပ်ခံလျက်ရှိသည်ကို တွေ့ရှိရ၍ မြန်မာနိုင်ငံအစိုးရအနေဖြင့် မျက်ကွယ်ပြုခြင်းမရှိကြောင်း။

ပြည်ပနိုင်ငံတစ်ခုတွင် ရောက်ရှိနေကြသည့် နိုင်ငံခြားသားများ အနေဖြင့် အဆိုပါနိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ပြီး ထိုနိုင်ငံ၏ ဥပဒေကလည်း နိုင်ငံခြားသားများကို ကာကွယ်စောင့်ရှောက်မှုပေးရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံရှိမြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှလည်း ဥပဒေနှင့်အညီ ရပ်တည်ကာ မိမိနိုင်ငံသားများဘက်မှ နစ်နာမှုမရှိစေရန်အတွက် ကာကွယ်စောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အမျိုးဘာသာစကား ကွဲပြားမှုရှိသူများအကြား ပဋိပက္ခဖြစ်မှုများနှင့် ဆက်နွယ်လျက် မလေးရှားနိုင်ငံတွင်လည်း မြန်မာနိုင်ငံသားများအား ရွေးချယ်အကြမ်းဖက်မှုများ ပြုလုပ်သည်ဟူသော အချက်သည် ခိုင်လုံမှုမရှိကြောင်း၊ အချို့ကိစ္စရပ်များတွင် ပုဂ္ဂိုလ်တစ်ဦးချင်း ကိုယ်စီတာဝန်ယူမှုအားနည်းမှုများနှင့်လည်း သက်ဆိုင်သည်ဟုယူဆကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့၏တင်ပြချက်တွင် ဝန်ကြီးဌာနသုံးခုမှ ဝန်ထမ်းများဖြင့် မလေးရှားနိုင်ငံ သံရုံးတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှစ၍ အလုပ်သမားများအကျိုးအတွက် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသော်လည်း မျှော်မှန်းသလောက် အလုပ်သမားများ လာရောက်ဆက်သွယ်လုပ်ကိုင်ခြင်း မရှိပါကြောင်း။

မြန်မာနိုင်ငံမှ တာဝန်ရှိသူများက မလေးရှားနိုင်ငံမှ အာဏာပိုင်များနှင့် ပူးပေါင်း ဆောင်ရွက်နေသကဲ့သို့ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့်လည်း နှစ်နိုင်ငံ တရားဥပဒေများကို လေးစားလိုက်နာကြပြီး သတိရှိရှိသွားလာနေထိုင်ကြရေး၊ လူမှုကွန်ရက်သတင်းများတွင် ဖြစ်ပေါ်နေမှုများကို အဖြစ်မှန်သိရှိစေရန်နှင့် အရေးပေးအခြေအနေတွင် ဆက်သွယ်နိုင်သည့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် ကွန်ရက်အဖွဲ့အစည်းများထားရှိနိုင်ရေး၊ မြန်မာ-မလေးရှား နှစ်နိုင်ငံ ပြစ်မှုဆိုင်ရာများတွင် ဥပဒေအရ အပြန်အလှန် အကူအညီပေးနိုင်ရေး (Mutual Legal Assistance Mechanism)ကို ထူထောင်ဆောင်ရွက်ပါက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်းဖြင့် သုံးသပ်ထားကြောင်း သိရသည်။**(သတင်းစဉ်)**

ကျောက်တော်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ကျောက်တော် နိုဝင်ဘာ ၁၁

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် လဝကဦးစီးဌာနက ကြီးမျူးကျင်းပသော မိုးပွင့်အဆင့်(၇) နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို နိုဝင်ဘာ ပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ကျင်းပရာ မြောက်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းလတ် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်လဝကဦးစီးမှူး ဦးမင်းဇော်က မိုးပွင့်စီမံချက်များအရ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အိမ်တိုင်ရာရောက် နေ့ချင်းပေါက်ဆောင်ရွက်ပေးနေသည်မှာ အဆင့် (၇) သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အသက်(၁၀ နှစ်)ပြည့် ကျောင်းသားလူငယ်များမှသည် အသက်အကန့်အသတ်မရှိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုပေးအပ်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူခဲ့ကြသည်။ **(ဧည့်သူ)**

အထက(၂) အလုံ အာစရိယပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အထက(၂)ကျောင်းသား/သူများ၏ ၁၉၆၂-၁၉၆၃ မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အထိပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် (အမျိုးသားနေ့) ၁၆-၁၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် အထက(၂) အလုံ ကျောင်းဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား/ကျောင်းသူများအားလုံး တက်ရောက်ပေးပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းပေးပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့

ဦးချိုမြင့်	ဖုန်း-၀၉-၅၁၅၁၅၅၇	ဦးထွန်းလှိုင်	ဖုန်း-၀၉-၅၁၀၁၁၉၅
ဒေါ်ယဉ်ယဉ်ဆွေ	ဖုန်း-၀၉-၇၃၀၄၁၂၆၁	ဒေါ်ကျင်လှိုင်	ဖုန်း-၀၉-၅၁၁၁၅၇၈
ဦးတင်ကြိုင်	ဖုန်း-၀၉-၇၃၂၀၅၃၃၇	ဦးမြတ်သိန်းမိုး	ဖုန်း-၀၉-၄၉၂၉၅၅၃၅
ဒေါ်စန်းစန်းဦး	ဖုန်း-၀၉-၅၁၅၂၉၆၉	ဒေါ်သန်းသန်းဝင်း	ဖုန်း-၀၉-၇၃၀၉၇၀၈၄
ဦးရန်နိုင်စိုး	ဖုန်း-၀၉-၄၂၁၁၆၇၀၃၀	ဦးထွန်းစိန်	ဖုန်း-၀၉-၅၀၀၉၆၅၅၇
ဒေါ်မြင့်မြင့်စန်း	ဖုန်း-၀၉-၄၂၅၃၀၄၃၁၉	ဦးဝေလွင်	ဖုန်း-၀၉-၄၃၁၅၁၄၄၈

ငှားရန်ရှိသည်

၁။ ခြံ (၅၀×၁၀၀) 2RC လုံးချင်းတိုက်သစ်၊ အဆင့်မြင့်ပြင်ဆင်ပြီး Full Furnature စက်မှု ၄ လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေ၊ (၃၅)သိန်း၊ ညှိနှိုင်း။

၂။ ပေ(၃၀×၁၀၀) မြေညီပထမထပ်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ရုံးခန်းဖွင့်ရန်ကောင်း၊ မင်းရဲကျော်စွာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း၊ (၂၅)သိန်း၊ ညှိနှိုင်း။ **ဖုန်း-၀၉-၂၅၁၁၈၄၄၂**

UN HABITAT
FOR A BETTER URBAN FUTURE
United Nations Human Settlements Programme

Notice on Expression of Interest (EOI)
EOI NO. EOI/UNH/MYA/14-001

UN-Habitat (Myanmar) invites Expression of Interest (EOI) for Software Development Services to UN-Habitat (Myanmar), Land Administration and Management Project (LAMP). For downloading copies of detailed requirements and deadline, please visit https://www.ungm.org/Public/Notice/30446.

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၉၉၀၊ ဒိန်းဒိန်းကုန်းတောင်ခြေနှင့် ဒေါနတောင်ခြေသို့ သွားသောလမ်း ထောင့်ရှိ မြေကွက်ဧရိယာ ၂ဒသမ ၇၈၅ဧကကို ဟိုတယ်ဆောက်လုပ်ရန်အတွက် မြေပေးမိန့်ချပေးပါရန် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် ၁၆ (A-2)နေ ဦးစိုးသိန်းက လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း တင်ပြကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

အလိမ္မာ စာမှာရှိ

(၁၅)ကြိမ်မြောက် အာဆီယံပူးပေါင်း ညှိနှိုင်းရေးကောင်စီ အလုပ်သဘော ညစာစားပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မက်စ်ဟိုတယ်တွင် အလုပ်သဘော ညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။ အဆိုပါ အလုပ်သဘော ညစာစားပွဲနှင့်အတူ (၁၅)ကြိမ်မြောက် အာဆီယံညှိနှိုင်းမှုကောင်စီ၏ အစည်းအဝေးကို ကျင်းပခဲ့ရာ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီဝင်များဖြစ်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

(အပေါ်ပုံ)

အစည်းအဝေးတွင် အာဆီယံ၏ လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်းသည့် အာဆီယံအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် အစီရင်ခံစာ၊ အာဆီယံဆိုင်ရာ အမြတမ်းကိုယ်စားလှယ်များ ကော်မတီ၏ တိုးတက်မှုအစီရင်ခံစာ၊ အာဆီယံပေါင်းစည်းရေး လုပ်ငန်းအဖွဲ့၏ ကနဦးဆောင်ရွက်မှုဥက္ကဋ္ဌ၏အစီရင်ခံစာ၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ၏ အစီရင်ခံစာ၊ ၂၀၁၅ ခုနှစ် အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး အားဖြည့်ခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာများကို မှတ်တမ်းတင်ခဲ့သည်။ ထို့အပြင် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်ဆိုင်ရာ နေပြည်တော် မူဘောင်ကြေညာချက်၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး အားဖြည့်ခိုင်မာစေရေးနှင့် အာဆီယံ အဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေးဆိုင်ရာကြေညာချက်နှင့် ၂၀၁၄ ခုနှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံပူးတွဲကြေညာချက်တို့ကို အာဆီယံထိပ်သီးအစည်းအဝေးမှ အတည်ပြုချမှတ်နိုင်ရေးအတွက် ထောက်ခံတင်ပြရန် ဆုံးဖြတ်ခဲ့သည်။

(၁၅) ကြိမ်မြောက် အာဆီယံညှိနှိုင်းမှုကောင်စီ အစည်းအဝေးက ၂၀၁၅-၂၀၁၇ ခုနှစ်သက်တမ်းအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဌာနတွင် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် စင်ကာပူနိုင်ငံမှ အဆိုပြုတင်ပြလာသည့် သံအမတ်ကြီး မစ္စတာ အမ်၊ ဒီ၊ ပီ ဟီရူးဘာလန် အားခန့်ထားရန် အဆိုပြုချက်ကို သဘောတူညီခဲ့ပြီး ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ လုပ်ငန်းလည်ပတ်မှုဘတ်ဂျက်ကို အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီလုပ်ငန်းအဖွဲ့ တတိယအကြိမ် စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီလုပ်ငန်းအဖွဲ့၏ တတိယအကြိမ်အစည်းအဝေးကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၁)တွင် ယနေ့ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ ခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံ လူမှုယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ၏ ပူးပေါင်းညှိနှိုင်းရေးကောင်စီလုပ်ငန်းအဖွဲ့၏ တိုးတက်မှုအစီရင်ခံစာ၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံ အသိုက်အဝန်း၏မျှော်မှန်းချက်တွင် ပါဝင်ရမည့် အဓိကအခြေခံအချက်များနှင့် ၂၀၁၅ ခုနှစ် အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက်ဆိုင်ရာ နေပြည်တော်ကြေညာချက်တို့ကို အပြီးသတ်သဘောတူ ဆွေးနွေးခဲ့ပြီး နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ (၁၅)ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ၏အစည်းအဝေးမှတစ်ဆင့် တင်ပြသွားမည်ဖြစ်သည်။

အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်တွင်ပါဝင်ရမည့် အခြေခံအချက်များတွင် အာဆီယံပြင်ပ ဆက်ဆံရေးအပါအဝင် အာဆီယံ အသိုက်အဝန်းသုံးရပ်လုံး အကျုံးဝင်သည့် အဓိကအချက်များပါဝင်ပြီး ယင်းအခြေခံအချက်များကို အခြေခံ၍ ၂၀၁၅ ခုနှစ်အလွန် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်ကို ဆက်လက်ရေးဆွဲသွားကြမည်ဖြစ်သည်။ ယင်းအဓိကအချက်များတွင် ဒေသတွင်းတွင် အာဆီယံ၏ဗဟို အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းသွားရန်၊ ကွဲပြားမှုကိုအခြေခံ၍ ညီညွတ်မှုရှိသည့် ကောင်းတူဆိုးဖက် အသိုက်အဝန်းအဖြစ် ဆက်လက်ရပ်တည်သွားရန်၊ အာဆီယံပဋိညာဉ်စာတမ်းနှင့် ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသည့်အခြေခံမူများ၊ အခြားသော အာဆီယံစာချုပ်များနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် စံနှုန်းများကို လိုက်နာသွားရန်၊ အာဆီယံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန်၊ အာဆီယံ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားသော ပြင်ပဆက်ဆံရေးများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန်၊ ရေရှည်တည်တံ့ပြီး တစုတစည်းတည်းရှိသော အာဆီယံ စီးပွားရေးနှင့် ဟန်ချက်ညီသော လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ကိုဖန်တီးသွားရန် စသည့်အချက်များ ပါဝင်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ် စာမေးပွဲဖြေဆိုမည့်သူများ၏ ခုံအမှတ်စာရင်းကို SKY NET Education Channel မှထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲအတွက် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့တွင် ဖြေဆိုမည့်သူများ၏ ခုံအမှတ်၊ စာစစ်ဌာန၊ ဖြေဆိုရမည့်ရက်စွဲနှင့် အချိန်စာရင်းတို့ကို SKY NET Education Channel မှ ၁၃-၁၁-၂၀၁၄ ရက်နေ့တွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်လွှင့်မည်ဖြစ်ပြီး ကျန်စာစစ်ဌာနများအတွက်လည်း ၁၄-၁၁-၂၀၁၄ ရက်နေ့နှင့် ၁၅-၁၁-၂၀၁၄ ရက်များတွင် ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထုတ်လွှင့်မည့်နေ့ရက်	ထုတ်လွှင့်မည့်အချိန်	စာစစ်ဌာနအမည်	ဖြေဆိုမည့်ရက်စွဲ
၁၃-၁၁-၂၀၁၄	နံနက် ၁၀း၄၂	အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်	၆-၁၂-၂၀၁၄
	နံနက် ၁၀း၅၁	အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်	၇-၁၂-၂၀၁၄
	နံနက် ၁၁း၁၈	အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်	၈-၁၂-၂၀၁၄
	မွန်းလွဲ ၁၂း၄၁	အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်	၉-၁၂-၂၀၁၄
	မွန်းလွဲ ၁း၄၀	ရန်ကုန်ကွန်ပျူတာ(ဗဟန်းနယ်မြေ)	၆-၁၂-၂၀၁၄
	မွန်းလွဲ ၂း၁၆	ရန်ကုန်ကွန်ပျူတာ(ဗဟန်းနယ်မြေ)	၇-၁၂-၂၀၁၄
	ညနေ ၄း၄၁	ရန်ကုန်ကွန်ပျူတာ(ဗဟန်းနယ်မြေ)	၈-၁၂-၂၀၁၄
	ညနေ ၅း၄၆	ရန်ကုန်ကွန်ပျူတာ(ဗဟန်းနယ်မြေ)	၉-၁၂-၂၀၁၄
	ညနေ ၆း၄၂	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်	၆-၁၂-၂၀၁၄
	ည ၇း၄၂	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်	၇-၁၂-၂၀၁၄
	ည ၁၁း၃၇	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်	၈-၁၂-၂၀၁၄

မိုးလေဝသအခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၉ရက် (တနင်္ဂနေ့) (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့် ကျော် ၃ ရက်) ၁၀း၀၀ နာရီမှ ၁၃း၀၀ နာရီအထိ City Park Hotel မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် ကျင်းပပြုလုပ်ခဲ့သော ကျွန်တော် ကျွန်မတို့၏ လက်ထပ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲသို့ လာရောက်ချီးမြှင့်ပေးခဲ့ကြသော ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်ညွှန့်၏ဇနီး ဒေါ်သီတာစိန်၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဗိုလ်ရှိန်နှင့်ဇနီး ဒေါ်နုနုလွင်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းအောင်နှင့်ဇနီး ဒေါ်တင်မိုးနွယ်၊ ထိမ်းမြားမင်္ဂလာလက်ထပ်ပေးခဲ့သော ကချင်ပြည်နယ် တရားသူကြီးချုပ် ဦးတူးဂျာနှင့် တရားရုံးမှဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ရပ်နီးမှစစ်ဘက်၊ နယ်ဘက် ဆွေမျိုးမိတ်သင်္ဂီဟများ၊ ရပ်ဝေးမှချီးမြှင့်ကြသော မိဘဆရာသမားညီအစ်ကိုမောင်နှမများနှင့် ဆွေမျိုးမိတ်သင်္ဂီဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော စစ်ဘက်၊ နယ်ဘက်မှ မိတ်ဆွေများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

မောင်ခိုင်ဇော်ဝင်း(ခ)ရဲမင်း-မစောယုလှိုင်နှင့်
နှစ်ဖက်မိဘများ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊မြေတိုင်းရပ်ကွက် အမှတ် ၂၀/ဂုဏ်တန်ရပ်၊ဦးပိုင်အမှတ် (၁၅၆)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ အစိုးရမြေကွက်အား ဒေါ်ရီရီမော် ၉/ လဝန(နိုင်)၀၁၂၉၈၉ (ဘ)ဦးလှအောင် မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေဌားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရောင်းရန်ရှိသည်

(၁၅ပေ×ပေ၅၀)၊ မြေညီထပ်၊အသင့်ပြင်ဆင်ပြီး၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေ၊ သိန်း(၁၅၀၀)၊ ညှိနှိုင်း။ ဖုန်း-၀၉-၂၅၉၁၈၄၄

ဓာတုပ်တပေ လူ့မိတ်ဆွေ

THE WORLD'S NUMBER ONE
LUXURY CAR BRAND SHOWROOM IS OPENING.

Prestige Automobiles
Myanmar
Show
Driving Pleasure

Prestige Automobiles

Address : 485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Contact : +95 (1) 230 6133, (9) 8633 209 or email : info@pac-bmw.com
www.bmwmyanmar.com Facebook : www.facebook.com/BMWPAC

PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

သဘာဝအရင်းအမြစ်များနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များတည်ရှိသည့် သီပေါမြို့သို့ ကမ္ဘာလှည့်ခရီးသွားများ ယခုနှစ်တွင်ပိုမိုများပြား

သီပေါ နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး လှပထင်ရှားသော ရှေးမြို့တစ်မြို့ဖြစ်သဖြင့် နေ့စဉ်နှင့်အမျှ နိုင်ငံခြားသားခရီးသွားများ ဝင်ထွက်သွားလာလျက်ရှိသည်။

နိုင်ငံခြားခရီးသွား ကမ္ဘာလှည့်ဧည့်သည်များသည် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသအသီးသီးသို့ အုပ်စုအလိုက် သွားရောက်လေ့လာကြပြီး သဘာဝအရင်းအမြစ်များနှင့် ဆောက်လုပ်နေထိုင်ကြသည့် တိုင်းရင်းသားရိုးရာနေအိမ်များ၊ ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုဘုရားကြီးနှင့် တန်ခိုးကြီးဘုရားများကိုဖူးမြော်ကြသည်။ ထို့ပြင် သဘာဝအရင်းအမြစ်များအတိုင်းတည်ရှိသော ရေတံခွန်များ၊ ဒုဋ္ဌဝတီမြစ်ဆုံအလှများကို ခြေကျင်နှင့် တစ်မျိုးစက်ဘီးနှင့်တစ်ဖုံ သွားရောက်အပန်းဖြေ လေ့လာကြသည်။

သီပေါမြို့(အုန်းဘောင်မြို့) သည် အကွင်းအကွက်ကျနစွာ တည်ဆောက်ထားသည့်အပြင် လှပသော တောင်တန်းများ ဝန်းရံထားခြင်း၊ ဒုဋ္ဌဝတီမြစ်ကြီးမှာလည်း မြွေကြီးတစ်ကောင်ပမာ မြို့ကိုရစ်ခွေစီးဆင်းနေခြင်းများကြောင့် သဘာဝပန်းချီကားချပ်ကြီး တစ်ခုအလား မြို့နှင့်ပန်းရလှပေသည်။ ဒေသခံတိုင်းရင်းသားများမှာလည်း ရိုးသားဖြူစင်ကြည်ရိုင်းပင်း စောင့်ရှောက်တတ်သော စေတနာ၊ မေတ္တာအလှတရားများကြောင့် ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခင်ကထက် ပိုမိုလာရောက် လည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။ **နိုင်း(သီပေါ)**

ပခုက္ကူစာပေဆုတတိယဆုရ စာအုပ်သစ်များဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၁၁

ပခုက္ကူခြိုးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲများတွင် တတိယဆုရရှိခဲ့သော စာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာအုပ်အဖြစ်ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါ စာအုပ်များမှာ ၂၀၁၁ ခုနှစ် ပခုက္ကူစာပေဆုဝတ္ထုရှည် တတိယဆုရ ခင်လပြည့်ဝန်း၏ **"ရေဆုံးရေဖျား"** (ရောင်းစျေး ၁၀၀၀ ကျပ်)၊ ၂၀၁၂ ခုနှစ် ပခုက္ကူစာပေဆု သုတေသနစာပေ တတိယဆုရ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၏ **"ရှိ၌မီးဖုတ်အုတ်အလှ ပန်းအလက်ာ"** (ရောင်းစျေး ၅၀၀ ကျပ်)၊ ၂၀၁၂ ခုနှစ် ပခုက္ကူစာပေဆုဝတ္ထုရှည် တတိယဆုရ တင့်ထွန်း(ချောက်)၏ **"မနက်ဖြန်ပေါင်းများစွာသို့တိုင်"** (ရောင်းစျေး ၈၀၀ ကျပ်)၊ ၂၀၁၂ ခုနှစ် ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ ရန်ကုန်ဌေးဇော်၏ **"သူ့ဌေးဝတ္ထုတိုပေါင်းချုပ်"** (ရောင်းစျေး ၆၀၀ ကျပ်)၊ ၂၀၁၂ ခုနှစ် ပခုက္ကူစာပေဆု ကျမ်းစာပေ တတိယဆုရ ဇင်မင်း(သမိန်ထော) **"အနုသုခုမ သမိုင်းစဉ်မှ မြန်မာ့ဂီတတီးဝိုင်းများ"** (ရောင်းစျေး ၇၀၀ ကျပ်) တို့ဖြစ်သည်။

အမှတ် ၅၂၉-၅၃၀ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ နှင့် အမှတ် ၂၄၅-၂၄၇ အနော်ရထာလမ်းနှင့် ၉လမ်းထောင့်၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ အမှတ် တ-၅၅ သပြေကုန်းစျေးနေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ အမှတ် ၁၅၉၊ ၆၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၀ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့

အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၂) စစ်ကိုင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၃-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - ၉း၀၀ နာရီ
နေရာ - မြမဇ္ဈုခန်းမ၊ အထက(၂)၊ စစ်ကိုင်း

သစ်လုံးခွဲမည်

Band Saw သစ်စက်ကြီးဖြင့် သစ်လုံးခွဲစိတ်ခြင်း၊ ဟိုတယ်၊ အဆင့်မြင့်အိမ်ရာများတွင်သုံးရန် သစ်များအက်ကွဲခြင်း၊ ကျုံ့ခြင်း၊ ကြွခြင်း၊ လိမ်ကောက်ခြင်း၊မူလသဘာဝအရောင်မပျက်အောင် ထိန်းသိမ်းခြင်း၊ မှိုတက်ခြင်းများကာကွယ်ရန်အတွက် သစ်ပေါင်းဖိုများဖြင့် အခြောက်ခံခြင်း၊ အဆင့်မြင့် သစ်အချောထည်များ ထုတ်လုပ်ပေးခြင်း၊ ပြည်တွင်းပြည်ပဈေးကွက် ရှာဖွေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးပါမည်။

ဖုန်း-၀၉-၅၁၀၇၈၃၂၊ ၀၉-၈၆၃၅၇၆၆၊ ၀၉-၅၁၀၇၈၃၀၊ ၀၉-၅၁၀၇၈၃၃

ရန်ကုန်စက်မှုဇုန်

မြေကွက် ၂ ဧက ရောင်းမည်။
ပွဲစားမလို။
ဖုန်း-၀၉-၂၅၀၀၁၇၄၉၉၊ ၀၉-၄၅၀၀၁၆၉၇၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ အဆောင် ၃၀၊ အခန်း-၇နှင့်ပတ်သက်သော စာရွက်စာတမ်းများ(ပိုင်ရှင်ဦးကျော်မိုးအမည်သို့ ပြောင်းလဲထားသော အမည်ပြောင်း အကြောင်းကြားစာ၊ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်)များမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနတွင် မိတ္တူလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်နားစခန်း၊ ကွပ်ကဲမှုရုံးသို့စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးကျော်မိုး
၈/မထန(နိုင်)၀၃၅၁၃၃၈
အဆောင် ၃၀၊ အခန်း ၇၊
စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ အဆောင်၃၀၊ အခန်း ၆နှင့် အဆောင်(၈/၆)၊ အခန်း (၈) ဆိုင်ခန်းတို့နှင့်ပတ်သက်သော စာရွက်စာတမ်းများ (ပိုင်ရှင် ဒေါ်ရွှေဇင်ဝင်းအမည်သို့ ပြောင်းလဲထားသော အမည်ပြောင်း အကြောင်းကြားစာ၊ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်)များမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနတွင် မိတ္တူလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်နားစခန်း၊ ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ဆွေဇင်ဝင်း
၈/မထန(နိုင်)၀၉၅၁၃၃၈
အဆောင် ၃၀၊ အခန်း ၆၊
စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ သုခလမ်း၊ မြေကွက်အမှတ်(၂၆၅/ခ)ဟုခေါ်တွင်သော တရားဝင်ပေးခွဲခဲ့ရမစ်တရားသေးသည့်(ပေ ၂၀× ပေ၆၀) ကျယ်ဝန်းသော ဦးအေးမောင် ၁၂/တမန(နိုင်)၀၃၇၅၆၉ အမည်ပေါက် မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်ပါသည်ဟု ဝန်ခံကတိပြုသူ ဦးတင်မြင့် ၈/သရန(နိုင်)၀၀၄၇၁၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်၆၆)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း နိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ဝေဝေလွင်
အထက်တန်းရှေ့နေ(စဉ်-၂၂၁၉၃)
အမှတ် ၁၆၂၀/ခ၊ ဦးမင်းလမ်း၊ (၄၂)ရပ်ကွက်၊ မြောက်/ဒဂုံ၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃/၄၄၇၂ Toyota RAVA 4 ACA 21 S/W(4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းထွန်း ၉/မနတ(နိုင်)၀၁၇၂၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ် ၈၁(B)၊ လက်ဝဲသုနှရလမ်း၊ (၃၂)ရပ်ကွက်နေ (ဘ)ဦးခင်မောင်ဆန်း၊ (မိခင်) ဒေါ်ခင်ကျော့ ၁၂/ဥကတ(နိုင်)၀၄၄၇၆၄ ၏ သမီးမခင်မျိုးသိမ့် ၁၂/ဥကတ(နိုင်)၁၃၆၅၃၂ သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

မိခင်
ဒေါ်ခင်ကျော့
၁၂/ဥကတ(နိုင်)၀၄၄၇၆၄

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

သာစည်မြို့နယ်တွင် အခါမဲ့မိုးကြောင့် ကုလားပဲခင်းဧက ၆၀၀ ကျော် ရေလွှမ်းမိုးခံရ

သာစည် နိုဝင်ဘာ ၁၁

မိတ္ထီလာခရိုင် သာစည်မြို့တောင်ဘက် ခုနစ်မိုင်ခန့်အကွာ ညောင်ရမ်းကန်ရေသောက်တွင် ပေါက်တောကျေးရွာရှိသည်။ ပေါက်တောကျေးရွာအုပ်စု ပေါက်တောကျေးရွာတွင် အိမ်ခြေ ၂၆၀ ကျော်ရှိပြီး လူဦးရေ ၁၄၄၀ ရှိသည်။ ပေါက်တောကျေးရွာတွင် တောင်သူလယ်သမားအများစု နေထိုင်ကြပြီး တောင်သူလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်နေကြသည်။

ပေါက်တောကျေးရွာမှ လယ်ယာများမှာ ညောင်ရမ်းကန်အတွင်းတွင် ရှိသည်။ ညောင်ရမ်းကန်မှာလည်း ရေဝင်နည်းသဖြင့် ကန်အတွင်းလယ်ယာများမှာ ရေမရဘဲဖြစ်နေသည်။ နှစ်စဉ်လည်း ယခုလို မိုးရာသီတွင် တောင်သူများက ကုလားပဲကြိစိုက်ပျိုးကြသည်။ ယခုနှစ်တွင်လည်း တောင်သူ ၁၈၀ ကျော်တို့က ညောင်ရမ်းကန်အတွင်း ကုလားပဲကြိစိုက်ပျိုးထားခဲ့သည်။ ကုလားပဲ တစ်ဧက နှစ်တင်းနှုန်းဖြင့် တစ်ဧက ၃၀၀၀၀ ကျော် အကုန်အကျခံ၍ တောင်သူများက ကုလားပဲဧက ၆၀၀ ခန့် စိုက်ပျိုးခဲ့ကြသည်။ ယခုအခါ ကုလားပဲပေါက်လာပြီဖြစ်သည်။ ဤကဲ့သို့ ကုလားပဲပင်ပေါက်နေချိန်တွင် နိုဝင်ဘာ ၇ ရက်မှုန်တိုင်းမိုးကြောင့် ပျော်ဘွယ်အနောက်ဘက်ရှိ ရွာသိုးဖြူ တောင်၊ နတ်ကာတောင်နှင့် ချောင်းမကျီး၊ အနောက်မြောက်ဘက်တွင် မိုးများ ပြီး တောင်ကျရေများမြောက်ဘက်သို့ ဒလဟောစီးဝင်လာရာ သာစည်မြို့နယ် ညောင်ရမ်းကန်အတွင်း ရေများစီးဝင်လာသဖြင့် ပေါက်တောကျေးရွာရှိ ကုလားပဲခင်းဧက ၆၀၀ ကျော်မှာ ရေးလွှမ်းမိုးပျက်စီးသွားခဲ့သည်။ အချိန်ခါမဲ့မိုးကြောင့် ကုလားပဲခင်းဧက ၆၀၀ ကျော် ပျက်စီးသွားသဖြင့် သိန်းပေါင်း ၁၇၀ ကျော် ဆုံးရှုံးပျက်စီးသွားခဲ့သည်။ ယခုပျက်စီးသွားသော ကုလားပဲခင်း များကို တစ်လခန့်အခြောက်ခံပြီး ပြန်လည်စိုက်ပျိုးကြမည်ဟု သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

ရေကြည်မြို့နယ် စိုက်တိုးမြှင့်အဖွဲ့မှ ပိတ်ဆို့တာတမံများအား ရှင်းလင်းဆောင်ရွက်

ရေကြည် နိုဝင်ဘာ ၁၁

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်၌ ပြီးခဲ့သည့်ရက်အတွင်းက မိုးများရွာသွန်းမှုကြောင့် ရေသွင်းရေထုတ်မြောင်းများရေလျှံပြီး ရိတ်သိမ်းချိန် ရောက်ရှိနေပြီဖြစ်သော စပါးခင်းများနှင့် ပဲစိုက်လယ်မြေများသို့ ရေများဝင်ရောက်မှုကို တောင်သူများက ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူးထံ သို့သတင်းပို့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက သတင်းရလျှင်ရချင်း ရေများလျှံကျစေရန်အတွက် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များနှင့် သက်ဆိုင်ရာကျေးရွာများသို့ သွားရောက်ကာ လယ်ယာမြေများ ရေဝင်နေမှုအခြေအနေနှင့် ဝင်ရောက်ပြီးရေများ အမြန်ဆုံးပြန်ထွက်နိုင်ရေးအတွက် ရုံးတုံးကျေးရွာအုပ်စု၊ ကျားချောင်ကျေးရွာအုပ်စု၊ သယ်နံးဒေါင့်ကျေးရွာအုပ်စုရှိ ရေသွင်းရေထုတ်မြောင်းများအားပိတ်ဆို့ပြီး ငါးရှာနေသူများကိုခေါ်ယူပြီး ပညာပေးဟောပြောခြင်း၊ တာတမံများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဖျက်ဆီးရန်လိုကြောင်း တိုက်တွန်းပြောကြားပြီး တာတမံပိတ်ဆို့သူများကို စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများရှေ့တွင် ဝန်ခံကတိလက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ပြီး ရေများအချိန်မီ ကျဆင်းနိုင်ရန်အတွက် တာတမံပိတ်ဆို့သူများက တာဝန်ရှိသူများရှေ့တွင် ပိတ်ဆို့မှုများ ဖယ်ရှားပေးခဲ့ကြောင်း ယင်းစိုက်တိုးမြှင့်အဖွဲ့တွင် ပါဝင်သော ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကြည်ဝင်း၊ ငါးလုပ်ငန်းဦးစီးအရာရှိ ဦးမောင်မောင်၊ စက်မှုလယ်ယာမှ ဒုဦးစီးမှူး ဦးမြင့်စိုးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက နိုဝင်ဘာ ၈ ရက် နံနက်မှ စ၍ ကျေးရွာများအရောက် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

ပြည်တွင်းသတင်းနှင့် ကြေငြာ

သားငါးသယံဇာတများ ရှားပါးမှုမရှိစေရန် ဝိုင်းဝန်းဆောင်ရွက်

အိမ်နီးချင်း တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ်ကမ်းစပ်ဒေသ၏ ငါးမျိုးစိတ်အရေအတွက်မှာ ၁၉၇၀ ပြည့်နှစ်များက ၄၀၀ ကျော်ရှိရာမှ ၇၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းလာခဲ့ကြောင်းနှင့် ကမ်းစပ်ဒေသရှိငါးမျိုးစိတ်ဒေသ၏ ငါးမျိုးစိတ်အရေအတွက် လျော့ကျခြင်း၏ အဓိကအကြောင်းရင်းမှာ ငါးများအလွန်အကျွံ ဖမ်းဆီးခြင်းနှင့် ရေထုညစ်ညမ်းမှုကြောင့်ဖြစ်ကြောင်း သုံးသပ်ထားသည့် သတင်းကို အောက်တိုဘာ ၃၁ ရက်ထုတ် နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်အချို့တွင် ဖတ်ရှုခဲ့ရသည်။

အလားတူ အိမ်နီးချင်းနိုင်ငံများတွင်လည်း ငါး၊ ပုစွန်များရှားပါးနေပြီး မြန်မာနိုင်ငံတွင်လည်း အချို့ငါးများမျိုးသုဉ်းလုနီးပါး ဖြစ်နေသကဲ့သို့ တစ်ချိန်ကထက် ငါး၊ပုစွန်များ မြစ်ချောင်း အင်းအိုင်တို့တွင်မက မြန်မာ့ပင်လယ်ပြင်မှာပင် အမိအရ နည်းပါးနေပြီဖြစ်သည်။ နိုင်ငံတော်၏ တိုးတက်လာသည့်လူဦးရေအချိုးနှင့် မျှတစွာစားသုံးနိုင်ရန် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ရင်းနှီးငွေနှင့် ပြည်တွင်းပြည်ပမှ နည်းပညာများပေး၍ ပုဂ္ဂလိကလုပ်ငန်းရှင်တို့အားလုပ်ကိုင်ဆောင်ရွက်ခွင့်ပေးနေခြင်းသည်ပင်လျှင် မြန်မာနိုင်ငံ၏ငါး၊ ပုစွန်ရှားပါးသွားမှုကို သက်သေပြနေခြင်းပင်ဖြစ်သည်။

နေ့စဉ်ထုတ်သတင်းစာများတွင် မကြာခဏ ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးမှု အရေးယူသည့်သတင်းများဖတ်ရှုနေရသည်။ ရေချိုငါးဖမ်းလုပ်ငန်း ဥပဒေပုဒ်မ ၄၄ မှာ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများနှင့် အဆိပ်ချငါးဖမ်းဆီးမှု ပြုလုပ်သူကို ဒဏ်ငွေကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းထိဖြစ်စေ၊ ထောင်ဒဏ်ခြောက်လမှ ငါးနှစ်ထိဖြစ်စေ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း၊ ပြစ်ဒဏ်နှစ်ရပ်ပေါင်းဖြစ်စေ ချမှတ်နိုင်ကြောင်း သတ်မှတ်ထားရှိကြောင်းသိရသည်။ တိတိကျကျ ထိထိရောက်ရောက်အရေးယူဆောင်ရွက်ပေးဖို့ လိုအပ်နေပြီဖြစ်ပါသည်။ လိုအပ်ပါက ဒေသန္တရစီမံခန့်ခွဲမှုအရပါ အရေးယူဆောင်ရွက်သင့်ပေသည်။

ဘက်ထရီရှော့ခ်တိုက် ဖမ်းဆီးခြင်း၊ အဆိပ်ချဖမ်းဆီးခြင်းတို့ကြောင့် ငါးသေးလေးများ သေသွားသည့်အပြင် ငါးလတ်နှင့်ငါးကြီးများ မူးမော်နေသည့်အတွက်ပိုက်ဆွဲ၊ ကွန်ပစ်ဖမ်းဆီးခြင်းထက် လွယ်ကူသည်။ ဘက်ထရီအိုးဗို့အားများလေ ငါးကြီးကြီးများမိလေဖြစ်သည်။ လွတ်သွားသည့် ငါးများဆိုလျှင်လည်း မသေသော်လည်း မျိုးပွားအင်္ဂါထိခိုက်စေသည့်အတွက် နောက်ထပ်မျိုးမပွားနိုင်တော့ကြောင်း လေ့လာသိရှိရသည်။

ယနေ့ကမ္ဘာတွင်ရော မြန်မာနိုင်ငံတွင်ပါ ငါးသယံဇာတများ ရှားပါးသွားရခြင်း၏ အကြောင်းများမှာ ဘက်ထရီရှော့ခ်တိုက် ဖမ်းဆီးခြင်း၊ ဓာတုဆေးဝါးများချ၍ ဖမ်းဆီးခြင်း၊ ပိုက်ကွက်စိပ်ချ၍ ဖမ်းဆီးခြင်း၊ ငါးရစ်ငါးသန် တားမြစ်ကာလမှာ ဖမ်းဆီးခြင်း၊ ဂေဟစနစ်ပျက်စီးခြင်း၊ ရေထုညစ်ညမ်းခြင်းနှင့် စပါးအထွက်တိုးရန် လယ်ကွက်များအတွင်း ဓာတုပစ္စည်းများပက်ဖျန်းခြင်းတို့ကြောင့်ဖြစ်သည်ဟု လေ့လာသိရှိရသည်။

မြန်မာနိုင်ငံ၏ ငါးသယံဇာတရှားပါးသွားမှုကို ထိန်းသိမ်းရာတွင် ငါးလုပ်ငန်းဦးစီးဌာန တစ်ခုတည်းသာ တာဝန်ရှိသည်ဟု ခံယူမထားသင့်ပါ။ ရေရှည် အားလုံးစားသုံးနိုင်ရန်အတွက် နိုင်ငံသူနိုင်ငံသားတိုင်းတွင် တာဝန်ရှိမည်ဖြစ်သည်။ ငါးပြန်းတီးနေပြီဖြစ်ကြောင်း ရေလုပ်ငန်းရှင်တွေ ရေလုပ်သားတွေအားလုံး စည်းရုံးပညာပေးရန် အထူးလိုအပ်နေပြီဖြစ်သည်။ ပြည်သူတွေကလည်း သိရှိသဘောပေါက်ပြီး ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပေသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တာဝန်ရှိသူ အဆင့်ဆင့်တို့ကလည်း စားဝတ်နေရေးဟူသည့်ကဏ္ဍသုံးရပ်တွင် အဓိကကျသည့် စားရေးအဆင်ပြေစေရေးအတွက် တရားမဝင် ငါး၊ ပုစွန်ဖမ်းဆီးမှုများကို ဖော်ထုတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ တိတိကျကျ ထိရောက်ဟန့်တားအရေးယူဆောင်ရွက်ပေးရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

အောင်ဝင်း(ဖျာပုံ)

ဇေယျာသီရိမြို့နယ်တွင် အဆင့်မြင့် စက်ချုပ်သင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ ဇေယျာသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှူဆောင်အဖွဲ့ဝင် စီးပွားရေးအဖွဲ့ခေါင်းဆောင် ဒေါ်အမာက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှူဆောင်အဖွဲ့ဝင်များဖြစ်သည့် ဒေါ်အမာ၊ ဒေါ်ချိုချိုဝင်း၊ ဒေါက်တာမေစိုးဦး၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါ်မီမီစိုး၊ ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်၊ ဇေယျာသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်းတို့က ဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ကိုကို(ပျဉ်းမနား)

နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ ထမင်းဟင်းနှင့်အခြားအသုံးအဆောင်များလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော် ၈က ၁၀၀၀ ခနသိမ်ရှိရပ်ကွက် သဒ္ဒမ္မဝေပုလ္လပရိယ စာသင်ကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစာရိတ္တ(ဓမ္မာစရိယ၊ ဝိနယဝိဒူ) ဦးဆောင်၍ အပတ်စဉ်တနင်္ဂနွေနေ့နံနက်တိုင်း စာသင်တိုက်ရှိ သံယာအားလုံး အရုဏ်ဆွမ်း ဆွမ်းခံ၍ရရှိသော ဆွမ်းဟင်းများကို နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံရှိ ဆေးရုံတက်နေသော လူနာများနှင့်လူနာစောင့်များသို့ ထမင်းထုပ်တစ်ထောင်ကျော် အပတ်စဉ်တိုင်းသွားရောက်လှူဒါန်းခြင်းအပြင် ယခုတနင်္ဂနေပတ်တွင် ကထိန်ရာသီ ပြီးဆုံးသည်နှင့်အညီ ကထိန်ပွဲပဒေသာပင်မှ အလှူခံရရှိသော ခေါက်ဆွဲခြောက်ထုပ်၊ ကွေကာထုပ်များ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာမှုန့်၊ ရေသန့်စသော ပစ္စည်းခြောက်မျိုးကိုလည်း ဆေးရုံတက်လူနာ ၇၀၀ ကို ယနေ့နံနက် ၉ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ဆရာတော်မှ ထိုကဲ့သို့အပတ်စဉ်တိုင်းဆေးရုံသို့ သွားရောက်လှူဒါန်းခြင်းကြောင့် အရုဏ်ဆွမ်းလောင်းလှူရသော ရပ်ကွက်နေပြည်သူများက "မိမိတို့လောင်းလှူလိုက်ရသောဆွမ်းကုသိုလ်မှာ ကုသိုလ်နှစ်ခါရ၍ အထူးပင်ဝမ်းသာကြောင်း၊ အရေးကြီးကိစ္စရှိမှသာ အရုဏ်ဆွမ်းလောင်းတာ ပျက်ကွက်တာရှိမယ်၊ နေပြည်တော်ကို ရောက်ရှိကတည်းက အပတ်တိုင်းအရုဏ်ဆွမ်းလောင်းတာမပျက်ခဲ့ဘူး" ဟု ရပ်ကွက်နေသူတစ်ဦးက ပြောသွားသည်။

ထို့အပြင် သဒ္ဒမ္မဝေပုလ္လပရိယစာသင်တိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစာရိတ္တ(ဓမ္မာစရိယ၊ ဝိနယဝိဒူ)သည် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးခြင်းမုန်တိုင်းကျရောက်သော ဒေသ၊ မြေငလျင်ဒဏ်ခံရသောဒေသများမှ ပြည်သူများက အကူအညီတောင်းလျှင်လည်း အချိန်မရွေးအကူအညီပေးကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

မြန်မာ့စီးပွားရေးဘဏ်များ ငွေလွှဲပို့ခနှုန်းလျှော့ချ

ရန်ကုန် နိုဝင်ဘာ ၁၁

ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ခရိုင်ဘဏ်ခွဲများနှင့် မြို့နယ်ဘဏ်ခွဲများတွင် ပြည်သူများ၏ငွေလွှဲခနှုန်းထားများကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစ၍ လျှော့ချသတ်မှတ်လိုက်ကြောင်း မြန်မာ့စီးပွားရေးဘဏ်ထုတ်ပြန်ချက်အရ သိရသည်။

ယခုလျှော့ချသတ်မှတ်လိုက်သော ငွေလွှဲခနှုန်းထားများမှာ ခရိုင်ဘဏ်ခွဲများနှင့် မြို့နယ်ဘဏ်ခွဲများတွင် ငွေလွှဲပို့လိုပါက ငွေလွှဲခမှာ ကျပ် ၁၀၀လျှင် ငါးပြားနှုန်းဖြစ်ပြီး မြို့နယ်ဘဏ်ခွဲအချို့တွင်မူ လွှဲပို့ငွေကျပ် ၁၀၀ လျှင် ၁၀ ပြားနှုန်းဖြင့် လျှော့ချသတ်မှတ်လိုက်သည်။

ယခင်က ငွေလွှဲပို့ခနှုန်းထားများမှာ ငွေကျပ်သိန်း ၁၀၀၀ အောက်ဖြစ်ပါက လွှဲပို့ ငွေကျပ် ၁၀၀ လျှင် ၁၅ ပြားနှုန်းနှင့် ငွေကျပ်သိန်း ၁၀၀၀ နှင့်အထက်ဖြစ်ပါက လွှဲပို့ငွေကျပ် ၁၀၀ လျှင် ၁၂ ဒသမ ၅ ပြားနှုန်း သတ်မှတ်ရယူခဲ့သည်။

ဖက်စ်အသုံးပြုခမှာ ယခင်နှုန်းထားအတိုင်း တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ ဖြစ်ကြောင်းနှင့် ယင်းသို့ငွေလွှဲပို့ခြင်းကို လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ချိုဝင်း

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

DEAR OUR BELOVED SMALL TI TI THEL THEL & NEWLY UNCLE KYAW KO,

WE WOULD LIKE TO CONGRATULATE BOTH OF YOU FOR YOUR NICELY WEDDING DAY. WE ARE SO PROUD FOR BOTH OF YOU ARE THE MOST BEAUTIFUL COUPLE. MAY GOD BLESS YOU AND ALWAYS FILL YOUR LIFE WITH MORE LOVE, HAPPINESS & JOY FOR ALL THE YEARS U LIVES!

WE ARE WARMLY WELCOME TO OUR NEWLY UNCLE TO OUR BIG FAMILY!

WE LOVE SO MUCH BOTH OF YOU...

WITH LOVE,
HENRY, EDGAR, HARRY (JAR JAR) & HOLLY (SIE SIE)

ကန့်ကွက်နိုင်ပါကြောင်း

ပခုက္ကူမြို့၊ အမှတ် (၇)ရပ်ကွက်တွင် တည်ရှိသော အရှေ့ဘက် ဦးမြဟန်အနောက်ဘက်ဂန္ဓာရုံလမ်း၊ တောင်ဘက်မြို့မလမ်း၊ မြောက်ဘက် ဦးမင်းအောင်အလား (၄)ရပ်အတွင်းရှိ အကွက်အမှတ် ၅၈-မကြီးတန်းအနောက် ဦးပိုင်အမှတ် ၃၄၈/၂၁ ဒေါ်ချိုချိုခိုင်အမည်ပေါက် ဧရိယာ ၀ ဒသမ ၀၇၁ ဧက ဘိုးဘွားပိုင် မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ နေအိမ်ကို ဒေါ်ချိုချိုခိုင်က ၄င်း၏ မိတ်ဆွေတစ်ဦး အား ရောင်းချတော့မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်ပါက ရောင်းချခြင်းကို အပြီးအပြတ်ပြုလုပ်သွားမည်ဖြစ်ပါသည်။

ဒေါ်ချိုချိုခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအောင်
အထက်တန်းရှေ့နေ-၁၁၆၀၉
အေးလမ်း၊ အမှတ်(၁၂)ရပ်ကွက်၊ ပခုက္ကူမြို့

ဖော့ကန်ဝါဦးပရိယတ္တိ စာသင်တိုက် (၄၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဖော့ကန်ဝါဦးပရိယတ္တိ စာသင်တိုက်ကြီး၏ (၄၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို တပည့်ကျောင်းသူ၊ ကျောင်းသားဟောင်းများနှင့် တပည့် ဒါယိကာမအပေါင်းတို့မှ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လောကီလောကုတ္တရာ ပညာသင်ဖက် ညီအစ်ကို မောင်နှမတို့အား ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၁၆-၁၁-၂၀၁၄ ရက်(တနင်္ဂနွေ) (အမျိုးသားနေ့)
အချိန် - မွန်းလွဲ ၁း၀၀နာရီ
နေရာ - ဖော့ကန်ဝါဦးပရိယတ္တိ စာသင်တိုက်၊ ဖော့ကန်၊ အင်းစိန်
ဖုန်း - ၀၉-၈၆၃၁၀၄၃၊ ၀၉-၅၁၀၃၄၀၆

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မောင်းထောင်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနေ ဦးဌေးရု၏သမီး မအိမ်ခန် ၅/စကန(နိုင်)၂၄၆၂၇၄ နှင့် မအိအိမ်ခန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မအိမ်ခန်(ခ)မအိအိမ်ခန်**

အများသိရှိနိုင်ရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးအေးကို ISN-၆၂၇၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ (၁၁)၊ ညောင်ရွာ၊ မေတ္တာလမ်း၊ မြေကွက်အမှတ် ၄၈၃ ဟုခေါ်တွင်သော မြေအကျယ် အဝန်းပေ(၄၀×၆၀)ရှိ မြေကွက် နေအိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ကျင်လှိုင် AB-၀၇၂၃၀၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးကို ISN-၆၂၇၈၅ က ၂၀၀၁ ခုနှစ်က တည်းက ကာလတန်ဖိုးငွေများအပြည့်အဝပေးချေလျက် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှောက်ရယူနေအိမ်အသစ်ဆောက်လုပ်လျက် ယနေ့အချိန်ထိ ဥပဒေနှင့်အညီ လက်ရှိထား ပိုင်ဆိုင်နေထိုင် အကျိုးခံစားလျက်ရှိပါသည်။

အထက်ပါနေအိမ်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့နှင့်ပတ်သက်၍ ဦးအေးကို တစ်ဦးတည်းသာ ပိုင်ရှင်အစစ်အမှန်ဖြစ်သောကြောင့် ဦးအေးကိုမသိရှိဘဲ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ ကိုယ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း၊ တစ်စုံတစ်ရာ ဆောင်ရွက်ချက်ဖြင့်လည်းကောင်း၊ ဦးအေးကို၏ပိုင်ရေးဆိုင်ခွင့်အား ထိပါးနှောင့်ယှက်ဟြေဆိုဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများအပေါ် သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်ကိုကိုဦး LL.B အထက်တန်းရှေ့နေ
ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၇၃၅၀၀၄၁၆၊ ၀၉-၂၅၀၆၅၂၁၈

သွားနုတ္တသမီးအဖြစ်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ လက်ပံတောကျေးရွာနေ ဦးလင်း-(ဒေါ်လိမ်း)တို့၏ သမီး ဒေါ်မြင့်မြင့်သန်း(ဘ)ဦးလင်း ၁၀/ပမန(နိုင်)၀၇၀၇၇၉ သည် သက်ကြီးရွယ်အို အသက်(၈၀) ကျော် ဖခင်ဦးလင်းအား အိမ်ပေါ်မှမောင်းချသဖြင့် ကျွန်တော်ဦးလင်းသည် အသက်ရှင်နေထိုင်ရန်အတွက် ဆွေမျိုးများနေအိမ်တွင် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် သွားရောက်ခိုလှုံခိုနေရသည်မှာ ခြောက်နှစ်ခန့်ရှိပြီးဖြစ်ပါသည်။ ကျွန်တော် ဦးလင်းပိုင်ဆိုင်သော ရွှေပြောင်းနိုင်သောပစ္စည်း၊ မရွှေမပြောင်းနိုင်သောပစ္စည်းများအား အပိုင်စီးသိမ်းပိုက်ခြင်း၊ ရန်သူကဲ့သို့ဖိုက်ရိုင်းစွာပြုမူပြောဆိုနေထိုင်ခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ဖခင်တစ်ဦးအနေဖြင့် မည်သို့မျှ ဖြေဆည်၍မခံစားနိုင်သဖြင့် သွားနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလင်း(ဘ)ဦးညို ၁၀/ပမန(နိုင်)၁၄၅၅၇၀၇
တရနှာကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မိုးယံသို့ချီ ဓနုအိုးစည်

မြတ်သုတ

ကမ္ဘာ့နေရာအနှံ့၊ တိုင်းပြည်အနှံ့ ဒေသအနှံ့ရှိ လူမျိုးအသီးသီးတို့၌ ဂီတသည် ရှိစမြဲဖြစ်သည်။ ဂီတသည် လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ တစ်ပြည်ထောင်နှင့် တစ်ပြည်ထောင်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ သိကျွမ်းရေး၊ ခင်မင်ရေး၊ ချစ်ကြည်ရင်းနှီးရေးနှင့် ငြိမ်းချမ်း စွာအတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ထိရောက်သော အနုပညာတစ်ခု ဖြစ်သည်။ ထိုအနုပညာထဲတွင် အိုးစည်လည်း အပါအဝင် ဖြစ်သည်။ ဘယ်နေရာ ဘယ်ဌာနမဆို အိုးစည်သံနှင့် မိတ်ဖြစ်နိုင်သည်။ အိုးစည်ဝိုင်းတွင် လူတိုင်း ပါဝင်၍ ကခုန်နိုင်ကြ၏။ လက်ခုပ်လက်ဝါးတီး၍ ပျော်ရွှင်နိုင်ကြ၏။ မိမိစိတ်တွင်ရှိသမျှ ဆန္ဒအပေါင်းကိုလည်း ပွင့်ပွင့်လင်းလင်း အိုးစည်ဝိုင်းတွင် သီချင်း၊ သံချပ်များနှင့် တင်ပြနိုင်ကြ၏။

အိုးစည်နှင့်ပတ်သက်၍ လေ့လာရာတွင် အတော် ဝိသေသထူးသော တူရိယာတစ်ခုအဖြစ် တွေ့ရှိရပေသည်။ အိုးစည်သံသည် ကြားရသူတိုင်း၏ ဟာဒယနှလုံးကို ရွှင်ပြိုးစေသည်။ အိုးစည်သည် စိတ်ကို ရွှင်ကြွလာအောင် ဖန်တီးလှုံ့ဆော်ပေးနိုင်၏။ ကျေးလက်တောရွာများတွင် လူစုလူဝေးနှင့် ဆောင်ရွက်ရသော အလျှပ္ပဲများ၌ စိတ်ကို ရွှင်လန်း တက်ကြွလာအောင် တီးမှုတ်ကြမြဲဖြစ်၏။ အိုးစည်သံကို ကြားရသည်နှင့် တစ်ပြိုင်နက် ပျော်ရွှင်ကြည်နူးဖွယ်ရာ နားအာရုံကို ခံစားလိုက်ရစမြဲ ဖြစ်ပေသည်။ သာယာငြိမ့်ညောင်းသော ခေတ်ပေါ် တူရိယာများ မည်မျှပင် ခေတ်စားလာသော်လည်း အိုးစည်သည် ကျေးလက်တောရွာများတွင် တွင်တွင်ကျယ်ကျယ် ရှိသေးသည်။ အိုးစည်သည် မြန်မာနိုင်ငံတွင် အမျိုးသားများ၏ မိရိုးဖလာ ပင်ကိုတူရိယာပင် ဖြစ်သည်။ မြန်မာစာပေ ကျမ်းဂန်တို့၌ သားရေနှင့် သက်ဆိုင်သော စည်သုံးမျိုးကို ဖော်ပြထားလေသည်။ ယင်းတို့မှာ-

၁။ အာတတ - တစ်ဖက်ပိတ်စည်၊

၂။ ဝိတတ - နှစ်ဖက်ပိတ်စည်၊

၃။ အာတတ ဝိတတ - အလုံးစုံပိတ်သောစည်ဟူ၍ ဖော်ပြထားရာ တစ်ဖက်ပိတ်စည်မျိုးတွင် အိုးစည်ပါဝင်နေသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်ကပင် ပေါ်ထွန်းခဲ့သည်ဟူ၍သာ ခန့်မှန်းနိုင်သည်။ သို့သော်ငြားလည်း အိုးစည်၏ ပုံသဏ္ဌာန်ချင်းကား ကွာခြားပေမည်ဖြစ်၏။ ရှေးကျသော အိန္ဒိယသုံးတူရိယာပုံစံမျိုးများနှင့် ပုဂံခေတ် တူရိယာပုံစံများတွင် မြန်မာတို့၏ အိုးစည်ကဲ့သို့သော တစ်ဖက်ပိတ်စည်မျိုးကို မတွေ့ရဖူးသေးချေ။

မြန်မာ အမျိုးသားများ၌သာ အိုးစည်ရှိသည် မဟုတ်ပေ။ ရှမ်းတိုင်းရင်းသားတို့တွင်လည်း လည်ပင်းရှည်ပြီးလျှင် လူတစ်ရပ်စာမကအောင် မြင့်သော အိုးစည်များရှိပေသည်။ ကရင်တိုင်းရင်းသား အိုးစည်မှာ မြန်မာအိုးစည်ကဲ့သို့ပင် ရှိသော်လည်း ဝါးကိုရက်လုပ်၍ သစ်ဆေး သရိုးကိုင်ထားသည့် အိုးစည်ဖြစ်၏။ ကချင်အိုးစည်နှင့် ချင်းအိုးစည်တို့မှာ ရှမ်းအိုးစည်လောက် မရှည်ကြသော်လည်း လုံးဝန်းကြီး၏။ ဓနုအိုးစည်မှာ မြန်မာအိုးစည်နှင့်ဆင်ကာ ပိုကြီးပြီးအသံအား ပိုကောင်းသည်။ ဓနုအိုးစည်နှင့် ရှမ်းအိုးစည်သည် ပုံပန်းသဏ္ဌာန်ချင်း မြင်သည်နှင့် ခွဲခြားနိုင်ပေသည်။ ဓနုအိုးစည်သည် လုံးပတ်အိုးပိုကြီးပြီး ပု၍ ရှမ်းအိုးစည်သည် လုံးပတ်အိုးသေးကာ ရှည်သွယ်သွယ် ရှိ၏။

ဓနုအိုးစည်သည် မည်သည့်ခေတ်က စတင်ခဲ့သည်ဟု သမိုင်းအထောက်အထား မတွေ့ရသော်လည်း ဓနုအိုးစည် တည်ဆောက်ပုံ အနေအထားအရ အလွန်ရှေးကျသော လက်ရာဟု ယူဆရသည်။ အိုးစည်ပုံ ရိုးလှသလို တီးပုံမှာလည်း ရိုးရိုးပင် ဖြစ်သည်။ မည်သည့်တိုင်းရင်းသားမဆို တီးတတ်သည်သာများသည်။ မြန်မာနိုင်ငံ အနှံ့နီးပါး၌ တီးလေ့ရှိကြသည်။ ဓနုအိုးစည်သည် (ပျံ့နှံ့နေသော အနေအထားအရ) ရှေးဦးမြန်မာတူရိယာဟုပင် ဆိုနိုင်ပေသည်။

ဓနုတိုင်းရင်းသားတို့ ခေတ်အဆက်ဆက် သီဆိုလာခဲ့ကြသော သီချင်းများသည် ကဗျာလင်္ကာများပင် ဖြစ်သည်။ ထိုဓနု တိုင်းရင်းသားတို့ သီဆိုလေ့ရှိသော သီချင်းများမှာလည်း ဓနုအိုးစည်နှင့်သာ လိုက်ဖက်ညီအောင် သီဆိုချီ ရသည်။ ဓနုအိုးစည်ပုံသဏ္ဌာန်မှာ အမြင့်သုံးပေနှင့် ငါးပေကြားရှိပြီး လုံးပတ်အချင်းတစ်ပေနှင့် နှစ်ပေအကြားရှိသည်။ နွားသားရေဖြင့် ကျက်ထားသည့် သစ်သားထွင်း အိုးစည်ဖြစ်သည်။ အများအားဖြင့် ယမနေသား၊ ပိန္နဲသား၊ ဆင်ဆာသားတို့ဖြင့် ပြုလုပ်လေ့ရှိကြသည်။ အများအားဖြင့် နွားထီး(နွားသိုး) သားရေကိုသာ အသုံးပြုလေ့ရှိသည်။ ရှမ်းနွားပု (အထီး) သားရေဖြင့် ပြုလုပ်ပါက ပိုမိုကောင်းမွန်ကြောင်း သိရှိရသည်။ နွားမလိုက်ပြီးသော နွားသိုး၏သားရေနှင့် အိုးစည်ကြက်က ထိုအိုးစည်ကို တီးလျှင် အိုးစည်သံကြား မြူးတူးတက်ကြွသည်။ ကျားကိုက်၍ရသော နွားသိုး၏ သားရေနှင့် အိုးစည်ကြက်က ထိုအိုးစည်ကို တီးလျှင် ရန်ဖြစ်တတ်ကြသည်ဟု ဓနုများက အယူရှိကြ၏။ ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူသော နေ့သည် သောကြာနေ့ ဖြစ်သောကြောင့် သောကြာနေ့တွင် ဓနုအိုးစည်ကို စတင်ပြုလုပ်ရသည်ဟု သိရပြီး ထိုနေ့တွင် စတင်ပြုလုပ်ပါက အိုးစည်သံ သာယာသည်ဟု အယူရှိသည်။ (သောကြာသားစကားကြွယ်ဟူသော အယူအဆနှင့်လည်း နီးစပ်၏။)

ဓနုတိုင်းရင်းသားများသည် အိုးစည်ကို အမြတ်တနိုးထားကြပုံရသည်။ ဓနုတို့၏ အလံတံဆိပ်၊ အမှတ်အသားများတွင်လည်း အိုးစည်တီးဟန်ပုံ ပါရှိလေသည်။ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ ဓနုရွာတိုင်းလိုလိုပင် ဓနုအိုးစည် အနည်းဆုံး တစ်လုံးတော့ ရှိစမြဲဖြစ်သည်။ ဓနုအိုးစည်လိုချင်၍ အိုးစည်လုပ်သော ရွာကို သွားရာမှာလည်း တောင်ပေါ်ရွာကလေးဖြစ်သောကြောင့် သွားလာရေး အလွန်ခက်ခဲပါသည်။ ရွာငံမြို့နယ် မြအေးဒီရွာမှ ဓနုအဘိုးအိုဦးပေါက်က ဓနုအိုးစည်များကို လက်ခံပြုလုပ်ပေးသည်။ ဓနုအိုးစည်ကို အော်ဒါမှာထားရ၏။ အိုးစည်တစ်လုံးရဖို့ တစ်လ၊ နှစ်လခန့် စောင့်ရ၏။ အိုးစည်လုပ်ဖို့ သစ်သည်လည်း ယနေ့ခေတ်တွင် အတော်ရှားသွားပြီဟု သိရသည်။ အိုးစည်လုပ်မည့် သစ်ကို လိုသလိုဖြတ်ပြီး ပုံစံတကျ ထွင်းယူရပါသည်။ ထွင်းပြီး အိုးစည်မျက်နှာပြင်ကို နွားသိုးသားရေနှင့် ကြက်ကာ ပတ်စာတပ်ရသည်။ ဓနုအိုးစည်တစ်လုံး၏ တန်ဖိုးသည် လည်း ကျပ်တစ်သိန်းခွဲအထက်တွင် ရှိ၏။

ဓနုအိုးစည်နှင့်အတူ လိုက်ဖက်ညီ မောင်းတစ်စုံ၊ ဝါးလက်ခုပ်လေးငါးခုနှင့် အိုးစည်သံနှင့် လိုက်ဖက်ညီသော လင်းကွင်းတစ်ခုဖြင့် တီးရလေသည်။ ဓနုအိုးစည်တီးကွက်မှာလည်း အကနှင့် အလိုက် နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ ဓနုလူကြီးလူငယ်၊ ယောက်ျား၊ မိန်းမ၊ လက်ချိုးကကြရသော အကမျိုးတွင် အိုးစည်ကို ခပ်ဆတ်ဆတ်၊ ခပ်သွက်သွက် အချက်ကျကျ တီးပေးရလေသည်။

တစ်ဖန် သိုင်းကွက်ဖြင့် ကကြရသော အကမျိုးတွင် အိုးစည်ကို ဖြည်းဖြည်းနှင့်မှန်မှန် ညင်သာစွာ တီးရလေသည်။ အကသွက်သွက် သိုင်းကွက်နှင့်တူသော သိုင်းအကကို အိုးစည်ဝိုင်းက အတီးနှင့် စည်းဝါး ထိန်းပေးလေ့ရှိပြီး အကနှေးနှေး-လက်ချိုး-လက်ကွေး ကကြသော အကမျိုးကို အိုးစည်ဝိုင်းက တီးကွက် သွက်သွက်ဆတ်ဆတ်နှင့် လိုက်ဖက်ညီအောင် တစ်နည်းအားဖြင့် အကနှင့် အတီး၊ အတီးနှင့် အက အလှရသပေါ်အောင် ထိန်းပေးသည့် သဘောမျိုးပင် ဖြစ်သည်။ ယင်း လက်ချိုးအကနှင့် သိုင်းကွက်တာတက်ပွဲအကတို့ကို နှစ်စဉ် တာတက်ပွဲ(သင်္ကြန်အတာတက်ချိန်) ရက်များအတွင်း ကခုန်လေ့ရှိကြသည်။ တောင်ယာသိမ်းချိန် ယာပုတ်ပွဲ၊ မီးလွှတ်ပွဲ ကျင်းပချိန် မီးလွှတ်ပွဲ၊ တန်ဆောင်တိုင် မီးပုံးပျံပွဲနှင့် သိုင်းအကများတွင် ဓနုအိုးစည်ဝိုင်းသည် မပါမဖြစ် ပါစမြဲဖြစ်သည်။ ဓနုအိုးစည်သည် မြန်မာအိုးစည်၊ ရှမ်းအိုးစည်တို့ထက် အိုးစည်အိုးပိုထွားသဖြင့် အသံပိုမိုဟိန်းထွက်၏။ တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် ဓနုအိုးစည် တီးလိုက်ပါက အိုးစည်သံကို တခြားအိုးစည်သံများက မတိုးနိုင်တော့ပေ။ ထို့ကြောင့်လည်း မိုးယံသို့ချီ ဓနုအိုးစည်ဟု ဆိုရပေတော့မည်။ ။

လေလံတင်ရောင်းချခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်မီးသတ်စခန်းတွင် အဆောက်အအုံဟောင်းအရာရှိနေအိမ်(၂၀×၂၀×၂၁)ပေ တစ်လုံးနှင့် နှစ်ခန်းတွဲနေအိမ် (၄၀×၂၀×၁၂) ပေအားဖျက်သိမ်းပြီး လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လျှောက်လွှာကို ၁၂-၁၁-၂၀၁၄ ရက်နောက်ဆုံးထား၍ ခရိုင်မီးသတ်ဦးစီးဌာနမှုးရုံးသို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ **ဖုန်း-၀၇၃-၂၁၅၀၂၊ ၀၉-၄၇၁၀၅၈၆၄**

အရွယ်မရောက်သေးသောသူငယ်ကို
အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ ၁၁)
မြိတ်ခရိုင်တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမအထွေထွေမူအမှတ်-၁၄

ဒေါ်အေးအေးသန်း လျှောက်သူ
၆/ကသန(နိုင်)၀၄၂၆၆၃
အမှတ်(၆)၊ ရွက်စိမ်း ၃လမ်း၊
ဧရာဝတီရိ(၁)ရပ်၊ မြိတ်မြို့။

မောင်နိုင်လင်းထက်၊ အသက်(၁၀)နှစ်၊ သီဝီဦးလမ်းသွယ် ၂လမ်း၊ ဧရာဝတီရိ(၁)ရပ်၊ မြိတ်မြို့နေ အရွယ်မရောက်သေးသောလူငယ်နှင့် ၄င်းပိုင်သောပစ္စည်းအကြောင်း။

မြိတ်မြို့၊ ဧရာဝတီရိ(၁)ရပ်၊ ရွက်စိမ်း(၃)လမ်း၊ အမှတ်(၆)ရပ်နေ (၁)ဒေါ်အေးအေးသန်းက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်နိုင်လင်းထက်ဖြစ်သည်ဟူ၍ ၄င်းသူငယ်၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်ထားပေးပါမည် အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်(၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်)တွင် ဆိုင်ဆိုရန်ချိန်းချက်မူသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး
မြိတ်ခရိုင်တရားရုံး-မြိတ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးအတွင်း ကွန်ကရစ်လမ်းသစ် ခင်းရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံးအတွက်
ကွန်ကရစ်လမ်းသစ်ခင်းခြင်း (၃၉၂'×၁၂'×၆")

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၀-၁၁-၂၀၁၄ ရက်မှ ၃၀-၁၁-၂၀၁၄ ရက်ထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၃-၁၂-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ
(ဂ) **တင်ဒါဖွင့်ရန်** - ၅-၁၂-၂၀၁၄ ရက်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း၀၇၁-၂၄၃၁၀ နှင့် ၀၇၁-၂၃၆၂၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမြေမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၃စီ၊ မြေကွက်အမှတ် V-၁၉၊ မြေကွက်တည်နေရာအမှတ် ၂၉၆၊ ၁၃၃ လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (ဦးအေးမင်း) အမည်ပေါက် နှစ်၉၀ဝရန်မြေအား အမည်ပေါက် ဦးအေးမင်း ၁၂/ဥကတ (နိုင်) ၁၃၂၀၃၅ ထံမှ ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာရွက်သူ ဒေါ်ခင်ဝင်းက ၂၀၁၁ ခုနှစ်တွင် ထုတ်ယူခဲ့သော အရောင်းအ၀ယ်စာချုပ်ရှိ မြေပုံမူရင်း ပျောက်ဆုံးကြောင်း တင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၃ (စက်မူဇုန်)၊ မြေကွက်အမှတ်-၈၃၂၊ မြေကွက်တည်နေရာအမှတ်-၈၃၂၊ ရွှေတောင်ကြားရပ်ကွက်၊ ၆၃(စက်မူဇုန်)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးလှရွှေ LSO-၁၃၇၅၇၆ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှရွှေ(ခ)ဦးရန်ကျိန်ရှန်မှ နှစ် ၆၀ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာများတင်ပြပြီး ဂရန်မိတ္တူ လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၂၄၅၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျ ၉/နထက(နိုင်)၁၄၉၁၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနှ၊ ခရိုင်ရုံး(မြင်းခြံမြို့)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးအမိန့်-၂၁၊ နည်း-၂၂)
ပဲခူးခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၁၀ နှင့်ဆက်သွယ်သည့်
ပဲခူးခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၄၉

မန်နေဂျာ နှင့် ၁။ဦးဝင်းမြင့်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်နွဲ့နွဲ့ရီ
ပဲခူးမြို့။
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၂/၃)ရပ်ကွက်၊ အမှတ် (၂၀)နေ (၁)ဦးဝင်းမြင့်၊ (၂)ဒေါ်နွဲ့နွဲ့ရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ပဲခူးခရိုင်တရားရုံး၊ ၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၁၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂စရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ မှောက်လာရောက်ရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(လဲ့လဲ့ဝင်း)**

ဒုတိယခရိုင်တရားသူကြီး(၃)၊ ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့

ပြည်တွင်းသတင်းနှင့်ကြေငြာ

၂၀၁၃ ခုနှစ် ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီရုပ်တုများ ဒီဇင်ဘာ ၁ ရက်တွင် အပြီးသတ်ထုဆစ်မည်

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွှေစင်ရုပ်တုများကို ဒီဇင်ဘာ ၁ ရက်တွင် အပြီးသတ် ထုလုပ်ပေးအပ်သွားမည်ဖြစ်ကြောင်း ရွှေစင်ရုပ်တုများ နှစ်စဉ်ထုလုပ်ပေးခဲ့သည့် ဝိုအော ထွန်းရင်နှင့်သားများ ဆုတံဆိပ်လုပ်ငန်းမှ သိရသည်။

ယခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ရန် ရွှေစင်ရုပ်တုများကို ငွေကျပ် ၁၄၂ သိန်း အကုန်အကျခံကာ ထုဆစ်ခဲ့ခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက် အပ်နှံပေးခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဥက္ကဋ္ဌ ဦးလူမင်းက ပြောကြားသည်။

"ရွှေစင်ရုပ်တုတွေကို နှစ်တိုင်း ထုဆစ်ပေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် အခုလို လုပ်ဆောင်ခွင့်ရရှိတာ တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ခုဖြစ်ပါတယ်။ အကောင်းဆုံးဆောင်ရွက်ပေးပါတယ်။ ဒီဇင်ဘာ ၁ ရက်မှာ တာဝန်ရှိသူတွေကို အပ်နှံမှာ ဖြစ်ပါတယ်။ အကယ်ဒမီအတွက် ရွှေစင်ရုပ်တုတွေကို နှစ်လခန့် အချိန်ယူဆောင်ရွက်တာဖြစ်ပါတယ်"ဟု ဝိုအောထွန်းရင်နှင့်သားများ ဆုတံဆိပ်လုပ်ငန်းမှ ဦးကျော်ကျော်အုန်းက ရှင်းပြသည်။

ယခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်တု အပ်နှံခြင်းမှာ စုစုပေါင်း ကိုးခုဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ပေးအပ်မည့်ဆုထက် ပိုမိုသည့်ရွှေစင်ရုပ်တုများ ထုဆစ်မှာယူကြောင်းသိရပြီး ယမန်နှစ် လက်ကျန်ရွှေစင်ရုပ် သုံးခုခန့် ကျန်ရှိနေသေးကြောင်း ဦးကျော်ကျော်အုန်းထံမှ သိရသည်။

၂၀၁၃ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့ Myanmar Event Park တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဦးဆောင်ကျင်းပသွားမည်ဖြစ်သည်။ **သတင်း-သွန်းဝဿန်၊ ဓာတ်ပုံ- မေဦးမိုး**

အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များပတ်ဝန်းကျင်မှ ကွမ်းယာဆိုင်၊ ဘီယာဆိုင်နှင့် ဂိမ်းဆိုင်များအား ဖယ်ရှားမည်

ပုသိမ် နိုဝင်ဘာ ၁၁

အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်များအနီး ကျောင်းသား ကျောင်းသူများ အကျင့်စာရိတ္တ ပျက်ပြားစေမည့် အရက်ဆိုင်များ၊ ဘီယာဆိုင်များ၊ ကွမ်းယာဆိုင်များ၊ ဂိမ်းဆိုင်များနှင့် လောင်းကစားပြုလုပ်ခြင်းများကို တိုင်းဒေသကြီးတစ်ခုလုံးတွင် ရှင်းလင်းဖယ်ရှားပေးရန် စီစဉ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

စာသင်ကျောင်းများနှင့် တက္ကသိုလ်များအနီးတွင် ဖွင့်လှစ်ထားသည့် ဆိုင်များနှင့် အပျော်တမ်း ဇယ်ဝိုင်းများ၊ ဂိမ်းဆိုင်များ၊ လောင်းကစားပြုလုပ်ခြင်းများကြောင့် ကျောင်းသား ကျောင်းသူများကို ဆိုဆုံးမရာတွင် အခက်အခဲများရှိနေပြီး စာရိတ္တ ထိခိုက်နိုင်ခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှျားရုံး၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပသည့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ တာဝန်ရှိသူများ တွေ့ဆုံသည့် မှူခင်းကျဆင်းရေး ဆွေးနွေးပွဲအတွင်း ဆရာများနှင့် ကျောင်းသားမိဘများက တောင်းဆို ခဲ့ကြသဖြင့် စတင်စီစဉ် ဖယ်ရှားမှုများ ပြုလုပ်ပေးရခြင်း ဖြစ်ကြောင်း သိရသည်။

"ကလေးတွေအတွက် ဆေးလိပ်နဲ့ ကွမ်းယာလို အရာတွေကို အလွယ်တကူ ဝယ်လို့ရနေတာကို တားမြစ်ရတာဖြစ်ပါတယ်။ ပုသိမ်မြို့ပေါ်က အခြေခံပညာ ကျောင်းတွေနဲ့ တက္ကသိုလ်အနီးမှာဆိုရင် ကွမ်းယာဆိုင်တွေ၊ ဂိမ်းဆိုင်တွေ အများကြီး ရှိတဲ့အပြင် ဘီယာဆိုင်တွေလည်း အတော်နီးနီးမှာ ဖွင့်ထားတာတွေ့ရတယ်။ တားဆီးဖို့အတွက် သက်ဆိုင်ရာကို တင်ပြတောင်းဆိုလာတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ မြို့နယ်တွေက ပညာရေးမှူးတွေနဲ့ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန အသီးသီးကို အကြောင်းကြားထားပြီး ဖယ်ရှားဖို့ နိုဝင်ဘာလဆန်းကနေ စတင်ညွှန်ကြားထားပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူက ပြောကြားသည်။

ပုသိမ်မြို့သည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်ပြီး အခြေခံပညာကျောင်းများအပြင် တက္ကသိုလ်များအခြေစိုက်ရာ မြို့ကြီးတစ်မြို့ဖြစ်ခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၏ စာရိတ္တပျက်ပြားစေမည့်ဆိုင်များကို အရင်ဦးဆုံး ဖယ်ရှားပေးသွားမည်ဖြစ်သည်။

သတင်း-ဧင်ရတနာ

နောင်ချိုမြို့တွင် သစ်တောထွက်ပစ္စည်းများ သိမ်းဆည်းရမိ

နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာထမ်းများပါဝင်သော Mobile Team လရ/၁ အဖွဲ့သည် အောက်တိုဘာ ၂၈ ရက် နံနက် ၂ နာရီက နောင်ချိုမြို့နယ် အေးရှားဝေါလ်တိုးဂိတ်အနီးနေရာမှ လိပ်ပြာဥခြောက် ပိသာ ၃၀၊ သစ်ခွအစို ၁၄၅ ပိသာ၊ သစ်ခွခြောက် ပိသာ ၇၀တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ည ၁၁နာရီတွင်လည်း အဆိုပါနေရာအနီးမှပင် သစ်ခွအစို ၁၀၈ ပိသာကို ပိုင်ရှင်မဲ့ ထမ်မံသိမ်းဆည်းရမိခဲ့သည်။ အလားတူ နိုဝင်ဘာ ၃ ရက်တွင်လည်း သစ်ခွအစို ၂၁ အိတ် ၃၅၃ ပိသာ၊ သစ်ခွခြောက်နှစ်အိတ် ၅၃ ပိသာတို့ကို ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကာ ဖမ်းဆီးရမိပစ္စည်းများအား နောင်ချိုမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံးဝင်းအတွင်း သိမ်းဆည်းထားရှိပြီး သစ်ခွအစိုများကို ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် ပြင်ဦးလွင်၊ ဒိုးကွင်သစ်ခွပျိုးဥယျာဉ်သို့လွှဲပြောင်းပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်တွင် နိုဝင်ဘာ ၉ ရက်က ကျင်းပသော တန်ဆောင်တိုင်ပွဲ၌ မြန်မာ့ရိုးရာခြင်းအလှခတ်ကစားပွဲကို ပါ ထည့်သွင်းကျင်းပခဲ့ရာ ဒေသခံခြင်းအဖွဲ့များ ပါဝင်ကစားခဲ့ကြပြီး နိုင်ငံခြားသားဧည့်သည်များ အပါအဝင် ဒေသခံပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုအားပေးစဉ်။

ကျော်စိုး(ကော့သောင်း)

ပန်းတောင်းမြို့နယ် ကျေးရွာချင်းဆက်တံတား မကြာမီပြီးစီးနိုင်

ပန်းတောင်း နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် နတ်မောက်-ပန်းတောင်းကျေးရွာချင်းဆက်တံတားတည်ဆောက်ပေးလျက်ရှိပြီး တံတားကြမ်းခင်းခြင်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းလွင်၊ ပြည်ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သူတို့သည် နိုဝင်ဘာ ၁၀ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး ဒေသခံများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ကျေးရွာချင်းဆက်တံတားများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခု နတ်မောက်-ပန်းတောင်းတံတား ပြီးစီးသွားပါက ဒေသခံများအတွက် ဆက်သွယ်ရေးပိုမိုအဆင့်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။ **အောင်မြင့်(ပန်းတောင်း)**

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းတည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီဝင်၊ အရှေ့ပိုင်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး ဒုတိယဥက္ကဋ္ဌ၊ တာမွေမြို့နယ် သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ၊ လိုင်စင်ရကန်ထရိုက်တာ ဦးဇော်ဝင်း YCDC-LC (864) ၏ဇနီး ဒေါ်ယဉ်ယဉ်မြင့် (MD-Shwe Nann Construction Gruop) မှ ၁၂-၁၁-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသာနာ့အကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်ပြီး မိသားစုနှင့် အသက်ရာကျော်စွာ ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ခင်ပွန်းနှင့် ချစ်သမီးများ
တူ၊ တူမများနှင့် မြေးများ

SIU International, Bangkok မြို့တွင် Business, IT, Tourism နှင့် Engineering ဘာသာရပ်များ သွားရောက်ပညာသင်ကြားနိုင်ရန် ပညာရေးမိတ်ဆက်ပွဲကို နိုဝင်ဘာ ၁၆ရက်၊ နံနက် ၁၀နာရီတွင် သစ္စာရာဇာ Training and Development Center မှ ကြီးမှူးရှု၍ ရန်ကုန်မြို့၊ စံရိပ်ငြိမ်(၆)လမ်းရှိ ကုံကော် Education Center ၌ ကျင်းပပါမည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၉၀၁၆၀၃၇၊ ၀၉-၄၀၂၅၁၈၄၅၄

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းတည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီဝင် အရှေ့ပိုင်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး ဒုတိယဥက္ကဋ္ဌ၊ တာမွေမြို့နယ် သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ၊ လိုင်စင်ရကန်ထရိုက်တာ ဦးဇော်ဝင်း YCDC-LC (864) ၏ဇနီး ဒေါ်ယဉ်ယဉ်မြင့် (MD-Shwe Nann Construction Gruop) မှ ၁၂-၁၁-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသာနာ့အကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်ပြီး မိသားစုနှင့် အသက်ရာကျော်စွာ ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သူငယ်ချင်းများ
မသီတာ၊ မမာလာ၊ မမာမာ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၁၅)၏ အခန်းအမှတ်(၁)မြေညီထပ်၊ အကျယ်အဝန်း(၁၄ပေ×ပေ ၅၀)ရှိ တိုက်ခန်းတစ်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သူ ဦးတင်ဦး ၁၂/ဝဘတ(နိုင်)၀၁၇၇၀၈ (F/RGN-018957)ထံမှ ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်း တန်ဖိုးရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ပိုင်ဆိုင်မှုအကျိုးခံစားခွင့်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ယနေ့မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ရုံး - အမှတ်(၅၀)စီ/၃၊ (ပ)ထပ်၊ ဘဏ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၅၀၃၃၁၇၂

ဦးလှမင်း(ပေါင်းတည်)
LL.B(ADVOCATE)
တရားလွှတ်တော်ရှေ့နေ (၅၅၅၅)

ယာဉ်မှတ်ပုံတင်စာအုပ်ပိတ္တူပြန်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/ဖခ-၅၅၂ Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းအောင် ၁၀/ရမန(နိုင်)၁၂၅ဖခ၂က (ကမ-၃) ဟောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)



ပြည်တွင်းသတင်းနှင့်ကြေငြာ

ရန်ကုန်မြို့တော်စည်ပင်မှ တတိယအကြိမ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပြပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တတိယအကြိမ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့်ပြပွဲ(၂၀၁၅)ကို ၁၂ လရသီပွဲတော်များ၊ ရိုးရာလက်မှုအနုပညာများ၊ ပြောင်းလဲတိုးတက်လာသော မြို့တော်ရန်ကုန်မြင်ကွင်း၊ တိမ်မြုပ်နေသော ရှေးဟောင်း အဆောက်အအုံများ ဟူ၍ ကဏ္ဍလေးခုဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရိုးရာလက်မှုအနုပညာလုပ်ငန်းများ ခေါင်းစဉ်တွင် မြန်မာပြည်တစ်ဝန်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရက်ကန်းရက်ခြင်း အစရှိသည့် ရိုးရာလက်မှုလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

ပြောင်းလဲတိုးတက်လာသော မြို့တော် ရန်ကုန်မြင်ကွင်းခေါင်းစဉ်တွင် ပြုပြင်ပြောင်းလဲတိုးတက်နေသော ရန်ကုန်မြို့တော်နှင့် တိမ်မြုပ်နေသော ရှေးဟောင်းအဆောက်အအုံ ခေါင်းစဉ်တွင် ရန်ကုန်မြို့တော်တွင် လူသိနည်းသော မပြောင်းလဲသည့် လမ်းရှုခင်း၊ အဝင်ခန်းမ၊ အဓိကလှေကားနှင့် အတွင်းခန်း အခင်းအကျင်းများ ပျောက်ဆုံးနေသော သို့မဟုတ် မထင်ရှားသော အမွေအနှစ်များ ပါဝင်မည်ဖြစ်သည်။

ဆုကြေးအဖြစ် မြို့တော်ဝန်အထူးဆု Grand Prize ဆုကြေးငွေကျပ် ၁၅ သိန်း၊ ကဏ္ဍတစ်ခုစီအတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆု ငွေကျပ် တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲ စည်းကမ်းချက်များအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဖုန်း-၀၉- ၈၆၃၆၅၂၂ နှင့် ၀၉-၄၉၂၂၇၈၈၆ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

ဥဏမိုးမြင့်

မြန်မာနိုင်ငံအတွင်း အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုနှုန်းများ နှစ်အလိုက်လျော့နည်းကျဆင်းလာ

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံအတွင်း အိတ်ချ်အိုင်ဗီပိုးကြောင့် အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားရသူများ အနက် မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး နှစ်အလိုက် ရောဂါစတင်ဖြစ်ပွားသူဦးရေမှာ လျော့နည်းလာပြီး ၂၀၁၄ ခုနှစ်အတွင်း ၀ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

အိတ်ချ်အိုင်ဗီပိုးကူးစက်ခြင်းခံရသူ အများစုမှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အဖြစ်များခဲ့ပြီး ယခုနောက်ပိုင်းတွင် လိင်တူချင်း ဆက်ဆံမှုများနှင့် ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံမှုများကြောင့် အများဆုံးဖြစ်ပွားခဲ့ရာ ၂၀၁၃ ခုနှစ်သုတေသနမှတ်တမ်းများအရ မူးယစ်ဆေးသုံးစွဲမှုကြောင့် ဖြစ်ပွားမှုမှာ ၂၁ ဒသမ ၉ ရာခိုင်နှုန်း၊ လိင်တူဆက်ဆံခြင်းကြောင့် ဖြစ်ပွားမှု ၇ ဒသမ ၈ ရာခိုင်နှုန်း၊ အမျိုးသမီးများထံသို့ ရောဂါရောက်ရှိမှု ၉ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သုတေသနပြုလုပ် ချက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရမှုမှာ လူဦးရေ ၆၀၀၀ ခန့်ရှိပြီး လွန်ခဲ့သည့် ဆယ်စုနှစ်နှင့်နှိုင်းယှဉ်ပါက အသစ်ဖြစ်ပွားမှုနှုန်းမှာ ၂၀၀၀ ပြည့်နှစ်အတွင်း ၀ ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်အတွင်း ၀ ဒသမ ၄၅ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံအတွင်း အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားသူ ဦးရေ ၁၉၀၀၀၀ ရှိ၍ ယင်းတို့အနက် အေအာရ်တီဆေး ပိုမိုရရှိကုသနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ယူနီဆက်ဖ်စသော နိုင်ငံတကာကျန်းမာရေးနှင့် ကူညီစောင့်ရှောက်ရေးအဖွဲ့အစည်း စုစုပေါင်း ၃၇ ခုနှင့် ရတနာ့မေတ္တာကဲ့သို့သော ပြည်တွင်းလူမှုကျန်းမာရေး အင်အားကြီးအို ၁၄ ခုတို့ ပူးပေါင်းကာ ဆောင်ရွက်ကုသပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ကြီတိုင်းအောင်

ရေတိုက်စားခံရသူမိသားစုများအား ခြံမြေနှင့် ထောက်ပံ့ငွေများပေးအပ်

စဉ်ကူး နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး စဉ်ကူးမြို့နယ် ဟင်္သာဖိုကျေးရွာအုပ်စု စီပင်ကျွန်းကျေးရွာသည် ဇူလိုင်နှင့် သြဂုတ်လများအတွင်း ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းနှင့် လူနေအိမ် ၇၅ လုံးတို့မှာ ရွာလုံးကျွတ် မျောပါဆုံးရှုံးခဲ့ရသဖြင့် ကျေးရွာပြန်လည်တည်ဆောက်ရေးအတွက် အိမ်ခြံမြေကွက် ၇၅ ကွက်နှင့် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၂၂၆၅၀၀၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို နိုဝင်ဘာ ၈ ရက်က ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရေဘေးသင့်မိသားစု ၇၅စုတို့အတွက် ပေ ၇၀ ပတ်လည် မြေကွက်များကို မဲနှိုက်ခွဲဝေပေးခဲ့ပြီး နေအိမ်များ ပျက်စီးဆုံးရှုံးမှုအလိုက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ရေဘေးသင့် စီပင်ကျွန်းကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုသာဘဝ ဘေးအန္တရာယ် ရန်ပုံငွေမှ ငွေကျပ် ၃၁၁ သိန်း ပေးအပ်ခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန် ငွေကျပ် ၁၀ သိန်းနှင့် ပေ ၂၂၀ ပတ်လည် မြေကွက် တစ်ကွက်၊ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်နိုင်ရေးအတွက် ပေ ၂၂၀-၂၅၀ မြေကွက်တို့ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ယခုပြောင်းရွှေ့ချထားပေးသည့် ကျေးရွာနေရာမှာ ဟင်္သာဖိုကျေးရွာအုပ်စု ဆင်ကျွန်းကျေးရွာနှင့် မြေနုကျေးရွာကြား မြေ ၁၅ ဧက ကျယ်ဝန်းသည့် သဘာဝဘေး ကင်းရှင်းသော ရွာမြေနေရာဖြစ်ကြောင်း သိရသည်။

ဝင်းမောင်(စဉ်ကူး)

ကြီးရွာအထက်တန်းကျောင်းခွဲအတွင်း ဆိုလာဖြင့် လျှပ်စစ်မီးရရှိ

ကျောက်ထု နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် ကြီးရွာအခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း ဆိုလာတပ်ဆင်အသုံးပြုမှုကြောင့် လျှပ်စစ်မီးအပြင် ကွန်ပျူတာအသုံးပြုမှုအတွက် အဆင်ပြေလာကြောင်း သိရသည်။

အဆိုပါ ကြီးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် လျှပ်စစ်မီးတပ်ဆင်ရရှိခြင်းမရှိသည့် ကျောင်းတစ်ကျောင်းဖြစ်သော်လည်း ရပ်ဝေးရောက် ကျောင်းသားဟောင်းများက စုပေါင်းကာ ၀ပ် ၃၀၀ ရှိ ဆိုလာနှစ်ချပ်နှင့် ဆက်စပ်ပစ္စည်းများကို တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူ ကျောင်းသားကျောင်းသူများအတွက် ဖွင့်လှစ်ပေးလျက်ရှိသော စေတနာဥပကျောင်းအတွက် ရည်ရွယ်လျှုဒါန်းပေးထားခြင်းဖြစ်ပြီး ညအချိန် စာသင်ကြားမှုအပြင် ကျေးရွာနေပြည်သူများအတွက် လျှပ်စစ်မီးအလင်းရောင်ဖြင့် စာဖတ်ခန်းကိုပါ တွဲဖက်ပြုလုပ်ပေးထားကြောင်း ဒေသခံများထံမှ သိရသည်။ **(၁၀၁)**

ကြက်ခြေနီရှေးဦးပြုစုနည်း သင်တန်းဆင်းပွဲ ကနီ၌ကျင်းပ

ကနီ နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် ပညာရေးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကျောင်းဆရာ ဆရာမများအား ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံပညာသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၀ ရက်က အထက(၁)ကျောင်း သစ္စာဆောင်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးဇေယျက ဆရာ ဆရာမများအနေဖြင့် သင်တန်းမှရရှိသည့် အတွေ့အကြုံများကို ကျောင်းသား ကျောင်းသူများအား ပြန်လည်သင်ကြားပို့ချပေးစေလိုကြောင်း၊ ရှေးဦးပြုစုခြင်းသည် ကုသမှုထက်ပိုမိုထိရောက်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံပညာတတ်ထားသင့်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ရှေးဦးပြုစုခြင်း ပညာဆန်းစစ်ချက်တွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးရာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးရှိန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုးတို့က ဆုများပေးအပ်ခဲ့ပြီး မြို့နယ်ကြက်ခြေနီအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

သန်းဌေးအောင်(ကနီ)

ပုလဲသွယ်စပ်မျိုးများဖြင့် ဇီးကုန်းမြို့နယ်၌ ဝတ်မှုန်ကူးပွဲကျင်းပ

ဇီးကုန်း နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ ပြည့်ဟိန်းသာ ဆန်စပါးအထူးပြုကုမ္ပဏီ၏ ဝတ်မှုန်ကူးပွဲကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပရာ တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးက တက်ရောက်ဖွင့်လှစ်ပေးပြီး ပြည့်ဟိန်းသာမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြင့်မြင့်သောင်းက ရှင်းလင်းပြောကြားသည်။ စိုက်ပျိုးသည့်မျိုးစပါးမှာ တစ်ဧကအထွက်နှုန်း ၉၀၀ ကီလိုဂရမ်ဖြစ်ပြီး ငွေကျပ် ၁၈ သိန်းခန့်ဖြစ်ကြောင်း သိရသည်။

သိန်းတိုး(ဇီးကုန်း)

မိတ်ဆုံပွဲဖိတ်ကြားခြင်း

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ဥပဒေပညာဌာန
B.A (Law), LL.B (4th Batch)

ဘွဲ့ရသူငယ်ချင်းများ၏ မိတ်ဆုံပွဲကို ယခုနှစ်တွင်လည်း အောက်ပါအစီအစဉ်အတိုင်း ပျော်ရွှင်နွေးထွေးစွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၆-၁၂-၂၀၁၄ ရက် (စနေနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီ
နေရာ - Panda Hotel၊ အမှတ်(၂၀၅)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

မိတ်ဆုံပွဲကျင်းပရေးအဖွဲ့

မိတ်ဆုံပွဲဖိတ်ကြားခြင်း

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)
ပြည်သူ့ရေးရာအရာရှိသင်တန်း (အောင်ဆန်း-၆)

သင်တန်းဆင်းသူငယ်ချင်းများ၏မိတ်ဆုံပွဲကို ယခုနှစ်တွင်လည်း အောက်ပါအစီအစဉ်အတိုင်း ပျော်ရွှင်နွေးထွေးစွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၇-၁၂-၂၀၁၄ ရက် (တနင်္ဂနေနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီ
နေရာ - Panda Hotel၊ အမှတ်(၂၀၅)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

မိတ်ဆုံပွဲကျင်းပရေးအဖွဲ့

အသိပေးကြေညာခြင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉ကေ၊ ၉အယ်လ်၊ ၉အယ်လ် ၁)ရှိ (ယခင်စီအိုဒီဝင်း) Botataung Time Square အိမ်ရာစီမံကိန်းမြေနေရာနှင့် ပတ်သက်၍ အထောက်အထားတင်ပြ လျှောက်ထားလာသူများအား သင့်လျော်သော လျော်ကြေး/ခံစားခွင့်များပေးနိုင်ရေး စိစစ်ရေးအဖွဲ့မှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၃-၁၀-၂၀၁၄ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မသိရှိသေးသူများမှ ယခုအခါ ထပ်မံလျှောက်ထားလျက်ရှိရာ အဆိုပါမြေတိုင်းရပ်ကွက်အတွင်းရှိ မြေနေရာနှင့်ပတ်သက်၍ ထပ်မံလျှောက်ထားလိုပါက ၁၀-၁၂-၂၀၁၄ရက်နောက်ဆုံးထား၍ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၂၈/၂၃၄)ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနရှိ စိစစ်ရေးအဖွဲ့သို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက်လျှောက်ထားပါရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရေးယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စိစစ်ရေးအဖွဲ့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ လူနေရပ်ကွက်အမှတ် ရွှေလင်ပန်းစက်မှုဗြို့၊ မြေကွက်အမှတ် ၂၇၈/၁၃၊ ဧရိယာပေ(၂၉၁×၂၇၄)၊ ပါမစ်မြေအမျိုးအစား မြေပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဦးတရုတ်လမ်းနှင့် မင်းကြီးမဟာမင်းခေါင်လမ်းထောင့်၊ အမှတ်(၂၇၈/၁၃)ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေဈေးရင်းတွင် ဗိုလ်ချုပ်သိန်းနိုင် ၁၂/မဂဒ(နိုင်)၀၁၇၁၆၉ အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၄င်းထံမှ ၃-၁၁-၂၀၁၄ရက်စွဲပါ နှစ်ဦးသဘောတူ စက်မှုနုန်မြေ အရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဦးမင်ကောင်းဝင် ၁၃/လရန(နိုင်)၀၆၄၉၀၀ မှ ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းမြတ်ဧော **ဦးသန်းဦး**
အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅) **အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

လှိုင်မြို့နယ် မိသားစုကထိန်အလှူအတွက် သာဓုခေါ်ဆို

လှိုင်မြို့နယ် (၆)လမ်းနေ ဆိုက္ကားဂိတ်မိသားစု၊ ၁၆ရပ်ကွက်၊ ဦးအေးလမ်းမိသားစု၊ ၉လမ်း၊ ၁၀လမ်း မိသားစုများက ရွှေပြည်သာမြို့နယ်၊ ရပ်ကွက် ၂၀ မောင်တော ၃ မိုင် မိဘမဲ့ပရဟိတဘုန်းတော်ကြီး သင်ပညာရေးကျောင်း၌ ကထိန်သင်္ကန်းလျှာနှင့် အခြားအရန်ပစ္စည်းဝတ္ထုတို့ကို ၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် ၅-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆက်သပ်လှူဒါန်းခဲ့ကြပါသဖြင့် သာဓုခေါ်ဆိုနိုင်ပါသည်။

လှိုင်မြို့နယ် အလှူရှင်များမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄/၃၉၁၅ Nissan Vanetle SK 82 TN Van (4×2)R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးအီမရာန် ၁၂/ပဘတ(နိုင်)၀၁၂၃၃၅ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ဘက်ပိုင်း)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တ/ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ်(၈၂၀)နေ ကျွန်မ ဒေါ်သန်းသန်းစု ၁၂/ဥကတ(နိုင်)၁၂၄၄၁၃၏သား မောင်အောင်လင်းဦး ၁၂/ဥကတ(နိုင်)၁၃၇၀၀၀သည် မိဘခွင့်မလွှတ်နိုင်သောအပြုအမူကို ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်သန်းသန်းစု

ပြည်တွင်းသတင်းနှင့်ကြေငြာ

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် ကလေးမြို့

ဂျူနိုင်း

ကလေးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၀ တွင်တည်ရှိပြီး အရှေ့မှ အနောက်သို့ မိုင် ၆၀၊ တောင်မှ မြောက်သို့ ၈၈ မိုင်နှင့် ဧရိယာစတုရန်းမိုင် ၃၃၃၆ ဒသမ ၅၅၆ မိုင်ကျယ်နန်းသည့် နေချင်စဖွယ် ဒေသမြို့ကလေးတစ်ခု ဖြစ်သည်။

ကောဇာသက္ကရာဇ် ၃၂၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက် (တနင်္ဂနွေနေ့)တွင် ကျေးတောင်ညိုမင်းကြီးက စတင်တည်ထောင်ခဲ့ပြီး ရွှေတောင်မြို့၊ စည်းတုံမြို့၊ မန်လုံမြို့နှင့် ခမ်းပတ်မြို့တို့က ကာရံထားသောကြောင့် ကာလေးမြို့ဟု သမုတ်ခဲ့ရာမှ ယခုအချိန်တွင် ကလေးမြို့ဟုခေါ်ဆိုခဲ့သည်။

ကလေးမြို့သည် စတင်တည်ထောင်သူ ကျေးတောင်ညိုမင်းကြီးအပါအဝင် မင်းဆက်လေးဆက်ဖြင့် ဆက်လက်တည်ထောင်ထားကြပြီး မြို့အနီးတွင် သဘာဝကိုလွန်ဆန်လျက် တောင်မှမြောက်သို့ စီးဆင်းသည့် မြစ်သာမြစ်၊ ထူးဆန်းစွာ ကန့်လန့်ဖြတ်တည်ရှိသော တောင်ဖီလာတောင်နှင့် မြန်မာနိုင်ငံ၏ မြောက်ယာဉ်စွန်းတန်းသည် ၅၅ မိုင်ကျေးရွာအနီးတွင် ဖြတ်သန်းခြင်းတို့ကြောင့် ကလေးမြို့သည် အလွန်ထူးခြားသည့်မြို့ဖြစ်ကြောင်း ကလေးမြို့မှတ်တမ်းများ အရ သိရသည်။

ကလေးမြို့တွင် ရပ်ကွက်ကြီး ၁၉ ရပ်ကွက်၊ ကလေးမြို့နယ်တွင် ကျေးရွာအုပ်စု ၄၁ အုပ်စုတို့ဖြင့်ဖွဲ့စည်းထားကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ ခရိုင်လေးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကလေးမြို့နယ်တွင် လူဦးရေသုံးသိန်းကျော်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှု၊ အိမ်ခြေနှင့် လူဦးရေတိုးတက်မှု အလွန်မြန်ဆန်လှသော မြို့လည်းဖြစ်သည်။

ချင်းပြည်နယ်၊ အိန္ဒိယနယ်စပ် တမူးမြို့၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နှင့် ကလေးဝမြို့မှ မုံရွာ၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့အထိသွားလာရန်ရေကြောင်း၊ ကုန်းကြောင်းလမ်းများဆုံရာမြို့ဖြစ်သည့်အပြင် လေဆိပ်နှင့် ရထားဘူတာများလည်း အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖွင့်လှစ်နိုင်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့အပြင် ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များနှင့် အထက်တန်းကျောင်း ငါးကျောင်းခန့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျန်းမာရေးတွင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ၊ ခုတင် ၁၀၀ ဆံ့ တပ်မတော်ဆေးရုံများရှိသည့်အပြင် စီးပွားရေးတွင် နယ်စပ်ဒေသကုန်သွယ်မှုကောင်းမွန်ခြင်း၊ မြို့မစျေး၊ ပင်လုံစျေး၊ တာဟန်းစျေးများနှင့် စက်မှုဇုန်များလည်း ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ယခုအချိန်တွင် ကလေးမြို့သည် မြို့ကြီးအင်္ဂါရပ်နှင့်ပြည့်စုံလျက် လူမျိုးရှစ်မျိုးခန့်၊ ဘာသာငါးမျိုးခန့် အေးချမ်းစွာ နေထိုင်ကြပြီး စည်းလုံးညီညွတ်ခြင်း၊ တိုးတက်ခြင်းတို့ကို တစ်ပြိုင်နက်ရရှိခံစားသည့် နယ်စပ်မြို့ကလေး အဖြစ် ရပ်တည်နိုင်ပြီဖြစ်ပါကြောင်း။ ။

လက်တွန်းထွန်စက်ကျေးဇူးကြောင့် နှမ်းဖြူစိုက်ပျိုးမှု ပိုမိုအဆင်ပြေလာ

ယင်းမာပင် နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ညောင်ပင်ကြီးစုအုပ်စု ငါးမောင်း(ရုန)၊ ညောင်ပင်ကြီးစု(မရုန)၊ မန်ကျည်းပင်စု၊ ယင်းမာပင်စု စသည့် ကျေးရွာများမှ တောင်သူဦးကြီးများသည် တော်သလင်းလမှစတင်ကာ မိုးနှောင်းနှမ်းကြီးခေါ် နှမ်းဖြူများကို အစဉ်လာ မပျက်စိုက်ပျိုးလျက်ရှိရာ ယခင်နှစ်ထက် စိုက်ပျိုးသူများပြားပြီး လက်တွန်းထွန်စက်များ ပိုမိုအသုံးပြုလာသဖြင့် လုပ်ငန်းတွင်ကျယ်အောင်မြင်လျက်ရှိသည်။

"ရွာက ယင်းမာပင်နဲ့ ငါးမိုင်ကွာဝေးပါတယ်။ ကျွန်တော့်လေးဧကမှာ စျေးသက်သာအကျိုးများတဲ့ မိုးနှောင်းနှမ်းကြီး ခေါ် နှမ်းဖြူကို အဓိကထားစိုက်ပါတယ်။ တစ်ဧကကို တစ်ပြည်အထိ စိုက်ပျိုးပြီး ဆောင်းသီးနှံ နှမ်းဖြူကို ခွားနဲ့ထွန်ရင် တစ်နေ့တာနှစ်ရှည်ငှားရတော့ အရင်က တွက်ခြေမကိုက်ပါဘူး။ အခုတော့ လက်တွန်းထွန်စက်ကို အသုံးပြုလို့ တစ်ဧကကိုနှစ်ရာ မောင်းထွန်ရတယ်။ ကုန်ကျမှု ငွေကျပ်လေးထောင်ရှိပြီး ထွန်ရေးညက်တဲ့အထိတော့ နှစ်နာရီမောင်းရပါတယ်။ စက်ရှိတော့ အချိန်ကုန်ငွေကုန်သက်သာပါတယ်"ဟု ညောင်ပင်ကြီးစု(ရ)ကျေးရွာမှ တောင်သူ ဦးမြင့်စိန်က ပြောကြားသည်။

ယခုနှစ်အတွင်း နှမ်းစျေးနှုန်းများ မြင့်တက်လာခြင်းကြောင့် တောင်သူများ ဝမ်းသာလျက်ရှိပြီး ဆောင်းသီးနှံ နှမ်းများဖြစ်သော နှမ်းညိ၊ နှမ်းနက်၊ နှမ်းဖြူများတွင် နှမ်းဖြူကို အစိုက်များလာကြောင်း၊ တစ်တင်းလျှင် ငွေကျပ် ၆၇၀၀၀ ဖြစ်ကြောင်း၊ တစ်ဧကလျှင် ပျမ်းမျှ ရှစ်တင်းရရှိကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

မိုးစပါးအထူးစံပြကွက် မျိုးကွဲနုတ်ပယ်ခြင်း သရုပ်ပြ

နွားထိုးကြီး နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာအုပ်စု ခက်လန်းဆည်ရေသောက်ဧရိယာတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော မိုးစပါးမျိုးသန့်မျိုးပွား ၂၅ ဧက အထူးစံပြကွက်ကွင်းအမှတ်(၇၅၄)ရှိ တောင်သူ ဦးစိန်ပွ ၊ ဦးသန်းထွန်းနှင့် ဦးဖိုးပါတို့၏ စပါးခင်း၌ နိုဝင်ဘာ ၉ ရက်က မျိုးကွဲနုတ်ပယ်ခြင်း လက်တွေ့သရုပ်ပြသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်ထားနွယ်က မျိုးကွဲများကို နုတ်ပယ်ခြင်းဖြင့် မျိုးသန့်များကို ရရှိ၍ အသုံးပြုနိုင်ခြင်း၊ ဆန်အရည်အသွေးကောင်းမွန်လာခြင်းများ ရရှိနိုင်ကြောင်း ပြောကြားသည်။

မြင်းခြံခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်အေးအေး၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခွဲ့ခွဲ့အေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်ထားနွယ်နှင့် ဝန်ထမ်းများက မိုးစပါး မျိုးသန့်မျိုးစေ့ ထုတ်လုပ်နိုင်ရန်အတွက် မျိုးကွဲများကို ပယ်နုတ်ခြင်း၊ စပါးစိုက်ခင်းများအား ပိုးမွှားရောဂါကင်းရှင်းစေရန် ဆေးဖျန်းခြင်း လုပ်ငန်းများကို လက်တွေ့သရုပ်ပြသခဲ့ပြီး ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

စော်မင်းနိုင်(မြင်းခြံ)

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း လက်အောက်ရှိ ယခင်ဆပ်ပြာစက်ရုံများမှ ထုတ်လုပ်ခဲ့သော အောက်ပါကိုယ်တိုက်ဆပ်ပြာနှင့် အခြားဆပ်ပြာအမျိုးမျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပါ၍ ဆပ်ပြာစက်ရုံအလိုက်သော်လည်းကောင်း၊ ဆပ်ပြာများ ထားရှိရာ သိုလှောင်ရုံ/ကြားစခန်းအလိုက်သော်လည်းကောင်း၊ မိမိကြိုက်နှစ်သက်ရာ ဂိုဒေါင်တွင်ရှိသော ဆပ်ပြာသေတ္တာ(၅၀၀)အောက်ရှိပါက ပုတ်ပြတ်ယူရန်နှင့် ဆပ်ပြာအရေအတွက် (၅၀၀)ထက်များပါက ဆပ်ပြာသေတ္တာ (၅၀၀) အထက်သော်လည်းကောင်း တင်ဒါစာရင်းသွင်းနိုင်ပါသည်-

(က) မြန်မာကာဘောလိပ် (၄တုံးတွဲ) ၅၈۷၄၀ သေတ္တာ
(ခ) မြန်မာကာဘောလိပ် (၂တုံးတွဲ) ၅၁၀ သေတ္တာ
(ဂ) မွေးရိုးရိုး ၄၀၀၈ သေတ္တာ
(ဃ) မွေးပုံစံသစ်အမျိုးမျိုး ၂၂၆၀ သေတ္တာ
(c) Royal ဆပ်ပြာမွေး ၄၀ သေတ္တာ
(စ) သဇင်ဆပ်ပြာမွေး ၃၀၅ သေတ္တာ
(ဆ) သပြေညိုရိုးရိုးဆပ်ပြာ ၆၀၅၂ သေတ္တာ
(ဇ) ရွှေဝါရှယ်ဆပ်ပြာ ၂၅၅ သေတ္တာ
(ဈ) သပြေညိုအထူးဆပ်ပြာ ၂၅၁ သေတ္တာ
(ည) တမာဆေးဆပ်ပြာ ၄၂၇ သေတ္တာ

တင်ဒါစတင်ရောင်းချသည့်ရက် - ၁၇-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်ရက်နှင့်အချိန် - ၁၆-၁၂-၂၀၁၄ ရက် ၁၆း၀၀ နာရီ
ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံး အဖွဲ့၊ ရုံးခန်း၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိလိုပါက ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန ဖုန်း-၀၆۷-၄၀၈၁၄၉၊ ၀۷۷-۷၀၈၃۷၀၊ ၀۷۷-۷၀၈۷۷۷၊ ၀۷۷-۷၀၈۷၈၁ တို့သို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အလုံ ဓာတ်အားပေးစက်ရုံရှိ အမှတ်(၂) ဓာတ်ငွေ့တာဘိုင်စက်၏ Load Gear Box High Speed Shaft No.2 Bearing (1)Set အားမြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၁-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၈-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆۷-၄၁၀၂၈၂

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် ၇၊ မောသီရိတိုးချဲ့၊ ဦးပိုင်အမှတ် ၃၇၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၉ ဧက၊ မြေဂရန်အမှတ္တဝိုလိုင်စင်အမှတ် ၇၉၂-၅/၂၀၀၀-၂၀၀၁(စီ)၊ ဦးမောင်မောင်ဝင်း ၁၃/လရန(နိုင်)၀၈၆၅၁၅၏ လိုင်စင်ဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဦးမောင်မောင်ဝင်း
၁၃/လရန(နိုင်)၀၈၆၅၁၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် (၁၀)၊ ဧရိယာ ၂ဒသမ ၂၂၃ဧကကို အမည်ပေါက် ဦးနီ ၁၂/လသန(နိုင်)၀၁၇၃၃ထံမှ စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူခဲ့သူ ဒေါ်ခင်မာလွင် ၁၂/ဗတထ(နိုင်)၀၂၉၈၈ မှ ပိုင်ဆိုင်မှုအတွက် မြေချေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရှာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရှာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် (၉)၊ ဧရိယာ ၂ ဒသမ ၁၇ ဧကကို အမည်ပေါက် ဒေါ်အေးအေးသန်း ၁၂/လသန(နိုင်)၀၁၈၁၅ ထံမှစာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူခဲ့သူ ဒေါ်ခင်မာလွင် ၁၂/ဗတထ(နိုင်)၀၂၉၈၈ ပိုင်ဆိုင်မှုအတွက် မြေချေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရှာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
မြို့ရှာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နတ်သံကွင်းမြို့နေ ဦးကျော်ကျော်-ဒေါ်ခင်ဝေနိုင်၏သမီး(တူမ) မဇင်မျိုးအောင် ၇/ကကန(နိုင်)၀၅၀၈၁၇သည် မိမိသဘောဆန္ဒအရ ဆောင်ရွက်သွားပါ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သောကိစ္စဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဦးကျော်ကျော် ၇/လပတ(နိုင်)၀၀၂၈၆၉
ဒေါ်ခင်ဝေနိုင် ၇/ကကန(နိုင်)၀၁၁၅၀၈
နတ်သံကွင်းမြို့၊ ကျောက်ကြီးမြို့နယ်

တစ်ဦးတည်းဖြစ်ကြောင်း

မြိတ်မြို့၊ အထက(၄)၊ သတ္တမတန်း(B)မှ မောင်ဖုန်းမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးတင်လွယ်(ခ)ဦးတင်နွယ် တစ်ဦးတည်းဖြစ်ကြောင်း။
ဦးတင်လွယ်(ခ)ဦးတင်နွယ် ၆/မအရ(နိုင်)၀၅၄၀၅၅

လျှပ်တေးနှင့်စီးပွားရေးကြော်ငြာ

ကြေးပိုင္ရကတ်တော်လျှောက်ခါနီးကြစို့

အလားခန့်ကတောကြေးပိုင္ရတတ်တော်အလျှောက်များ -

/ ကြီးမောင်ဆောင်(အေကြီးကြီးရေးဆိုင်)သည် ကြီးကြီးရေးဆိုင်ကိုပိုင်ဆိုင်ခဲ့ပြီးနောက် ၁၆၂ ကျော်ခန့် ... ၁၆၂ ကျော် /
ကြီးကြီးမှုန်း+ဒေါ်ရီနေ့ဝင်ငွေတရားတော်ကျပ်ပေါင်းသောနေ့ ... ၁၆၂ ကျော် /
(ဒေါ်ခင်ကြင်) ပထမ ဝန်ကြီးချုပ် ဗဟိုကျန်းမာရေးဝန်ကြီးဌာန ... ၁၆၂ ကျော် /
ကြီးကြီး + ဒေါ်အေးကြည်ပိုင်သောနေ့ ဗဟိုကျန်းမာရေးဝန်ကြီးဌာန ... ၁၆၂ ကျော် /
ကြီးတင်ကျော် + ဒေါ်ကြွယ်ဝ ပထမ စက္ကူကြီးမြို့ + ချောင်းမက စမ်းနားဆေးရုံ ... ၁၆၂ ကျော် /
ဒေါ်မင်းသန်းကြည် (မင်းကြီး) ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ဌာနမှ ... ၁၆၂ ကျော် /
သမီးကြီး ဒေါ်ကြွယ်ကြီး ဦးဝေးဆရာဝန်ကပ်ပေါ်ကပ် + / အရေးကိုး ... ၁၆၂ ကျော် /
(ဒုဦးကျော်ကြီးမောင်သက်+ဒေါ်မချစ်ကြီးတို့ကုန်ကူးပြီးကုန်ကူးပြီးဆေးရုံ ... ၁၆၂ ကျော် /
ကြီးတင့်ကျော်ဆောင် + ဒေါ်ဝေကြီး ပိုးကုန ... ၁၆၂ ကျော် /
ဒေါ်ဝေသာကြီး(ကျောင်းဆရာ) ... ၁၆၂ ကျော် /
ကျယ်ကျယ်ကြီး + ဒေါ်ကြီးကြီး ... ၁၆၂ ကျော် /
ဒေါ်ဆေးသောကြီး ... ၁၆၂ ကျော် /
ဒေါ်ကြီးကြီး + ဒေါ်ကြီးကြီး ... ၁၆၂ ကျော် /
ဒေါ်ကြီးကြီး + ... ၁၆၂ ကျော် /
ကျယ်ကျယ်ကြီး + ... ၁၆၂ ကျော် /
ကြီးကြီးမှုန်း

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးနယ်တရားမရုံးတော်၌
၂၀၀၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၄ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၇

မန်နေဂျာ	နှင့်	၁။ ဒေါ်သန်းမြင့်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဦးသိန်း
ပဲခူးမြို့။		

တရားနိုင် **တရားရှုံးများ**

ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ ပုဏ္ဏားစု ၁၆ လမ်း၊ အမှတ် ၇၂၃နေ (၁) ဒေါ်သန်းမြင့်၊ (၂) ဦးသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၆၄ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၆ ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၅ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးနယ်တရားမရုံးတော်၌
၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၈ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၈

မန်နေဂျာ	နှင့်	၁။ ဒေါ်သီသီညွန့်.
မြန်မာ့စီးပွားရေးဘဏ်		၂။ ဦးသန်းလွင်
ပဲခူးမြို့		

တရားနိုင် **တရားရှုံးများ**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၇/၃)ရပ်ကွက်၊ ဈေးပတ်လမ်း၊ အမှတ် ၂၄စနေ (၁)ဒေါ်သီသီညွန့်၊ (၂)ဦးသန်းလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၈ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၆ ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၅ရက်) မွန်းမတည့်မီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးနယ်တရားမရုံးတော်၌
၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၂ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၉

မန်နေဂျာ	နှင့်	၁။ ဦးချစ်ရွှေ
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်စန်းကြည်
ပဲခူးမြို့။		

တရားနိုင် **တရားရှုံးများ**

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ကြည်တော်ကုန်း (ခ) (၃) လမ်း၊ အမှတ် ၃၀၄ နေ (၁) ဦးချစ်ရွှေ၊ (၂) ဒေါ်စန်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၈၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၅ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

(ကန့်ကွက်ခြင်းကြော်ငြာ)

ဥပဒေပုဒ်မ ၁(ခ)(ii) ပြဋ္ဌာန်းချက်အရ ကန့်ကွက်ခြင်းကြော်ငြာ

ဒေါ်မင်းခင်ဆော် LL.B	ဒေါ်ခိုခိုထွန်း LL.B
အသက်တန်းမရှေ့နေ(ရင်း- ၃၅၉၁)	အသက်တန်းမရှေ့နေ(ရင်း- ၂၃၇၀)

ကန့်ကွက်နိုင်ပါကြောင်း

(ကန့်ကွက်ခြင်းကြော်ငြာ)

ဥပဒေပုဒ်မ ၁(ခ)(ii) ပြဋ္ဌာန်းချက်အရ ကန့်ကွက်ခြင်းကြော်ငြာ

MOHAMED FAIRAULLA KHAN

ကန့်ကွက်နိုင်ပါကြောင်း

(ကန့်ကွက်ခြင်းကြော်ငြာ)

ဥပဒေပုဒ်မ ၁(ခ)(ii) ပြဋ္ဌာန်းချက်အရ ကန့်ကွက်ခြင်းကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရွှေးရွှေး (B.Com. AA)
ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး
CB BANK (PLC)
(မိတ္ထီလာမြို့ တပ်မတော်ကလေးများအထက်တန်းကျောင်းသူဟောင်း)
အသက် (၇၁)နှစ်

မိတ္ထီလာမြို့နေ (ဦးဘိုးလွင်-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးကြီး သရေစည်သူဘသန်း ဓမ္မိကဒေါ်အေး)တို့၏ သမီးချွေးမ၊ ဦးကြည်မောင်ဝင်း(မီးရထား)၏ဇနီး ဒေါ်ခင်ရွှေးရွှေး (ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး)သည် ၈-၁၁-၂၀၁၄ ရက် (စနေနေ့) ညနေ ၃း၁၅ နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
CB BANK (PLC)

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးနယ်တရားမရုံးတော်၌
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၄၆ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၈၀

မန်နေဂျာ	နှင့်	၁။ ဦးဝင်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်တင်ဝင်း
ပဲခူးမြို့		

တရားနိုင် **တရားရှုံးများ**

ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ အရှေ့မင်းလမ်းထိပ်၊ အမှတ် ၆၃၁နေ (၁) ဦးဝင်း၊ (၂) ဒေါ်တင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၄၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၇ ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၆ရက်) မွန်းမတည့်မီ အချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးနယ်တရားမရုံးတော်၌
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၃၉ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၂

မန်နေဂျာ	နှင့်	၁။ ဦးချစ်သန်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ကြည်ရွှေ
ပဲခူးမြို့။		

တရားနိုင် **တရားရှုံးများ**

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဥဿာသီရိ ၂ လမ်း၊ အမှတ် ၁၃၄၇နေ (၁) ဦးချစ်သန်း၊ (၂) ဒေါ်ကြည်ရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၃၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၇ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၆ရက်) မွန်းမတည့်မီ အချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပဲခူးမြို့နယ်တရားရုံး

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရွှေးရွှေး (B.Com. AA)
ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး
CB BANK (PLC)
(မိတ္ထီလာမြို့ တပ်မတော်ကလေးများအထက်တန်းကျောင်းသူဟောင်း)
အသက် (၇၁)နှစ်

မိတ္ထီလာမြို့နေ (ဦးဘိုးလွင်-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးကြီး သရေစည်သူဘသန်း ဓမ္မိကဒေါ်အေး)တို့၏ သမီးချွေးမ၊ ဦးကြည်မောင်ဝင်း(မီးရထား)၏ဇနီး ဒေါ်ခင်ရွှေးရွှေး (ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး)သည် ၈-၁၁-၂၀၁၄ ရက် (စနေနေ့) ညနေ ၃း၁၅ နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ
CB BANK (PLC)

(၁၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးစောထွေးရွှေ (ဦးမိုး) OTS-60
ဒုညွှန်မှူး၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့

တစ်ရက် တစ်လ တစ်နှစ်နဲ့ လျှောက်လှမ်းခဲ့တာ အိမ်ပြန်ချိန်ရောက်လာခဲ့ပြီ။ မနက်ဖြန်ရက်တွေကို အထီးကျန်စွာနဲ့ ဘယ်အချိန်အထိ ဖြတ်သန်းရမလဲဆိုတာ မသိနိုင်ပေမယ့် ဘဝသခင်အတွက် ရည်စူးကုသိုလ်တွေ လုပ်ရင်း အောက်မေ့သတိရနေဦးမှာပါ။ **ချစ်ဇနီး- စန်းယုတင် (မော်ဝန်းမြေ)**

အထူးဝမ်းနည်းကြေကွဲခြင်း

Mrs. Sarah C David (Teacher David/ Aunty Sarah) [illegible] Sister [illegible] (Dennis) [illegible] St.Gabriel's Church [illegible] (MICF) UN [illegible] MDRI-CESD [illegible] St. Anthony's Boys High School [illegible] Sacred Heart High School [illegible]

[illegible]

ကျေးဇူးတင်ရှိခြင်း

ဦးမောင်မောင်
ဒုတိယညွှန်ကြားရေးမှူး (မှုခင်းဌာန)၊ နေပြည်တော်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
အသက် (၅၉)နှစ်

၂-၁၁-၂၀၁၄ ရက် (တနင်္ဂနေ့) နံနက် ၅း၀၀နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ ဆေးရုံကြီး၌ ကွယ်လွန်သွားသော ဒုတိယညွှန်ကြားရေးမှူးဦးမောင်မောင်၏ နာရေးကိစ္စအဝဝကို အစမှအဆုံးတိုင် ကူညီဆောင်ရွက် လိုက်ပါပို့ဆောင်ပေးကြသော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ ဇနီးဒေါ်သန်းသန်းဝင်းနှင့် မိသားစုများ၊ သတင်းနှင့်နည်းပညာဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်နှင့်ဝန်ထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွဋ်ဝင်းနှင့် ဝန်ထမ်းများ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ သတင်းစာမှမဝမ်းနည်းကြေကွဲကြောင်း ပေးပို့သူများ၊ ဖုန်းဖြင့်သတင်းမေးသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ကျွန်ရစ်သူမိသားစု

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဦးမြိုင်သန့်
အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန
မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင်
အသက်(၈၃)နှစ်

ဆရာကြီး ဦးမြိုင်သန့်သည် ၇-၁၁-၂၀၁၄ရက် နံနက် ၀၀း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး
ပါမောက္ခ ဒေါက်တာဒေါခင်ဆွေမြင့် မိသားစု၊ ယဉ်ကျေးမှုဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမောင်ဒီ
ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်
ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန
အသက်(၈၂)နှစ်

ရန်ကုန်တက္ကသိုလ်၊ ပါမောက္ခချုပ်(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေ)နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါခင်စန်းရီနှင့်
ပညာရေးဝန်ကြီးဌာနမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမောင်ဒီ
ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်
ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန
အသက်(၈၂)နှစ်

ဗိုလ်မှူးကောင်းထက်(ရေ၊ ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဖခင် ဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ
ကျောင်းဆင်းဖက်သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးစန်းဝင်း (ငြိမ်း)
ကြည်း-၁၆၇၁၅၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၃)
ဒုတိယအထွေထွေမန်နေဂျာ၊ စက်ရုံများဌာန၊
မြန်မာစီးပွားရေးကော်ပိုရေးရှင်း
အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကင်းမြို့နယ်၊ပါရမီ၊ မဇ္ဈိုလမ်းသွယ်(၂)၊အမှတ် ၅၉ (အေ-၁)နေ ဒေါသန့်သန့်စင်အောင်၏ခင်ပွန်း ဗိုလ်မှူးစန်းဝင်း(ငြိမ်း) အသက်(၅၆)နှစ် ဒုတိယအထွေထွေမန်နေဂျာ၊ စက်ရုံများဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းသည် ၁၁-၁၁-၂၀၁၄ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့်အရာထမ်း၊အမှုထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးစန်းဝင်း (ငြိမ်း)
ကြည်း-၁၆၇၁၅၊ D.S.A အမှတ်စဉ်(၂၃)
ဒုတိယအထွေထွေမန်နေဂျာ၊ စက်ရုံများဌာန
မြန်မာစီးပွားရေးကော်ပိုရေးရှင်း
အသက်(၅၆)နှစ်

ဗိုလ်မှူးစန်းဝင်း(ငြိမ်း) ဒုတိယအထွေထွေမန်နေဂျာသည် ၁၁-၁၁-၂၀၁၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ
စက်ရုံများဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း

ဝမ်းနည်းကြေကွဲခြင်း
ဦးသန့်ဇင်-၂ (မန္တလေး)
လက်ထောက်ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့
အသက်(၅၅)နှစ်

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်သည် ၅-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်မင်းညိ၊ ဥက္ကဋ္ဌ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှု
ကော်မတီနှင့် အဖွဲ့ဝင်များ

ဒေါတင်သန့်(ခ)မချေ
(တောင်ကုတ်)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ အဓိပတိလမ်း၊ အမှတ် ၅၂၀နေ ဦးသိန်းလွင် [အင်ဂျင်နီယာမှူးကြီး၊ စီမံကိန်းမန်နေဂျာ(မိတ္ထီလာ)၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း)၊ မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း]၏ဇနီး၊ ဦးတင်ရိုန်-ဒေါခင်သိန်း၊ ဦးဌေးအောင်-ဒေါခင်သန်းစိန်တို့၏သျှမ်း၊ ဦးရဲမြင့်၊ ဒေါခင်အေးနွယ်၊ ဦးမြင့်ဌေး၊ ဦးခင်စိုးတို့၏အစ်မ၊ မောင်ဌေးဝင်း၊ မတင်တင်ဝင်း၊ မောင်ဇော်မျိုးအောင်၊ မခင်သဇင်အောင်တို့၏အခေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၀-၁၁-၂၀၁၄ရက် (တနင်္လာနေ့)သည်နေ ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ဒါယကာကြီး
ဦးကျော်စိုးဝင်း (ဇလွန်)
ညွှန်ကြားရေးမှူး(ငြိမ်း)
ဗဟိုပြည်တွင်းကုန်တင်ကုန်ချ
ကော်မတီရုံး၊
အလုပ်သမားဝန်ကြီးဌာန
အသက်(၆၉)နှစ်

ဇလွန်မြို့နေ(ဦးလှမောင်-ဒေါငွေရ)တို့၏သား၊ ကျောက်ဖြူမြို့နေ(ဦးကျော်မြ-ဒေါချစ်မိုးဦး)တို့၏ သားသမက်၊ အမှတ် ၁၄၇၂၊ မင်းရဲကျော်စွာလမ်း၊(၄၂)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါတင်တင်မေ (သ/မဉ်စီးဌာန၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဖြိုးဝေစိုး(ခေတ္တ-စင်ကာပူ)-မသူဇာဝင်း၊မောင်စိုးမင်းထိုက်(Service Engineer,Sea Lion Co.,Ltd.)၊ မယ္ယာမွန်(Senior Engineer, NEPS Co.,Ltd.)တို့၏ဖခင်သည် ၁၀-၁၁-၂၀၁၄ရက် (တနင်္လာနေ့)သည်နေ ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
ဒေါဝိစာရီ (မုဒုံ)
မဟာစည်သက်ကြီးဆောင်-အဆောင်မှူးဟောင်း
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အုပ်စု(၃)၊ ခေမာသီလမ်း၊ အမှတ် ၂၇နေ (ဦးစံခင်-ဒေါလွမ်)တို့၏သမီး၊ (ဦးစံရွှေလေး-ဒေါလေးတင်)တို့၏ညီမ၊ (ဦးလှမြင့်-ဒေါတင်)၊ (ဦးမောင်စိန်)-ဒေါတင်မေတို့၏အစ်မ၊ ဦးသန်းဦး(မန်နေဂျာ၊ ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါမြင့်မြင့်သန်း(ညွှန်မှူး၊ငြိမ်း၊စာရင်းစစ်ချုပ်ရုံး)၊ ဦးခင်မောင်စိုး(လုပ်ငန်းအုပ်၊ ငြိမ်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါမြင့်မြင့်နွယ်၊ ပါမောက္ခ ဒေါက်တာဦးစိုးအောင်(ကင်ဆာအထူးကု၊ငြိမ်း)-ဒေါငွေသိဏ်း၊ ဒေါက်တာဦးမြင့်မောင်သိန်း (ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း)-ဒေါဝင်းချိုလှ၊ ကယ္ပတိန် ဦးကျော်ဌေး Gewin Japan(ယခင် ရူပဗေဒသရုပ်ပြဆရာ၊ ၀/သ ရန်ကုန်)၊ ဦးဌေးဝင်း(C/E မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါခင်ချိုမြင့်၊ဦးကျော်ဝင်း(စာရင်းစစ်၊ ငြိမ်း)-ဒေါခင်ခင်ကြည်(လယ်/ပြ၊ ငြိမ်း)၊ ဦးသန့်ဇင်(လ/ထ ညွှန်မှူး၊ နယ်စပ်စည်ပင်၊ ကော့ကရိတ်)-ဒေါစန္ဒာအောင်၊ ဦးသိန်းမြင့်(လ/ထ အင်/ယာ ကည၊ မြစ်ကြီးနား)-ဒေါမို့မို့စန်းတို့၏အဒေါ်၊ မြေး ၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားလေးသည် ၈-၁၁-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်ဟများအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၄ရက် (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူညီမ ဒေါတင်မေနှင့် တူ၊ တူမ၊ မြေးမြစ်တစ်စု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဝိဇ္ဇာမဟိဒ္ဓိမဟာထေရ်ရသုပိနောသဝ
အိမ်မက်ယအထက်ဆေးတော်ကြီးဂိုဏ်း
ဆရာကြီးဦးရိန်း [M.D (M.A)] အသက်(၈၉)နှစ်
ဝိဇ္ဇာဝရနယ(ဆေးပညာထူးချွန်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဥာဏ်တောရပ်နေ(ဦးရန်-ဒေါသောင်းတင်)တို့၏သား၊ (ဦးဝိန်)၏အစ်ကို၊ မန္တလေးမြို့၊ ချမ်းမြသာစည်တောင်ရပ်ကွက်နေ (ဆရာမကြီးဒေါတင်တင်)၏ခင်ပွန်း၊ သား/သမီး သုံးယောက်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်၊ တီ တစ်ယောက်တို့၏ အဘိုးသည် ၁၁-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂုဏ်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အမှတ်၆၅၂၊ ရွာလယ်လမ်း၊ (ဆ/ခ)ရပ်ကွက်၊ သင်္ဃန်းကျွန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ တပည့်သားသမီးအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစုနှင့် တပည့်သားသမီးများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒေါခင်ရီ (တောင်ကြီး)
အသက်(၈၅)နှစ်

(ဦးခင်မောင်ဌေး-ဒေါတင်ဦး)တို့၏သမီး၊ ဦးစိုးမြင့်(မြို့နယ်ထွေ/အုပ်ဦးစီးမှူး၊ ငြိမ်း)၏ဇနီး၊ ဒု-မှူးကြီးစိုးမြင့်(ငြိမ်း) [ညွှန်မှူး(ငြိမ်း)၊ ကုန်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာန]-ဒေါခင်ဆင်သိန်း၊ ဦးမောင်မောင်အေး(အလက်ဘဝတ်ရည်)-ဒေါစန်းစန်းမြင့်၊ (ဦးတင်မောင်ဝင်း-ဒေါတင်မြင့်ရီ)၊ ဦးအောင်နိုင်-(ဒေါအယ်နီမြင့်)၊ ဦးတင်ရွှေ(ဘိုနီ)-ဒေါဆွေဆွေမြင့်၊ ဦးမြင့်ဌေး-(ဒေါနန်းကိန်)၊ ဦးမြင့်အေး-ဒေါတင်လှအေးတို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၇ယောက်တို့၏အဘွားသည် ၁၀-၁၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၅း၂၀နာရီတွင် အမှတ် ၆၆၊ ဇေယျာသီရိလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်ဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါသန်းမြင့် (ဝိုးကောင်းမြို့)
အသက်(၆၉)နှစ်

ဝိုးကောင်းမြို့နေ (ဦးဘရှင်-ဒေါ၌)တို့၏သမီး၊ (ဦးမြင့်သန်း)-ဒေါမို့မို့အောင်၊ (ဦးဝင်းမြင့်)-ဒေါသက်သက်အောင်၊ ဦးနိုင်လင်း-ဒေါသီရိအောင်၊ ဒေါလေးလေးမြင့်အောင်၊ ဦးနေမျိုးအောင်-ဒေါဂျာအောင်၊ ဦးကျော်သီဇိုး-ဒေါခိုင်အေးချမ်းအောင်တို့၏ မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၄း၁၀နာရီတွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာခရီးစဉ်အတွင်း ကွယ်လွန်သွားပါ၍ ၁၀-၁၁-၂၀၁၄ ရက် (တနင်္လာနေ့) ည ၇း၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အာဆီယံအထင်ကရ ဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ချီးမြှင့်

နိုင်ငံတော်တည်ဆောက်ရေးတွင် အထောက်အကူပြုစေမည့် ခွန်အားတစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ အမြင့်ဆုံးဖြစ်သည့် အာဆီယံအထင်ကရ ဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဥာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ထူးဆောင်နာယကဘွဲ့တံဆိပ်ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းခိုင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းခိုင်က ဂုဏ်ထူးဆောင်နာယကဘွဲ့တံဆိပ်ကိုလည်းကောင်း၊ အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ မစ္စတာ ဒါတိုအီလင်ချောင်ဟောက်ခ်က ဂုဏ်ထူးဆောင်လက်မှတ်ကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကျေးဇူးတင်စကားပြောကြားရာတွင် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ စွမ်းအင်၊ သယံဇာတပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွင် ပြုပြင်ပြောင်းလဲဆောင်ရွက်နေသည်များကို အသိအမှတ်ပြုခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတော်အစိုးရအဖွဲ့သစ် စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒများ၊ လမ်းညွှန်ချက်များကို ချမှတ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

နိုင်ငံရေးနှင့်လူမှုစီးပွားဖွံ့ဖြိုးရေးသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ တစ်ချိန်တည်း၌ပင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ပြုလုပ်ရပါကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိ ကျေးလက်နေပြည်သူများမှာ ဆင်းရဲနွမ်းပါးမှု

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ မစ္စတာ ဒါတိုအီလင်ချောင်ဟောက်ခ်က ဂုဏ်ထူးဆောင်လက်မှတ်ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအထောက်အကူပြုမည့် အမျိုးသားအားကစားပွဲတော်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် နိုဝင်ဘာ ၁၁

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်း ပြိုင်ပွဲကို ပုံမှန်ကျင်းပနေကျ နှစ်ကုန်ပိုင်းတွင် ကျင်းပမည်မဟုတ်ဘဲ ၂၀၁၅ ခုနှစ် ဇွန်လအတွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းအတွက်ကြောင့် မြန်မာအားကစားအဖွဲ့များမှာ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် လပိုင်းသာ လေ့ကျင့်မှုရပ်နားကာ ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲကို အထောက်အကူပြု

အမျိုးသားအားကစားပွဲတော်တွင် ပါဝင်မည့် အားကစားနည်း ပြိုင်ပွဲဝင်နေစဉ်။

နိုင်မည့် အမျိုးသားအားကစားပွဲတော်ကြီးကို ဇန်နဝါရီလအတွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသား အားကစားပွဲတော်ကို နှစ်ပေါင်းများစွာ ကျင်းပနိုင်ခြင်းမရှိခဲ့ရာမှ ယခုပြန်လည်ကျင်းပခြင်းဖြစ်ပြီး စတုတ္ထအကြိမ်မြောက် ကျင်းပသည့် အားကစားပွဲတော်လည်း ဖြစ်လာမည်ဖြစ်သည်။ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဇန်နဝါရီ ၁ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ အားကစားရုံ၊ အားကစားကွင်းများတွင် ကျင်းပသွားမည်ဖြစ်သည်။ ယခုပွဲတော်ကို တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြုအသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အားကစားနည်းအလိုက် ရွေးချယ်လေ့ကျင့်ပေးနေသည့် ပဏာမလက်ရွေးစင် ကစားသမားများကို ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း ၂၆ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အားကစားနည်း အများစုပါဝင်လာသည်။ ပါဝင်မည့် အားကစားနည်းများမှာ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်၊ စနူကာ၊ ကာယကြံခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊

စာမျက်နှာ ၆ ကော်လံ ၅ ✺

လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိနေ

နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့ မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ကပွလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဆက်လက် တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (မိုး/ဇလ)

နိုင်ငံတကာ

ပါကစ္စတန်စစ်သွေးကြွများ ISIL အုပ်စုနှင့် ဆက်သွယ်မှုပြုလုပ်နေ

စာမျက်နှာ ❖ ၄

ပြည်တွင်း

သတင်းရယူကြမည့် ပြည်တွင်းပြည်ပ မီဒီယာများနှင့် ခဏတာ

စာမျက်နှာ ❖ ၅

ပြည်တွင်း

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု စာမေးပွဲခုံအမှတ်စာရင်း ထုတ်လွှင့်မည်

စာမျက်နှာ ❖ ၁၃

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ရောင်စုံကြော်ငြာ အချပ်ပို လေးမျက်နှာနှင့် အဖြူ အမည်းလေးမျက်နှာ ပါရှိပါသည်။

R/488 မြန်မာ့အလင်းသတင်းစာတိုက်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန၀ ထုတ်ဝေသည်။
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၅၂ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၅ ဖက်စ် ၀၆၇-၃၆၁၄၆၆ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ နိုင်လမ်း(၂)လုပ်ငန်းရုံ၊ ရန်ကုန်ဖြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၁ စာတည်းအမှတ် ၀၁-၅၄၄၁၇၊ ဖုန်းနံပြိုနယ် ရန်ကုန်ဖြို့၊ ဖြစ်ရန်ဖိုးနား ၀၁-၅၄၄၁၆ ဇနီးမယားပင်း ၀၁-၅၄၄၁၆ ကြည်ကြာ ၀၁-၅၄၄၁၆ ပန်းဆိုးတန်း ၀၁-၅၄၄၁၆ ရေနံချောင်း ၀၁-၅၄၄၁၆ ကမ္ဘာ့ဈေး ၀၁-၅၄၄၁၆ ရန်ကုန်ပြည်ထောင်စု ၀၁-၅၄၄၁၆ ကိုယ်ပိုင်ရုံ

25th ASEAN SUMMIT
Moving forward in Unity to a Peaceful and Prosperous Community
2014, November 12, Wednesday

ဓာတ်ပုံ - ဝင်းဝင်းလွင် (မြန်မာ့အသံ)

ညီနိုင်းငရဲ့ပျားမြန်မာရဲ့ ဂုဏ်ယူအလွမ်း

တရုတ်နိုင်ငံ အပါအဝင် အရှေ့အာရှဒေသများရဲ့ ဝီးပွားရေး ဝန်အင်အား တရိပ်ရိပ်တိုးတက်လာမှု၊ သဘာဝသယံဇာတများ ပေါကြွယ်ဝမှုဟာ အမေရိကန်နိုင်ငံအနေဖြင့် အာဆီယံအပွဲ့ကြီး၏ ဆွေးနွေးပဲကိုနိုင်ငံ တစ်နိုင်ငံအဖြစ်သို့လည်းကောင်း၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးအပွဲ့ဝင် နိုင်ငံတစ်နိုင်ငံ အဖြစ်သို့လည်းကောင်း ဝင်ရောက်လာဝန်ကြီးတဲ့ အကြောင်းအချက် တစ်ခုပဲဖြစ်

စုထက်

အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

မနက်ခင်းနေခြည်နွေးလေးနဲ့ အေးမြတဲ့လေနုအေးကိုရှူရှိုက်ရင်း အစောကလေးကမှ အဆုံးသတ်လိုက်နိုင်တဲ့ မကြာမီကျင်းပမယ့် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအနေနဲ့ထုတ်ပြန်သွားမယ့် ဒုတိယအကြိမ် အာဆီယံ-အမေရိကန်ဆွေးနွေးဖက်ဆက်ဆံရေး ဥက္ကဋ္ဌကြေညာချက်အကြောင်းစိတ်ကူးထဲတွေးတောရင်း ပြုံးလိုက်မိတယ်။ ဂုဏ်ယူအပြုံးလေးပေါ့။ ယခုကျင်းပမယ့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအနေနဲ့ ထုတ်ပြန်ချက်၊ ကြေညာချက်ပေါင်း (၄၁)ခုကို ထုတ်ပြန်သွားမှာပါ။ ယခုလိုအာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း မှတ်တမ်းတင်စေမယ့် ဥက္ကဋ္ဌကြေညာချက်တွေကို ထုတ်ပြန်နိုင်ဖို့ ပြင်ဆင်ရတာလည်း ကျွန်မတို့အတွက် အားထုတ်လုပ်ဆောင်ရတဲ့ ကိစ္စတစ်ခုပါ။ အာဆီယံ (၁၀) နိုင်ငံအကြားသဘောတူညီမှုရစေဖို့ ညှိနှိုင်းရတာလည်း လွယ်ကူတဲ့အလုပ်တစ်ခုတော့ မဟုတ်ပါဘူး။ အထူးသဖြင့် အာဆီယံ-အမေရိကန်ညှိနှိုင်းရေးမျူးဖြစ်တဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်တဲ့ အမေရိကန်နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သဘောတူညီမှုရအောင် ညှိနှိုင်းပေးရတာဟာလည်း သိမ်မွေ့တဲ့လုပ်ဆောင်မှုတစ်ခုပါပဲ။

မြန်မာနိုင်ငံဟာ အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေစဉ်မှာပဲ အာဆီယံ-အမေရိကန် ညှိနှိုင်းရေးမျူးအဖြစ် ဆောင်ရွက်ခဲ့တာပါ။ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံအပြင် ဆွေးနွေးဖက်နိုင်ငံများလည်း ရှိပါတယ်။ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံက ယင်းဆွေးနွေးဖက်နိုင်ငံများရဲ့ ညှိနှိုင်းရေးမျူးတာဝန်ကိုလည်း အလှည့်ကျ (၃)နှစ်စီ တာဝန်ယူရတာပါ။ မြန်မာနိုင်ငံက အာဆီယံ-အမေရိကန်ညှိနှိုင်းရေးမျူးတာဝန်ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကနေစတင်ထမ်းဆောင်ခဲ့တာ ၂၀၁၅ ခုနှစ် ဇူလိုင်လဆိုရင် တာဝန်ပြီးဆုံးမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်မှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ကို ဘရူနိုင်းနိုင်ငံထံမှ လွှဲပြောင်းယူခဲ့တာ အခုဆိုရင် လာမယ့်နိုဝင်ဘာလထဲမှာ မလေးရှားနိုင်ငံကို အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ပဲခုံးပြောင်းလွှဲအပ်တော့မှာပါ။ ကျွန်မတို့အာဆီယံရေးရာဦးစီးဌာန အပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာန တစ်ခုလုံး

စာမျက်နှာ ၂ သို့

အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြေတင်ပြင်ဆင်ထားမှုကို ခုံညားထည်ဝါစွာတွေ့ရစဉ်။

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် ကြေတင်ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

ရှေ့ဖုံးမှ

ဒီအာဆီယံဥက္ကဋ္ဌတာဝန် အောင်မြင်စွာပြီးမြောက်အောင်မြင်ဖို့အတွက် ပင်ပန်းခဲကြတယ်။ ပွဲပန်ခဲကြတယ်ဆိုရင် ပြင်းနိုင်မယ်ဆထင်ပေါ့ဘူး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပဲလားဆိုတော့ မဟုတ်ပါဘူး။ အာဆီယံမဏ္ဍိုင် (၃) ရပ်အောက်မှာရှိတဲ့ အသီးသီးတာဝန်ယူထားတဲ့ ဝန်ကြီးဌာနများ အားလုံးပင်ပန်းခဲကြတာပါ။ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရဲ့ ပူပေါင်းညှိနှိုင်းဆောင်ရွက်မှု၊ အာဆီယံ ဥက္ကဋ္ဌတာဝန်ကြီးအောင်မြင်စွာ ပြီးဆုံးရမယ်ဆိုတဲ့ တူညီတဲ့စိတ်ထားတွေနဲ့ တစ်တပ်တစ်အားဆောင်ရွက်မှုတွေကြောင့် ပြည်ပနိုင်ငံများရဲ့ အသိအမှတ်ပြု၊ ဂုဏ်ယူ၊ ချီးကျူးမြောဆိုမှုတွေကို ထိုက်ထိုက်တန်တန် ရခဲ့ကြတာပါ။

ဒီနေရာမှာ အလျည်းသင့်လို့ အာဆီယံနဲ့ အမေရိကန်နိုင်ငံရဲ့ ဆွေးနွေးဖက် ဆက်ဆံရေးနဲ့ အာဆီယံ-အမေရိကန်ဆွေးနွေးဖက်ဆက်ဆံရေးဖြစ်ပေါ် တိုးတက်မှုများနဲ့ မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံ ဆက်ဆံရေးတို့နဲ့စပ်လျဉ်း ပြီးအနည်းငယ်ပြောကြားလိုပါတယ်။ စစ်အေး ခေတ်ကာလမှာ အမေရိကန်ရဲ့ အာရှစိုက်ခဲ့တဲ့နယ်မြေဟာ ဥရောပတိုက်ဖြစ်ခဲ့သော်လည်း စစ်အေးခေတ်အလွန် ၂၀ ရာစုမှာ အမေရိကန်တို့ အာရှစိုက်နယ်မြေဟာ အရှေ့အာရှဒေသဖြစ်လာခဲ့ပါတယ်။ ဝရှတ်နိုင်ငံအပါအဝင် အရှေ့အာရှဒေသများရဲ့ စီးပွားရေးခရီးအတက်အကျတရပ်ရပ်ပိုးတက်လာမှု၊ သဘာဝသယံဇာတများ ပေါကြွယ်ဝမှုဟာ အမေရိကန်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီး၏ ဆွေးနွေးဖက်နိုင်ငံ တစ်နိုင်ငံအဖြစ်သို့လည်းကောင်း၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ အဖြစ်သို့လည်းကောင်း ဝင်ရောက်လာစေနိုင်တဲ့ အကြောင်းအချက်တစ်ခုပဲဖြစ်ပါတယ်။

အာဆီယံ-အမေရိကန်နှစ်နိုင်ငံဆွေးနွေးဖက်ဆက်ဆံရေးကို ၁၉۷၇ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများက နှစ်စဉ်ဖြည်းဖြည်းမှန်မှန် တိုးလာလျက်ရှိပါတယ်။ နိုင်ငံရေးနဲ့ လုံခြုံရေးရာကိစ္စများ သာမက ကုန်စည်စီးဆင်းမှု၊ ဧရားကွက်နှင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဖလှယ်ရေး၊ စွမ်းအင်အရင်းအမြစ်များတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ကိစ္စရပ်များတွင်လည်း ဦးစားပေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဖလှယ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံနှင့် အမေရိကန်နိုင်ငံတို့ဟာ ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလများမှာ ပိုမိုအာရုံစိုက်ဆောင်ရွက်လာတာ တွေ့ရပါတယ်။

၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင်ဟန်မွန်ပြည့် ကျင်းပခဲ့သော (၅) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးမှာ ရှရှားနှင့် အမေရိကန်နိုင်ငံတို့ကို အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှစ၍ အမေရိကန်အနေဖြင့် အရှေ့အာရှဒေသများ၏ လူပဒေသများတွင် တရားဝင် ပါဝင်ဆောင်ရွက်လာတာတွေ့ရပါတယ်။ အမေရိကန်နိုင်ငံဟာ အာဆီယံ၏ အစည်းအဝေးများဖြစ်တဲ့အာဆီယံ ဒေသဆိုင်ရာ ဖိုရမ်၊ အာဆီယံကာကွယ်ရေး ဝန်ကြီးများအဆင့်အစည်းအဝေး(အပေါင်း)နဲ့ ဝန်ကြီး အဆင့်အစည်းအဝေးတိုင်ဝီ အကြည်ညိုနိုင်ငံ အစည်းအဝေးများတွင်လည်း ပါဝင်ဆွေးနွေး လျက်ရှိပါတယ်။

နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုခိုင်မာ စေရန်အတွက် အာဆီယံ-အမေရိကန်မိတ်ဖက် ဆက်ဆံရေးတိုးမြှင့်ရေး ပူးတွဲကြေညာချက်ကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါတယ်။ ယင်းကြေညာချက်ကို အကောင်အထည်ဖော်မည့် ရှေ့လုပ်ငန်းစဉ်ကို အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့က ၂၀၀۶ ခုနှစ် ဧပြီလ ၂၇ ရက်နေ့မှာ ကွာလာလမ्पမြို့၌ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဆိုပါ လုပ်ငန်းစဉ်အောက်မှာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအများအကြားကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ၂၀၁၀ခုနှစ် ဧပြီလ ၂၂ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ဝန်ကြီးများအဆင့် အစည်းအဝေးတိုင်ဝီအကြို ညီနှိုင်း အစည်းအဝေးများ၊၁ ညီလာခံများတွင် မကြာမီသက်တမ်းကုန်တော့မယ့် ရှေ့လုပ်ငန်း စဉ်အား ၂၀၁၀-၂၀၁၅ အာဆီယံ-အမေရိကန် မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ရေး ရှေ့လုပ်ငန်း စဉ်ကို အစားထိုးချမှတ်ခဲ့ကြပါတယ်။ အစည်း အဝေးမှာ နှစ်ဖက်ခေါင်းဆောင်များက ၂၀၁၁ ခုနှစ် နိုဝင်ဘာလ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပ ခဲ့သည့် တတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ခေါင်းဆောင်များအစည်းအဝေးမှာ အဆင့်အစည်းအဝေးတိုင်ဝီ အကြည်ညိုနိုင်ငံ အစည်းအဝေးများတွင်လည်း ပါဝင်ဆွေးနွေး လျက်ရှိပါတယ်။

ဒုတိယ-အမေရိကန်ခေါင်းဆောင်ကတော့ ဝန်ကြီး အကြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ရှေ့လုပ်ငန်းစဉ်ကို ကျင်းပခဲ့ပါတယ်။ အာဆီယံ-အမေရိကန် ဆွေးနွေးဖက်ဆက်ဆံရေး ဆွေးနွေးပွဲများဟာ နိုင်ငံရေးနှင့်လုံခြုံရေး ကိစ္စရပ်များဖြစ်တဲ့ အကြားဖက်မူတိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော် မှုခင်းများ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝ အန္တရာယ်များ ကြိုတင်ကာကွယ် ရေးအစ ရှိတဲ့ ကိစ္စရပ်များအပေါ်တွင် အမြင်ချင်းဖလှယ် ဆွေးနွေးမှုကို အလေးထားပြီး ဆွေးနွေး ရှိပါတယ်။ ဒုတိယနေ့ ရောက္ခလေးယားမပြန်မီကွေး ဒေသတွင်းလုံခြုံရေးနှင့် ကိုရီးယားကျွန်းဆွယ် အရေးများအပေါ်တွင် ဦးစားပေးဆွေးနွေးလေ့ ရှိပါတယ်။ ညီနှိုင်းရေးမှု မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်း ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်း နိုင်စေဖို့ ညီနှိုင်းမှုများပြုလုပ်နိုင်ခဲ့ပါတယ်။

အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန်ကုန်သည်ကြီးများ ကိုယ်စားလှယ်များ ဆွေးနွေးပွဲများနှင့် စီးပွားရေးဆိုင်ရာအဆင့် မြင့်အရာရှိကြီးများနှင့် အမေရိကန်ကုန်သည် ကြီးများ ကိုယ်စားလှယ်များ ဆွေးနွေးပွဲများ ကို ကျင်းပ၍ အာဆီယံနှင့် အမေရိကန် တို့အကြား စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင် နိုင်ရန်အတွက် စဉ်ဆက်မပြတ် အမြင်ချင်း ဖလှယ်ဆွေးနွေးမှုများရှိခဲ့ပါတယ်။

၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်သမ္မတက စီးပွားရေးလုပ်ငန်းဆိုင်ရာ အာဆီယံ၏ ဦးဆောင်ဦးရွက်ပြုမူအစီအစဉ်ကို အဆိုပြုခဲ့ပါတယ်။ အဆိုပါ အစီအစဉ်မှ တစ်ဆင့် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုတိုးမြှင့်ရေးနှင့် စီးပွားရေးပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံနှင့် ဒေသတွင်း နိုင်ငံများအကြား လွတ်လပ်စွာ ကုန်သွယ်၊ ရင်းနှီးမြှုပ်နှံနိုင်ရန်လည်း တွန်း အားတစ်ခုအဖြစ် ရပ်တည်ရန် ရည်ရွယ်ပါတယ်။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သော (၄)ကြိမ်မြောက် အာဆီယံ-အမေရိကန် ခေါင်းဆောင်များအစည်းအဝေး တွင် ASEAN-US Expanded Economic Engagement (E3) အား စတင်ခဲ့ခြင်းကို ကြိုဆိုခဲ့ကြပါတယ်။ ယင်းမှာ အာဆီယံနှင့် အမေရိကန်နိုင်ငံအကြားကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံရေးမူအား တိုးချဲ့မည့်စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မူဘောင်အသစ်တစ်ခုဖြစ်ပါတယ်။ ထိုမူဘောင်က အာဆီယံ (၁၀)နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် အလုပ်အကိုင်အခွင့် အလမ်းအသစ်များကို ဖန်တီးဖော်ဆောင်သွား နိုင်မှာဖြစ်ပါတယ်။

အာဆီယံနှင့် အမေရိကန် နိုင်ငံအကြား ကုန်သွယ်မှုကို ကြည့်မယ်ဆိုရင် ၂၀၁၃ ခုနှစ် သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၂၀၇ ဘီလီယံ ရှိခဲ့ပြီး အမေရိကန်နိုင်ငံဟာ အာဆီယံ၏ စတုတ္ထအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံ-အမေရိကန် ညှိနှိုင်းရေးမှုများဖြစ် တာဝန်ယူစဉ် ကာလအတွင်း ၂၀၁၄ ခုနှစ် ဩဂုတ်လမှာ ဒုတိယအကြိမ် အာဆီယံ-အမေရိကန် စီးပွား ရေးဆိုင်ရာ ဝန်ကြီးများအဆင့်ထိပ်သီး အစည်း အဝေးကို မြန်မာနိုင်ငံ ရေပြည်တော်မှာ အောင် မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။

အမေရိကန်နိုင်ငံမှ အာဆီယံအဖွဲ့ဝင် နိုင်ငံများသို့ လွှမ်မိအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးကို အားပေးသည့်အနေဖြင့် ပညာ သင်ဆုများလည်း ပေးအပ်လျက်ရှိပါတယ်။ အမေရိကန် သမ္မတအိုဘားမား ဦးဆောင်၍ Young Southeast Asia Leadership Initiative (YSEALI) အစီအစဉ်ကို စတင် လျက်ရှိပါတယ်။ အာဆီယံ(၁၀)နိုင်ငံမှ လူငယ် များဟာ အမေရိကန်နှင့် ဆက်သွယ်နိုင်သည် သာမက ၄၄ဦး(၅) (၁၀)နိုင်ငံမှ လူငယ်များ အချင်းချင်းလည်း ချိတ်ဆက်နိုင်တဲ့ အခွင့် အလမ်းများရှိပြီး ယင်းအစီအစဉ်တွင် (၁၀) နိုင်ငံမှ လူငယ် ၂၀၀ ကျော်ပါဝင်ပြီး မကြာ သေးမီကပင် YSEALI အစီအစဉ်တွင် မြန်မာ လူငယ်များလည်းပါဝင်နိုင်ခဲ့ပါတယ်။ ဒုါအပြင် Fulbright ပညာသင်ဆုအစီအစဉ်ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့တဲ့ (၇၅)ကြိမ်မြောက် ASEAN-US မိတ်ဖက် ဆက်ဆံရေးနှစ်ပတ်လည် အခမ်းအနားမှာ စတင်မိတ်ဆက်ခဲ့ပါတယ်။

အမေရိကန်နိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ ဆက်ဆံ ရေးကိုမြန်မြောင်းကြည့်မယ်ဆိုရင် ယခင်က သိပ်ပြီး နွေးထွေးတဲ့အနေအထားမျိုးမှာ မရှိခဲ့ပါ ဘူး။ အမေရိကန်နိုင်ငံဟာ ၁۹၄၇ ခုနှစ် စက် တင်ဘာလ ၁၉ ရက်တွင် မြန်မာနိုင်ငံနှင့် သံတမန် အဆက်အသွယ်စတင်ထူထောင်ခဲ့တာဖြစ် ပြီး မြန်မာနိုင်ငံနဲ့ အစောဆုံးသံတမန် ဆက်သွယ် နိုင်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံပဲဖြစ်ပါတယ်။၁۹၄၇ ခုနှစ် မှာပဲ အမေရိကန်ပြည်ထောင်စု ဝါရင်တန်ဒီစီ ၌ မြန်မာသံရုံးကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ အမေရိကန်သံရုံးကိုလည်းကောင်း ဖွင့်လှစ်ခဲ့ပြီး သံတမန်ဆက်ဆံရေးကို မြှင့်တင်ခဲ့ ပါတယ်။ သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး နောက် နှစ်နိုင်ငံဆက်ဆံရေးမှာ ကောင်းမွန်ခဲ့ သော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ အကြောင်းအမျိုးမျိုးကြောင့် နှစ်နိုင်ငံဆက်ဆံရေး အေးစက်ခဲ့တဲ့ အနေအထား ရှိခဲ့ပါတယ်။

၂၀၀၉ ခုနှစ်တွင် အမေရိကန်သမ္တတ အိုဘားမားအစိုးရက မြန်မာနိုင်ငံနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံမှု မူဝါဒကို စတင်ကျင့်သုံးခဲ့ ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟီလာရီ ကလင်တန် ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး နှစ်နိုင်ငံဆက် ဆံရေး လမ်းဖော်ဆောင်ပေးခဲ့ပါတယ်။ ယင်း နောက် ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်း နှစ်နိုင်ငံ အကြား သံအမတ်ကြီးများ မြန်လည်ခန့်အပ်ကာ ဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့ပါတယ်။

ယခုဆိုရင်တော့ မြန်မာနိုင်ငံရဲ့ တိုးတက် ဖြစ်ပေါ်မှုတွေအပေါ်မှာ အမေရိကန်ဘက်မှ သိသိသာသာအသိအမှတ်ပြုလာတာမျိုးတွေ တွေ့မြင်နေရပါပြီ။ ဒါဟာလည်း မြန်မာနိုင်ငံရဲ့ ပြည်တွင်း ပြောင်းလဲရေးရဲ့ အောင်မြင်မှုတွေပဲဖြစ် ပါတယ်။ အမေရိကန်သမ္မတအိုဘားမား မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ အလုပ်သဘောခရီးစဉ်လာရောက်ခဲ့ပါတယ်။ အပြန်အလှန် အလုပ်သဘောခရီးစဉ်အဖြစ် ပြည်ထောင်စုသမ္တတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္တတဦးသိန်းစိန်က ၂၀၁၂ ခုနှစ် မေလအတွင်း မှာ အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ပါတယ်။ အာဆီယံ-အမေရိကန်ပြည်ထောင်စု ဆက်ဆံ ရေးမှာ မြန်မာနိုင်ငံက နိုင်ငံညီနှိုင်းရေးမှုများ အဖြစ်တာဝန်ထမ်းဆောင်မှုဟာ မြန်မာနိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုအကြားမှာ ဦးဆိုနီးကပ် တဲ့ဆက်ဆံရေးကိုလည်းဖြစ်စေခဲ့ပါတယ်။ အမေ ရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာန အနေနဲ့ မြန်မာနိုင်ငံအာဆီယံ မဏ္ဍိုင်ကြီး (၃)ရပ်က အဆင့်မြင့်ကိုယ်စားလှယ်များကို ပါရင်တစ်ကိုဖိတ်ကြားပြီး သက်ဆိုင်ရာများနဲ့ ထိတွေ့စေသလို အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက အဆင့်မြင့်အရာရှိကြီးများနဲ့ ပုဂ္ဂိုလ်ရေးရင်းနှီးမှုပိုမိုနီးကပ်တဲ့ ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပါတယ်။ဝန်ကြီးအဆင့်မှာလည်း မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးနဲ့ အမေ ရိကန်နိုင်ငံခြားရေးဝန်ကြီးများဟာ နှစ်စဉ် ကျင်းပခဲ့ကြပါတယ်။ ယင်းနည်းတူ ကမ္ဘာ့အလယ်မှာ ကျင်းပခဲ့တဲ့ အလွတ်သဘောအညီးအငေးများ မှာ ပူးတွဲသဘာဝတိုအဖြစ် ဆောင်ရွက်ရင်း ပိုမိုထိတွေ့မှုများကို ဖြစ်ပေါ်စေခဲ့ပါတယ်။ အာဆီယံမှတစ်ဆင့် ဆောင်ရွက်မှုမျှားကို နှစ်နိုင်ငံချင်းဆက်ဆံရေးကိုပါ အထောက်အကူ ပြုခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ညှိနှိုင်းရေးမူစုတာဝန် ထမ်းဆောင်မှုမှာ မှတ်မှတ်ရရဆောင်ရွက်မှု တစ်ခုကိုပြောပါဆိုရင် အာဆီယံ-အမေရိကန် ပြည်ထောင်စု ထိပ်သီးအစည်းအဝေးကို ကျင်းပ ဦးဆောင်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ အာဆီယံ-အမေရိကန် ပြည်ထောင်စု ထင်ပေါ်ကျော်ကြားသူများ အဖွဲ့ကို ဦးဆောင်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ အာဆီယံ-အမေရိကန် ပြည်ထောင်စု ထင်ပေါ်ကျော်ကြားသူများရဲ့ ဒုတိယအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ အာဆီယံအလည်ကျင်းတဲ့အဖြစ် တာဝန်ယူမှု ပြီးဆုံးတော့မှာပါ။ အလားတူပဲအာဆီယံ-အမေရိကန်ဆွေးနွေးဖက်ဆက်ဆံရေးညှိနှိုင်း ရေးမူစုတာဝန်ကလည်း များမကြာမီပြီးဆုံးသွား တော့မှာပါ။ ဒါပေမယ့်လည်း အမေရိကန် ပြည်ထောင်စုနဲ့အာဆီယံမှ တစ်ဆင့် ဆက်ဆံ ရေး၊ နှစ်နိုင်ငံချင်းဆက်ဆံရေးများကတော့ ပိုမိုမှုဇင်သန်ခိုင်မာစွာ ကျန်ရစ်လျက်ရှိမှာ ဖြစ်ပါ တယ်။ မြန်မာနိုင်ငံဟာ ခက်ခက်ခဲခဲနဲ့ အာဆီယံ အလည်ကျင်ကဏ္ဍတာဝန်ကို ရယူခဲ့ရတာဖြစ် ပါတယ်။ အာဆီယံအလည်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခွင့်ရရှိခဲ့တာ မြန်မာနိုင်ငံသားအားလုံး အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပဲဖြစ်ပါ တယ်။ မကြာမီကျင်းပတော့မယ့် (၂၅)ကြိမ် မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက် စပ်အစည်းအဝေးများကိုလည်း ကျွန်မတို့ အားလုံးရဲ့ စုပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် အောင်မြင်မှုသရဖူပန်းတွေနဲ့ ပြီးဆုံးအောင်မြင် မယ်လို့ ယုံကြည်ပါတယ်။ ကမ္ဘာ့အလယ်မှာ မြန်မာဆိုတာကို ဖော်ဆောင်နိုင်ဖို့ နိုင်ငံတော် အကြီးအကဲများအပါအဝင် ကျွန်မတို့အားလုံး ပါဝင်ခဲ့ကြပါတယ်။ ဒါမေမယ့် ပင်ပန်းမှုတွေနဲ့အတူ ဂုဏ်ယူဝီတိုဖြစ်ရပါတယ်။ ကျွန်မဘနေနဲ့တော့ တကယ့်ကိုညှိနှိုင်းရေးမူစုတာဝန်ကို ဂုဏ်ယူမှုနဲ့ အတူ တသသလွမ်းနေတော့မှာပါ။ အာဆီယံ အလည်ကျင်ကဏ္ဍတာဝန်ကို ယခုမှ ပထမဆုံး အကြိမ်တာဝန်ယူရတာမို့ လိုအပ်ချက်အနည်း ငယ် ရှိကောင်းရှိမည်ဖြစ်သော်လည်း နောင်အခါ များ အာဆီယံဥက္ကဋ္ဌအဖြစ် အလည်ကျလာ မယ်ဆိုရင်တော့ ယခုထက်ပိုမိုတဲ့ စွမ်းရည်တွေ၊ လုပ်ဆောင်မှုတွေနဲ့ မြန်မာ့ဂုဏ်ရောင်ကို ကမ္ဘာ့အလယ်မှာ ဝင့်ဆောင်နိုင်မှာ မလွဲကေန်လို့ ယုံကြည်မိပါတော့တယ်။

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ကြမည့်ဧည့်သည်တော်များ တည်းခိုနေထိုင်ရေး ဝန်ဆောင်မှုပေးမည့် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်လုံးကို တွေ့ရစဉ်။

ကျော်ထုံးမှ

သက်ကိုဝင်း
သန့်ရှင်းရေးနယ်ထမ်း MICC - 1

ကျွန်တော်က တောင်တွင်းကြီးမြို့သစ်ကပါ။ ဒီမှာ လုပ်နေတာ တစ်နေ့စ်ကျော်ရှိပါပြီ။ သန့်ရှင်း ရေး တာဝန်ယူထားပါတယ်။ ကြမ်းပြင်တွေမှာ ရေတွေ၊ အညစ်အကြေးတွေမရှိအောင် သေချာ ဂရုစိုက် လုပ်ပေးရပါတယ်။ အစည်းအဝေး အကြောင်းတော့ သိပ်မသိပါဘူး။ အာဆီယံ ပွဲကြီးမှာ ဒီကရော နိုင်ငံခြားကပါ ဧည့်သည် တွေ အများကြီးလာမှာလို့ သိထားတော့ ဒီလို နေရာမျိုးမှာ ကျွန်တော်ပါဝင်ခွင့်ရတာ ဟုပါ တယ်။ ဒီလိုမျိုးတွေ မြင်ဖူးဖို့မလွယ်တော့ အခု လို အလုပ်လုပ်ရင်း သိမြင်ခွင့်ရတာ အုံ့ဩ ဝမ်းသာနေမိပါတယ်။

ဆုမြတ်ထွေး (သန့်ရှင်းရေးနယ်ထမ်း ၊ MICC-1)

ကျွန်မတို့က သန့်ရှင်းရေးအတွက် Level-1 မှာ တာဝန်ယူရပါတယ်၊ Level -1 မှာ သန့်ရှင်း ရေးတာဝန်ခြောက်ယောက်ရှိပါတယ်၊ ကျွန်မက လျှောက်လမ်းသန့်ရှင်းရေးတာဝန်ကျပါတယ်။ နားလိုက်လုပ်လိုက် အေးအေးဆေးဆေးနဲ့ ကိုယ့် တာဝန်တွေ ကျေးဖွန်အောင်လုပ်ပါတယ်၊ မပင် ပန်းပါဘူး။ မနက် ၇ နာရီခွဲလောက်ကနေ ညနေ ၅ နာရီအထိ သန့်ရှင်းရေးလုပ်ပေးပါတယ်။ အစည်းအဝေးမရှိရင်တော့ မနက် ၈ နာရီ လောက်က ညနေ ၅ နာရီလောက်ထိပေါ့။ အစည်းအဝေးပွဲရက်တွေမှာ ကျွန်မတို့အတွက် စားဖွယ်သောက်ဖွယ်လည်း စီစဉ်ပေးပါတယ်။

ခေါ်ခင်မမ (ဆယရ-၄၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း)

ကျွန်မတို့ မြန်မာ့ဆက်သွယ်ရေးက Local နဲ့ Foreiner တွေအတွက် Sim Card တွေ၊ ဌေဒယ်ကတ်တွေကို လာပြီးရောင်းနေတာ ပါ။ Sim Card တွေကို Foreigner နဲ့ Local ရော ရေးအတူတူ ၁၅၀၀ နဲ့ ရောင်းချပေးပါ တယ်။ ဌေဒယ်ကတ်လည်း ရောင်းချပေးပါ တယ်။ ပြီးတော့ အာဆီယံတံဆိပ်ခေါင်းတွေ လည်း ရောင်းပေးပါတယ်။ ၆၀၀၀ တန် ၅၅၀၀ တန်နဲ့ ၂၅၀ တန်ဆိုပြီး ရှိပါတယ်။ တံဆိပ် ခေါင်းစုဆောင်းသူတွေအတွက်ပါ။ ပြီးတော့ ဖက်စ်လည်း ရှိပါတယ်။ Local တွေ ဖက်စ်စာ မျက်နှာကို ကျပ်တစ်ရာနဲ့ ဝယ်ဆောင်မှုပေါ် တယ်။ Foreigner တွေအတွက်ကတော့ Yellow Pages မှာရှိတဲ့ နိုင်ငံခြား range အတိုင်း သတ်မှတ်ပါတယ်။

မစန်းချိုအေး (မြတ်တော်ဝင်ဟိုတယ်)

